www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၀၃၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၁၀၂၀၇

ပုံနှိပ်ခြင်း
ပထမအကြိမ် - မတ်လ၊ ၂၀၀၇ခုနှစ်၊
အုပ်ရေ - (၅၀၀)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
စော်မင်းဝေ

တန်ဖိုး
၉၀၀ ကျပ်

BURMESE CLASSIC

လမ်းသွားရင်း မလွှမ်းရ

အပိုင်း(၁)

" ချစ်သူပန်မယ်ဆို

ကိုယ့်ရင်ခုန်သံဟာ

နှင်းဆီတစ်ငုံပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com

## (က)

အောက်အီးအီးအွတ်!

တိုက်ကြက်ဖကြီးတစ်ကောင်၏ ကျွတ်ကျွတ်လွတ်လွတ်တွန်သံသည် ကျွန်တော်၏ရင်ခုန်သံနှင့် ချွတ်စွပ်တူသည်ဟု ကျွန်တော်ထင်၏။ ရင်ခုန်သံတွေ တူနိုင့်တပိုး ထမ်းပိုးထားသော ကျွန်တော်သည် အချစ်ဆိုသော တစ်စုံတစ်ရာအား ငတ်မွတ်ဆာလောင်စွာဖြင့် လိုက်လံရှာဖွေနေမိသည်။

အချစ်သည် တကယ်တမ်းရှာသောအခါ ပျောက်ဆုံးခြင်းအား ချောကလက်ဖျော်ရည်တစ်ခွက်အဖြစ် အရသာခံ၍ မြိန်ရှည်ရှက်ရည် သောက်သုံးနေပါသလား။ ဒါမှမဟုတ် အချစ်သည် ပွဲလက်ပြက်ွက်ထဲတွင် အမှန်တရားအဖြစ် လက်တစ်လုံးခြား ကိုယ်ယောင်ဖျောက်နေပါသလား။



ကျွန်တော်သည် ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက်ပမာ လတ်ဆတ်နုပျိုသောအချစ်ကို လိုချင်မိသည်။ ညက အလွန်အကျွံ မူးယစ်ရီဝေခဲ့၍ နာကျင်ကိုက်ခဲစွာ အရက်နာကျနေသော အရက်သမားတစ်ယောက်လို အချစ်အား အရက်တစ်ခွက်အဖြစ် မော့သောက် ပစ်ချင်မိသည်။သွားစမ်း. . . အချစ်ဆိုတာက ကျွန်တော့်အား ဥပေက္ခာပြုထားပါသလား။

သေချာတာပေါ့။ ကျွန်တော်သည် ရည်းစားထားချင်လွန်း၍ မကြာခဏ မျက်ရိုးကိုက်တတ်နေသည်။ နှာချေတတ်နေသည်။ လက်ဖက်ရည်ဆိုင် သွားထိုင်တတ်နေသည်။ အတန်းလစ်တတ်သည်။ လူမမြင်သောနေရာ၌ ခေါင်းဖြီးတတ်သည်။ စီးကရက်ဖွာရင်း သူများအတွဲတွေ အားကျနေတတ်သည်။ ဒိုင်ယာရီစာမျက်နှာပေါ်ဝယ် အလွန်အင်မတန် အချစ်နှင့်ပတ်သက်သော အချစ်အက္ခရာလေးတွေ ရေးဖွဲ့ချင်နေသည်။

ကျောင်းသို့ စောစောစီးစီး ရောက်အောင်သွားသည်။ အထူးသဖြင့် တစ်နေ့ ၄ရနှစ်ခါချိုးမြိုး တစ်ကိုယ်လုံး ရေမွှေးတွေ ရွှဲနစ်အောင် ဆွတ်ထားတတ်သည်။ အခီပွာယ်မဲ့စွာ ပြုံးစိစိကြီး နေတတ်လာသည်မှာလည်း အချစ်ကြောင့်ဖြစ်သည်။

"အချစ်ဆိုတာ. . . အိပ်မက်တွေဝါးမျိုရင်းက ဆာလောင်စွာတမ်းတမိတဲ့ ဆင်ဖိုနီပန်းသီးတစ်လုံးလား"

ကြဲကြဲဖန်ဖန်ဆုံလာတဲ့ ကောင်မလေးအားကျွန်တော် ပျော်

www.burmeseclassic.com

သလောက် စိုက်ကြည့်နေမိသည်။ အို. . . ကျွန်တော့်နှလုံးသားကြီးတာ တိုက်ကြွက်ဖကြီးလို ထတွန်နေပါလား။ ကျွန်တော့်အူတွေ အသည်းတွေ ယားကျိယားကျိ ဖြစ်လာသည်။ ဟုတ်ပြီ။ ဒီကောင်မလေးဟာ ကျွန်တော့်ရည်းစားဖြစ်ရမည်ဟု စိတ်ထဲမှာ နှလုံးသားမှတ်ပုံတင်လိုက်သည်။ နင်ဟာ ငါ့ရည်းစားဖြစ်လာမယ့် ငါ့ရဲ့ရည်းစားလောင်းလျာလေးပါ ကောင်မလေးရယ်။

အမှန်တကယ် ကျွန်တော့်အား အချစ်ဘယ်ကစ,ဟု မေးခဲ့ပါက ငရုတ်သီးကစဟု ကြည်နူးမြူးတူးစွာ ပြန်ဖြေပါမည်။ ငရုတ်သီးသည် ကျွန်တော့်အချစ်နှင့် ရင်းနှီးကျွမ်းဝင်လွန်းသည်။ ကျွန်တော့်ဒိုင်ယာရီထဲတွင် ပထမဆုံး အက္ခရာ၊ နာမ်၊ ဝါကျ နှလုံးသား၏ဘာသာစကား၊ အချစ်၏သင်္ကေတ၊ ရင်ခုန်သံရစ်သမ်၊ အိပ်မက်ခြေရာ။

ကျွန်တော် လိုက်လံရှာဖွေနေသော အချစ်နှင့် တွေ့မယ့်တွေ့တော့လည်း ကျည်ဆန်ရထားကြီး စီးနေရသလိုပါပဲ။ ထိုအခါ အချစ်သည် ကုန်ဈေးနှုန်းဂယက်ပမာ ကျွန်တော့်ပင်လယ်ပြင်တွင် သမားနဲ့ကျ ကကြိုးဆင်နေရှာ၏။ ထိုညက ဒိုင်ယာရီစာမျက်နှာတွင် အောက်ပါဝါကျတို့အား ကောက်ကာငင်ကာ ရေးဖြစ်ခဲ့ပါ၏။

၁။ ငရုတ်သီးက မြစ်ဖျားခံတဲ့အချစ်ဟာ ငရုတ်သီးလို စပ်ပူစပ်လောင်နဲ့ ငါ့မျက်လုံးတွေ ကြောင်စေနိုင်တယ်။

၂။ ကမ္ဘာပေါ်မှာ မတော်တဆဖြစ်ရပ်တွေနဲ့ ချုံကြားက



ဘုံဖျားရောက်ကုန်ကြတာတွေ အများကြီးဆိုပဲ။

ငါနဲ့မင်းကြားမှာလည်း အဲဒီမတော်တဆဆိုတဲ့ အထူးအဆန်းကောင်ကြီး ရှိလာပြီ မိန်းကလေးရေ. . .။ အဲဒီမတော်တဆကောင်ကြီးဟာ ငါ့ကိုမူးယစ်ရီဝေစေတယ်။ ပြောစမ်းပါဦး မိန်းကလေးရယ်။ ငါဟာ အချစ်မူးနေတဲ့ကောင်ပါ။ အခု ငါ အချစ်မူးမူးနေတော့ ဘာလုပ်ရမလဲ။ အချစ်တွေထွက်လာတတ်တဲ့ နှလုံးသားမြို့တော်ကြီးရဲ့ တံခါးတွေကို သော့တုတွေနဲ့ လိုက်ဖွင့်ရမလား။ အချစ်တွေ သိုဝှက်ဖွဲ့စည်းထားတဲ့ နှလုံးသား သွားတိုက်ဆေးဘူးကြီးကို အောက်ခြေကနေ တအားဖိညှစ်ပစ်ရမလား။ အချစ်တွေ သယ်ဆောင်ပျော်ဝင်လာတဲ့ နှလုံးသား အနောက်တောင် မုတ်သုံလေထုကြီးထဲကို မိုးပျံပူဖောင်းတစ်လုံးအဖြစ်နဲ့ ခုန်တက်ပျံသန်းလိုက်ရမလား။ ကဲ. . . ပြော။

အချစ်သည် ကျည်ဆန်ရထားကြီး တစ်စီးပမာ ကျွန်တော့်ရင်ထဲ ခုတ်မောင်းဝင်ရောက်လာခဲ့သည်မှာ တစ်ပတ်ပြည့်ခဲ့ပြီ။ သူမတို့ စောစောကမှ ရေနွေးနဲ့ပက်မိလိုက်သလိုပဲ အားနာမှုတွေ လတ်ဆတ်နေသေးသည်။ ကျွန်တော့်ဘက်က ငြိမ်းချမ်းရေးအပြုံးတွေ ဖောဖောသီသီ အသုံးပြုနေသော်လည်း သူမဘက်က အစေးနဲ့နေ၏။ သူမ ကျွန်တော့်ကို ပြုံးမပြပါ။ မမျှော်လင့်ဘဲ အကြည့်ချင်းဆုံလျှင် သူမက ဦးစွာ အကြည့်လွှဲပစ်တတ်သည်။ ခပ်ပြင်းပြင်း မုတ်တောင် အနည်းငယ်ပူလောင်သော မျက်စောင်းတွေ ထိုးတတ်တဲ့သူမကို တစ်

www.burmeseclassic.com



နေ့တခြား ကျွန်တော် သဘောကျလာမိသည်။

အဲဒီနေ့က မိုးမရွာပါ။ တခြားအထူးအဆန်း အဖြစ်အပျက်တွေလည်း ကျောင်းလေဟာနယ်ထဲ ပျံ့ဝဲမနေပါ။ ကျွန်တော်တို့ အဖွဲ့ကတော့ အတန်းလစ်၍ ကင်တင်းမှာ ကိုယ့်အတောင်ကိုယ်ဖြတ်ကာ ရုပ်နားနေကြသည်။ သီချင်းလိုက်ဆိုသည်။ ကောင်မလေးတွေ လိုက်ငေးသည်။ ကိုထွန်းထွန်းနိုင်က လက်ဖက်သုပ်မှာသည်။ လွင်ကိုဦးက စီးကရက်မီးခိုးတွေနဲ့ အလုပ်ရှုပ်နေသည်။ ကျွန်တော်ကတော့ စိတ်ကူးတွေသယ်ဆောင်ရာအရပ်မှာ မိုးတိုးမတ်တတ်။ အချစ်ဆိုတဲ့အရာဟာ ကျွန်တော့်ဆီ ဘယ်လိုရောက်လာမလဲ။ ဝတ္ထုဇာတ်လမ်းဆန်ဆန် ကော်ရစ်တာအကွေ့မှာ ကျွန်တော်နှင့် ကောင်မလေးလှလှတစ်ယောက် (ကျွန်တော့်ရည်းစားဖြစ်မယ့် ကောင်မလေးပေါ့။)

အမှတ်မဲ့ ဝင်တိုက်မိ။

ကောင်မလေးရဲ့ လက်ထဲကစာအုပ်တွေ လွတ်ကျလွင့်စဉ်ပြန့်ကျဲ။

ကျွန်တော် ကောင်မလေးကိုတောင်းပန်ရင်း စာအုပ်တွေကောက်ပေး။

ပြီးတော့ ကောင်မလေးနဲ့ကျွန်တော် အကြည့်ချင်းဆုံ။

အပြုံး ချင်းဆုံ . . .။

ပြီးတော့ ရင်ခုန်ပေါ့ . . .။

ဟင့်အင်း . . . အဲဒီလိုပုံစံဟောင်းကြီးထဲ ကျွန်တော်ရင်မခုန်ချင်ပါ။ အချစ်နဲ့ လမ်းဟောင်းကြီးမှာ မဆုံတွေ့ချင်။ အချစ်က ဘာလဲ။ အချစ်က ဘယ်မှာလဲ။ ကျွန်တော် ဘယ်လို လိုက်ရှာရမှာလဲ။ လိပ်စာမသိတဲ့ အချစ်ရှိရာအရပ်ဆီ ကျွန်တော် ဘယ်လိုကားစီးပြီး သွားရမလဲ။ ဘယ်မှတ်တိုင်မှာ ဆင်းရမလဲ။



"ဟေ့ကောင် အတွေးချောင်ထဲက ထွက်ခဲ့စမ်းပါကွာ၊ အေးစက်တဲ့ လက်ဖက်ရည်ခွက်ထဲခုန်ချပြီး လဲသေလိုက်ပါတော့လား"

ကိုထွန်းထွန်းနိုင် စကားတွေကြောင့် ကျွန်တော့်စိတ်ကူးတွေ အလန့်တကြား လွင့်ပြယ်သွားရသည်။ ကျွန်တော် ဘာပြောရမလဲ။ အချစ်နဲ့ ဝေးရာကလူတွေနဲ့ စကားပြောရမှာ သိပ်စိတ်မပါဘူး။

ဒါပေမယ့် လက်ဖက်သုပ်ပန်းကန်ထဲရှိ မြားနတ်မောင်က ကျွန်တော့်ရင်ဝတည့်တည့်ကို အချစ်မြားတစ်စင်း ပစ်လွှတ်လိုက်မယ်ဆိုတာလည်း မသိခဲ့။

ကျွန်တော် လက်ဖက်သုပ်တစ်ဇွန်း ကောက်ဝါးလိုက်တယ်။ သွားရော . . .။ ကိုထွန်းထွန်းနိုင်ဆင်တဲ့ ထောင်ချောက်ထဲ ကျွန်တော် တိုးဝင်မိခဲ့ပြီလေ။

ကျွန်တော် အချစ်ကိုစတင်တွေ့ရှိချိန်ဟာ ကျွန်တော် ငရုတ်သီးအတောင့်လိုက် ဝါးမိချိန်ပါပဲ။

သေချာတာပေါ့။ ကျွန်တော် ငရုတ်သီးဒဏ် မခံနိုင်တော့လို့ နီးရာရေနွေးခွက် ကောက်မော့လိုက်တယ်။ သွားပြန်ရော။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းအားကြီးသည်။ ခလုတ်နှိပ်လိုက်ရာ မီးပွင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းထိန်သွားသည်ထက် မြန်ဆန်သည်။ ခုအချိန်မှာ မြားနတ်မောင်သည် မသိချင်ဟန်ဆောင်နေပြီ။

"ရှင်. . . ရှင်"

မမျှော်လင့်သော အရာတွေသည် မမျှော်လင့်ဘဲ ဖြစ်ခဲ့သည်မှာ အံ့ဩဖွယ်တော့ မဟုတ်။ ကျွန်တော် ပူလောင်လွန်းတဲ့ ရေနွေးခွက်ကို အမှတ်မဲ့ သွန်လိုက်မိတာပါ။ ကျွန်တော် သွန်လိုက်သော ရေနွေးပူပူတွေဟာ ကောင်မလေးရဲ့ ခြေသလုံးလှလှလေးဆီ ခရီးဆိုက်သွားခဲ့ပြီ။

ကျွန်တော် ကောင်မလေးရှိရာ စားပွဲနားရောက်တော့ ကောင်မလေးက မျက်စောင်းစိုစိုတွေနဲ့ ပစ်ပေါက်နေပြီ။ ခွင့်လွှတ်ပါ မိန်းကလေးရယ်။ ကောင်မလေး ငိုနေပြီပဲ။ ကျွန်တော့်နှုတ်ခမ်းမှာ စကားလုံးတွေ ရှုန်းကြွနေသည်။

ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲ။ အမှတ်တမဲ့. . .။ မတော်တဆ။ ဒီစကားတွေသုံးစွဲလျှင် အသုံးဝင်ပါ့မလား။

ကောင်မလေးရဲ့ မျက်ရည်တွေဟာ ကျွန်တော့်ရင်ကို မိုးဝင်ရွာနေသလို။ကောင်မလေးရဲ့ ငိုရှိုက်သံတွေဟာ ကျွန်တော့်ရင်ထဲ မိုးဝင်ခြိမ်းနေသလို။ ကျွန်တော် ကောင်မလေးရဲ့ကိုယ်စား ငိုပေးလိုက်ချင်သည်။ ဖြစ်နိုင်ပါ့မလား။

❀



တကယ်တော့ ကောင်မလေးရဲ့ မျက်စောင်းတွေဟာ ကျွန်တော့်ရင်ကို ချက်ချင်းပြာနှမ်းသွားစေသည်။ ကျွန်တော့်ရင်တွေ တဆတ်ဆတ် တုန်ယင်နေပြီ။ မိုးမိထားသော ရင်ခုန်သံတွေ ခိုက်ခိုက်တုန်ယင် မောလျနေ၏။ ပြီးခဲ့ပါပြီ။

အခုတော့ ကျွန်တော်ဟာသည် 'ဖွန်းတပ်ထားတဲ့ နှလုံးသားတစ်ခွက် ပိုင်ရှင်ကြီး' ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ပြီ။

နှလုံးသားမှာ လှပနူးညံ့တဲ့အချစ်တွေ ရစ်ခွေနေပြီ။ နှလုံးသားနံရံတွင် ရင်ခုန်သံဂီတတွေ ပဲ့တင်ထပ်နေတော့၏။

တစ်ခါတစ်ခါ နှလုံးသားဂီတသည် စန္ဒရားတစ်လုံးမှ မြစ်ဖျားခံလာသည်။ တစ်ခါတစ်ခါ နတ်ဆိုင်းတီးသံ ဆူဆူညံညံ ရီရီဝေဝေ။ တစ်ခါတစ်ခါတော့လည်း စပ်ရော်ကလေး အတော်စီခတ်နေသည်နှင့်တူလှ၏။ တစ်ခါတစ်ခါ လော်ကယ်ရထားကြီး (သို့) ကျည်ဆန်ရထားကြီး ခုတ်မောင်းပြေးလွှားနေသလိုမျိုး။

အခုအချိန်မှာတော့ ကျွန်တော့်ရင်မှာ ရင်ခုန်သံရစ်သမ်နှင့်ကြိုးဆွဲဇော်ဂျီရုပ်ကလေး ယိမ်းထိုးခုန်ပေါက်နေသည်။ ဟင့်အင်း။ ချစ်ခြင်းအစ မျက်လုံးကပါ ချစ်သူရယ်။ ကြုံတောင့်ကြုံခဲဆိုတဲ့ အကြည့်ဆုံမှတ်ကို တမင်လွှဲပစ်သော ကောင်မလေးဟာ (၄၅°) မျက်စောင်းတွေနဲ့ ကျွန်တော့်ရင်ခွင်ကို ပစ်ပေါက်လိုက်သေးသည်။ ထို့အတူ သူမဟာ ရင်ခုန်သံတွေ ဆူဝေရာအရပ်မှ အဝေးသို့ပြေးသွားရန်ပြင်နေသည်။ ဒုံးပျံတစ်စီး အာကာသထဲ တိုးဝင်မယ့်သဏ္ဍာန်။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ...[illegible]သွားခဲ့ပြီ။ သူမ၏ သူငယ်ချင်းတွေကတော့ ကျောက် [illegible] [illegible]တွေလို အတင်းပြေးရင်း ရပ်နားနေဆဲ။ သူမ [illegible] ဘယ်ဆီဘယ်ကမ်း လှမ်းနေတယ်မသိ။ ရည်းစားနဲ့ ချိန်း [illegible] မှတဲ့. . . လွဲပါစေ။

ကျွန်တော့်စားပွဲမှလည်း ကျွန်တော့်ဘော်ဒါတွေ လှုပ်စိလှုပ် [illegible]ကြသည်။ သီချင်းသံတွေ ဆူညံနေသည်။ ကျွန်တော် တိုး [illegible]တိတ် ရင်ခုန်နေသည်။

"မျိုးကြီး လိုက်လေကွာ၊ ဟိုမှာသွားနေပြီ"

"ဟာ. . . ဘယ်သွားမှန်းလည်းမသိ၊ ဘာကိစ္စမှန်းမသိနဲ့"

ငတုံး!

"သူသွားနေတာကို လိပ်စာပြောနေရဦးမှာလား၊ အဲဒါ သိပ် လှပတဲ့မာယာကွ သိလား"

လွင်ကိုဦးက မိန်းမကျမ်း အလွတ်ကျက်ထားတဲ့လေသံနဲ့ ပြောနေသည်။ ကျွန်တော့်ခေါင်းတွေ ပြုတ်ထွက်မတတ် ခါယမ်းပစ်မိ တယ်။ ဟင့်အင်း. . .။ ကျွန်တော် သူမမျက်စောင်းတွေရဲ့ အဓိပ္ပါယ် ကို အလိုအလျောက် နားလည်နေမိသည်။

"မျိုးကြီး. . . သွားတော့လေကွာ၊ သေတော့မှာပဲ၊ အခွင့် အရေးဆိုတာ ဘယ်တော့မှ လက်လွတ်မခံနဲ့ကွ၊ သွား. . . လိုက်တော့"

"နေပါဦးကွာ၊ အဆောင်ပြန်တာထင်တယ်၊ ဟိုသင်း. . . အဲ . . ."



ကျွန်တော် မလိုက်ချင်သေးပါ။ မိန်းကလေးတစ်ယောက်ကိုယ်။ ဖွင့်ပြောဖို့ အချိန်အနည်းငယ်တော့ အပုပ်အသိုးခံရပေမည်။ မြင် မြင်ချင်း အချစ်ဆိုတာကြီး ဖွင့်ပြောရမှာ ရင်ထဲကရှက်နေသည်။ အူယားနေသေးသည်။ သူမက မယုံလို့ ပုံပြင်မှတ်လိုက်မယ်ဆိုရင် ကျွန်တော် ဘယ်သူ့ရင်ငှားကျိုးရမလဲ။

"မင်း မလိုက်ဘူးလား၊ မင်းမလိုက်ရင်တော့ ငါလိုက်သွား တော့မယ်"

"ရတယ်. . . ဒီဇာတ်ဝင်ခန်းမှာ လူစားထိုးသရုပ်ဆောင်ဖို့ မလိုဘူး"

ထွန်းထွန်းနိုင်၏ဒေါသကြောင့် ကျွန်တော် ထိုင်ရာကထခဲ့ သည်။ အင်း. . . . သူမကို ပထမဆုံးအနေနဲ့ ဘယ်လိုမြားတစ်စင်းနဲ့ ပစ်ခွင်းရမလဲ။ ရင်ထဲမှာ တိမ်အခွံတွေ ပျံသန်းနေပြီ။

*ချစ်ခြင်းမြားတစ်စင်း. . . .*
*ချစ်သူ့ရင်ကို ခွင်းဖောက်*
*မီးတောက်လို ပူလောင်မှာ. . .*
*စိုးကြောက်မိတယ်။*

❀

www.burmeseclassic.com

www.burmeseclassic.com



တင်

(ခ)

"ဒီနေ့ ကင်တင်းကသီချင်းဖွင့်တာ မကောင်းဘူးနော်"

"ရှင်"

"ဩော်. . . အဆောင်ပြန်စောရခြင်း အကြောင်းရင်းက သီချင်းမကောင်းတာ မြစ်ဖျားခံတယ်ထင်လို့ပါ"

". . . . . . ."

အိုကေ။ ကျွန်တော့်နှုတ်က ခုန်ထွက်လာတဲ့ ဝါကျလေးဟာ သူမကို ပြုံးစေနိုင်ခဲ့သည်။ သူမက အပြုံးချွေတာပုံရသည်။ ပြုံးလိုက်တာ တစ်ဝက်ပြုံး။ ဟင့်အင်း. . .။ ကိစ္စမရှိပါ။ ကျွန်တော်ကလည်း ကျွန်တော်ပြောရမယ့် ဒိုင်ယာလော့တွေ အထစ်အငေါ့မရှိအောင် ဆက်ပြောရမည်။ သူမကို ဘယ်လိုနည်းနဲ့ ရည်းစားစကား ပြောရမလဲ၊ ဟုတ်ပြီ။ မလိမ့်တပတ်လုပ်ပြီး ရည်းစားစကား ပြောရမည်။ ထိုနည်းသည် ခုခေတ်ဆယ်ကျော်သက်တွေကြားမှာ အသုံးအများဆုံးနည်း။ ကျွန်တော့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။



"မဟော်သဓာက အမရာကိုတွေ့တော့ လက်သီးဆုပ်ပြတယ်။ ကိုယ် မင်းကိုစတွေ့တော့ ဘာလုပ်ပြရမလဲ"ဟု သူမကိုမေးမည်။ ထိုအခါ သူမက ဘာမှလုပ်မပြနဲ့ဟု အပြင်းအထန် ကန့်ကွက်မှာ အသည်းအသန် သေချာသည်။ အဲဒီအခါ ကျွန်တော်သည် ငါးသလဲထိုးအပြုံးကလေးပြုံးကာ "ရပါတယ်လေ. . . မင်းက ဘာမှလုပ်မပြနဲ့ဆိုရင်လည်း လုပ်မပြတော့ပါဘူး၊ မင်းကိုချစ်တယ် ဆိုတာတော့ ပြောပါရစေနော်" လို့ ပြောလိုက်မည်။ ဒါပဲလား။ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောရတာ ဘယ်လောက် လွယ်လင့်တကူနိုင်သလဲ။

"ရှင် ပြန်တော့၊ အဆောင်ရောက်နေပြီ"

"အဲ. . . အင်း"

သူမအသံ စူးစူးရှရှလေး ကြားလိုက်ရမှပဲ ကျွန်တော် အချိန်ရဲ့စီးမျောခြင်းကို သတိရခဲ့သည်။ ကောင်းပြီ. . . အဆောင်ထဲ မဝင်ခင်မှာ ကျွန်တော့်အစီအစဉ်အတိုင်း ရည်းစားစကား ပြောရတော့မည်။ ကဲ. . . ပြောပါပြီ။

"မဟော်သဓာက အမရာ စ,တွေ့တော့ လက်သီးဆုပ်ပြတယ်၊ ကိုယ် မင်းကိုစ,တွေ့တော့ ဘာလုပ်ပြရမလဲ"

'ဘာမှလုပ်မပြနဲ့' ဆိုတဲ့ သူမရဲ့ ကန့်ကွက်သံကို မျှော်လင့်နေလိုက်သည်။ ဟင့်အင်း. . . သူမ နှုတ်ခမ်းစူထားသည်။ နှင်းဆီနီနီတစ်ငုံ။ ရင်ခုန်သည်။ ကောင်းပြီ။ ကျွန်တော် ဒုတိယမ္ပိ ပြောမည်။

"မဟော်သဓာက အမရာ စ,တွေ့တော့ လက်သီးဆုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ် မင်းကို စ,တွေ့တော့ ဘာလုပ်ပြရမလဲ"

သူမ၏ ကန့်ကွက်သံလေး မျှော်ရပြန်သည်။ သူမ ကျွန်တော့်ကို (၄၃) မျက်စောင်းနဲ့ ပထမပစ်ပေါက်သည်။ ဒုတိယ နှင်းဆီဖူးငုံနှုတ်ခမ်းတစ်စုံက တုန်ယင်နေသည်။ တတိယ အစီအစဉ်အရ ကျွန်တော့်အတွက် အငြင်းဝါကျကလေး အန်ချတော့မယ် ထင်လိုက်ရသည်။ ရင်ခုန်နေသည်။

"ဒီလိုလုပ်လေ. . . ဦးရွှေရိုးက က,ပြရင်ကောင်းမယ်"

"ဗျာ. . . အဲ"

"ဟုတ်တယ်၊ ရှင့်ပုံစံနဲ့ ဦးရွှေရိုးက က,ပြရင် သိပ်ကြည့်ကောင်းမှာပဲ သိလား၊ ဟိ. . . ဟိ. . . ဟိ"

သေလိုက်ပါလား။ ကျွန်တော်က မိမိအစီအစဉ်တွေအပေါ် အတော်ယုံကြည်မိ၍ သူမတုံ့ပြန်ချက်တွေ အရှိုက်ထိသွားသည်။ သူမကို မျက်နှာမူထားရာမှ အဝေးတစ်နေရာသို့ လွှဲပစ်ရသည်။ ရင်မှာအောင့်သီးအောင့်သက်နဲ့ ပူလောင်လာ၏။ ကျွန်တော် ရှက်သည်။ သူမ အဆောင်ထဲဝင်သွားပြီ။ ဖြစ်နိုင်ရင် ဒီနေရာမှာ ဦးရွှေရိုးအက က,ပစ်ချင်စိတ် ပေါက်မိသည်။ ဒီလောက်ညံ့ဖျင်းတဲ့ ဒိုင်ယာလော့တွေမှ နှလုံးသားတစ်ခုက နှလုံးသားတစ်ခုစီ ဘာကြောင့် ပို့မိခဲ့ပါသလဲ။ ကျွန်တော် အလွန်ညံ့ဖျင်းခဲ့သည်။ ထိုညံ့ဖျင်းလွန်းသော ဒိုင်ယာလော့တွေအတွက် နှလုံးသား သိက္ခာကျလေပြီ။ ကျွန်တော် ပထမဆုံး ခြေလှမ်းတွေမှာပဲ ရှုံးနိမ့်စွာ ကင်တင်းပြန်ခဲ့ရပြီ။ ကင်တင်း ရောက်



တဲ့အခါ ဒီဇာတ်လမ်းကို လုံးဝပြန်ပြောပြလိမ့်မည် မဟုတ်ပါ။ ငါ့ရှက်ရွံ့မှုတွေ လူမသိသူမသိ မျိုချပစ်ချင်ပါသည်။ ရင်တွေခုန်နေသည်။ ရှက်သည်။ ကင်တင်းမှာ စောင့်နေကြတဲ့ သူငယ်ချင်းတွေမြင်ရတော့ ပိုရှက်မိသည်။ စားပွဲမှာရောက်တာနဲ့ ရေနွေးတစ်ခွက် မော့သောက်ပစ်လိုက်မည်။

ထိုနေ့က ကျွန်တော် ကင်တင်းပြန်ရောက်သွားသောအခါ သူငယ်ချင်းတွေရဲ့ ဟားတိုက်ပြောင်လှောင် ရယ်မောခြင်းကို ငုတ်ဘုတ်ထိုင် ခံစားခဲ့ရပါသည်။ အမှန်ကတော့ သူတို့ဘာသာ အခြားရယ်စရာပြော၍ ရယ်မောကြခြင်း ဖြစ်ပါသည်။ ဒါကို ကျွန်တော်က ခေါ်မလဲဖြစ်ပြီး ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်မိခဲ့လေပြီ။ သွားရော။ ရယ်သံတွေပေါသောအရပ်ကို လက်ဖက်ရည်ဆိုင်ဟု မှတ်လိုက်ရပြီ။

သူငယ်ချင်းတွေ၏ ရယ်သံများကြားတွင် အလွန်အင်မတန် ရှက်ရွံ့နေရှာသော ကျွန်တော့်မျက်နှာသည် ဦးရွှေရိုးမျက်နှာနှင့် အမြွှာညီအစ်ကိုတွေလို ဆင်တူနေလိမ့်မည်ဟု ထင်မိသည်။ ထိုညနေက ဦးရွှေရိုး၏ စပလိမ်မျက်နှာပေးနှင့်သာ အိမ်ပြန်ခဲ့ရရှာသည်။

ထိုညက အိပ်မက်သည် ဦးရွှေရိုး၏အိပ်မက်ကို မိတ္တူကူးသားသော အိပ်မက်သာဖြစ်ခဲ့သည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ကျွန်တော့်ခြေလှမ်းတွေ ရပ်တန့်သွားသည်။ လေးလံစွာ ထမ်းပိုးလာသော အိပ်မက်တွေလည်း ကွဲကြေကုန်သည်။ အကြောင်းမှာ ကင်တင်းထဲ၌ ပျံ့သန်းနေသော ရယ်သံတွေကြောင့် ဖြစ်သည်။ ကြည့်စမ်း. . . ထိုရယ်သံများ ဖန်တီးရာအရပ်မှာ ကျွန်တော့်ပန်းသီးလေး ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ကျွန်တော့်မျက်နှာကို ချက်ချင်း ချွတ်လွှင့်ပစ်ချင်သည်။ ထိုင်နေကျစားပွဲမှာ ထွန်းထွန်းနိုင်နှင့် လွင်ကိုဦးတို့ရှိနေ၍ တော်သေးသည်။ သူငယ်ချင်းတွေမြင်ရတော့ ရှက်ရတာ အားရှိသေးသည်။ ကျွန်တော် ရှက်ရွံ့စွာနဲ့ပဲ သူငယ်ချင်းတွေရှိရာ သွားရသည်။ ခြေတစ်လှမ်း ကုဋေလေးသန်းတန်မည်။ ဘယ်-ညာ တိုင်မင်ပေးလျှင် အလွန်ရယ်စရာ ကောင်းလိမ့်မည်။ ကျွန်တော် ချွေးပြန်နှုန်းများလွန်း၍ မကြာမီ မိုးရွာနိုင်သည်။



"ဦးရွှေရိုး"

ကျွန်တော့်ပန်းသီးလေးရှိရာ စားပွဲမှ ပစ်လွှတ်လိုက်သော မြားတစ်စင်းဟာ ကျွန်တော့် ဘယ်ဘက်ရင်အုံအတည့် စူးဝင်သွား၏။ ထိုအဖွဲ့ကို လှည့်မကြည့်ဘဲ သူငယ်ချင်းတွေအနားမှာ ဝင်ထိုင်လိုက်သည်။ ထုံးစံအတိုင်း ကျဆိမ့်မမှာတော့ဘဲ ကော်ဖီခါးခါးတစ်ခွက် မှာလိုက်မိသည်။ ဟင့်အင်း။ ကျွန်တော့်ဘဝက ရင်ခုန်သံတွေ မချိုနိုင်တော့တဲ့ဘဝ မဟုတ်လား။

"ဦးရွှေရိုးအက က,ပြရင် အဖြေပေးမှာလား"

"ညည်းကသာ အဖြေပေးမယ်ဆိုရင် သူက ဦးရွှေရိုးအက အပြမှာ သေချာတယ်၊ က,ပြလိုက်ပါလား၊ ဦးရွှေရိုးက က,ရင် အဖြေပေးမှာတဲ့"

ကျွန်တော့်နားတွေဟာ ဘောလုံးမှန်လိုက်သော လူဝကြီးတစ်ဦး၏ ဗိုက်ခေါက်ကြီးနှင့် တူလှသည်။ ဖြစ်နိုင်ရင် နားနှစ်ဖက်စလုံး ချွတ်ပြီး လွယ်အိတ်ထဲ ထည့်ထားချင်မိသည်။

ကျွန်တော့်ပန်းသီးလေးဟာ သူမသူငယ်ချင်းတွေကို လက်သီးနှင့်ထိုးနေသည်။ ကျွန်တော့်ကိုလည်း မျက်စောင်းနဲ့ လှမ်းထိုးလိုက်သေးသည်။ ကျွန်တော် လက်ဖက်ရည်ဖိုးရှင်းပြီး ကင်တင်းက ဆုတ်ခွာချင်ပြီ။ ဒီနေရာမှာ ကျောက်ချပြီး ရှက်ရွံ့မှုတွေ မကြွယ်ဝချင်တော့ပြီ။ သူငယ်ချင်းတွေက သူတို့လောင်းကြေးနဲ့ သူတို့မို့ မလိုက်ကြ။ ဘတ်ခိုင်နဲ့ ထွန်းထွန်းနိုင်က လက်ဖက်ရည်ဆိုင်မှာ ဖင်အပူခံ ပြိုင်နေ

www.burmeseclassic.com



ကြတာလေ။ ဘယ်သူထိုင်နိုင်လို့ ပြိုင်ပွဲမှာ ဘယ်သူနိုင်မလဲ။

ကျွန်တော်ကတော့ ထိုနေရာမှာ မနေချင်တော့ပြီမို့ တစ်ကိုယ်တော် ရွက်လွှင့်ခဲ့ပါသည်။ ကျွန်တော့် နောက်ကျောတစ်ပြင်လုံးလည်း နောက်မှာ အပြေးအလွှား လိုက်ပါလာသော မြားအစင်းစင်းကြောင့် ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်ကုန်သည်။

"ဦးရွှေရိုး က,ပြလိုက်နော်၊ က,ပြရင် အဖြေတန်းပေးမှာသိလား"

"မယုံမရှိနဲ့ က,ပြလိုက်ပါ ဦးရွှေရိုးရယ်"

ကျွန်တော့်ခြေလှမ်းတွေ အလျားဆွဲဆန့်ထားသည်။ ထိုနေရာမှ အဝေးဆုံး ရောက်သွားချင်သည်။ ဖြစ်နိုင်လျှင် ကျွန်တော် မီးရှူးမီးပန်းတွေလို ကောင်းကင်ယံသို့ ပျံတက်သွားချင်သည်။ လမ်းတစ်ဝက်မှာ မတော်တဆ ဖောင်းကနဲကွဲသွားလည်း ကွဲပါစေတော့။ မပြေရုံတစ်မယ် လမ်းလျှောက်နေရင်းက ကျွန်တော် အတန်းဘက် လှည့်လိုက်မိသည်။ အစ,က အတန်းလစ်ချင်စိတ်တွေ ရှက်စိတ်ကြောင့် ပြောင်းပြန်ဖြစ်ကုန်ပြီလား။ အစ,ကတော့ ဒီနေ့အတန်းလစ်ပြီး အချိုဆိုတဲ့ခေါင်းစဉ်နဲ့ ကင်တင်းမှာ လေဟုန်စီးမယ်လို့ စိတ်ကူးခဲ့ပါသည်။ ခုတော့ အတန်းတက်ချင်စိတ်ပဲ ရှိတော့သည်။ 'ကျောင်းမှန်မှန်တက်စာမခက်ဘူး' မဟုတ်လား။

ကျွန်တော် အခန်းထဲရှိဆရာမအား ဝင်ခွင့်တောင်းပြီး အ



ခန်းထဲဝင်ခဲ့သည်။ ဆရာမအနား ကျွန်တော်အရောက်တွင် တစ်ခန်းလုံး၏ရယ်သံတွေ အလန့်တကြား ကြားလိုက်ရသည်။ ဘာတွေလဲ။ ကျွန်တော် အတန်းနောက်ကျလို့ ရယ်ကြတာလား။ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်တော်သိတာ ကျွန်တော့်ကိုကြည့်ပြီး တစ်ခန်းလုံး ရယ်နေကြတာပဲ။

ကျွန်တော် ဆရာမမျက်နှာကြည့်မိတော့ ရင်ထဲလှိုက်သွားလေသည်။ ဆရာမ သုန်သုန်မှုန်မှုန် ကြည့်နေသည်။ ဆရာမမျက်နှာမှာ အပြုံးမရှိ။ မိတ်ကပ်တွေသာ ရှိနေသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်တော် စိတ်ညစ်သည်။

"မျိုးထွန်း မင်းကို ဆရာမ စိတ်ဆိုးတယ်၊ ဒါပေမယ့် အပြစ်မယူချင်ပါဘူး"

"ဗျာ. . . ဆရာမ. . ကျွန်တော်. . အဲ. . ."

ကျွန်တော် ဘာမှစဉ်းစားလို့ မရတော့။ ကျွန်တော့်အဖြစ်က လှောင်အိမ်ထဲရောက်နေသော ငှက်တစ်ကောင်နှင့် တူနေသည်။

"ဘာဖြစ်လို့ အပြစ်မယူချင်တာလဲဆိုတော့ မင်းတို့လို ပျော်တတ်တဲ့လူငယ်တွေဟာ တကယ်တမ်းကျတော့ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေချင်တဲ့ဆန္ဒနဲ့ နောက်ကြပြောင်ကြတာ မဟုတ်ဘူးဆိုတာ ဆရာမ သိနေလို့ပဲ"

". . . . . ."

"လူတွေကို ပျော်စေချင်လို့ နောက်တယ်၊ ပြောင်တယ် ဆိုပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် နေရာတစ်ခုမှာ မကောင်းဘူးဆိုတာတော့ မင်းနားလည်သင့်တယ်"

"ဟုတ်ကဲ့ ဆရာမ"

ကျွန်တော် ခေါင်းတွေမူးသွားပြီ။ ဆရာမက ဘာကြောင့်များ ကျွန်တော့်ကို ဆုံးမနေတာလဲ။ ကျောင်းသားတွေကရော ဘာကြောင့် ရယ်ခဲ့ကြတာလဲ။ ကျွန်တော် ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့လဲ။ ကျွန်တော် လုံးဝနားမလည်တော့ဘူး။

"ဆရာမ မင်းကို ခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် မင်း နောက်နောင်ကို ဒီလိုမျိုး မနောက်မပြောင်တော့ပါဘူးလို့တော့ ဆရာမကို ကတိပေးရမယ်"

"ဗျာ. . . ဆရာမ. . . ကျွန်တော် ဘာများလုပ်မိလို့လဲ ဆရာမရယ်"

ကျွန်တော် မနေနိုင်တော့၍ ဖွင့်မေးမိပါသည်။ စောစောပိုင်းက ဟားတိုက်ရယ်မောခဲ့ကြသော ကျောင်းသားအားလုံးလည်း ကျောက်ရုပ်တွေလို ငြိမ်သက်နေကြပြီ။ စာသင်ခန်းသည် သမိုင်းဝင်ပြတိုက်ကြီးလို တိတ်ဆိတ်စွာနှင့် စိတ်ဝင်စားဖွယ် အပြည့်။

"မင်းမှာ ကိုယ့်အပြစ်ကို ဝန်ခံရဲတဲ့သတ္တိ ရှိလိမ့်မယ်လို့ ဆရာမ ထင်ပါတယ်"

"ကျွန်တော်. . . ဟို. . . အဲ"

(ဝုတ်. . . ဝုတ်. . . ဝုတ်)



ကျွန်တော် စကားဆုံးအောင် မပြောနိုင်တော့ပါ။ ခွေးဟောင်သံစူးစူးတွေ ကျောင်းခန်းထဲတွင် ဟိန်းထနေသောကြောင့် ဖြစ်၏။ ဟင်. . . ခွေး။ ကျွန်တော့်နောက်တွင် ခွေးနက်ကြီးတစ်ကောင် အမြီးတနှံ့နှံ့နှင့် အစိပ္ပါယ်မဲ့စွာ ဟောင်နေသည်ပဲ။ ခုမှ ကျောင်းသားတွေလည်း လှုပ်လှုပ်ရွရွ ပြန်ဖြစ်ကာ ခွေးကို မောင်းထုတ်လိုက်ကြသည်။ သွားပြီ။

ကျွန်တော် အခြေအနေအရပ်ရပ်ကို စိတ်မကောင်းစွာ သဘောပေါက်လိုက်ပါပြီ။ နားလည်ခဲ့ပါပြီ။ ကံကြမ္မာ၏ တစ်ဖက်သတ်စီမံခန့်ခွဲမှုတွေကို လွန်စွာဝမ်းနည်းမိသည်။ (မကျေနပ်ခြင်းများ+ဝမ်းနည်းခြင်းများ+အားနာခြင်းများ+ရှက်ရွံ့ခြင်းများ) ပေကျံနေသော ကျွန်တော့်ရင်မှာ ဟာတာတာ ဖြစ်နေသည်။ (ခွေးဟောင်သံ + ရယ်သံတွေ) နားထဲမှာ ဆူဝေညံစီနေသည်။

"ဆရာမ ဒီကိစ္စ ကျွန်တော် လုံးလုံးမသိပါဘူး၊ ကျွန်တော် မညာပါဘူး၊ ခွေးပါလာတာ သတိမထားမိတာပါ"

"မင်းခေါ်လာလို့သာ ခွေးက အတန်းထဲအထိ လိုက်ရဲတာပေါ့"

သိပ်ဆန်းကျယ်တဲ့ မတော်တဆ ဖြစ်ရပ်ပါပဲ။ သွားပြီ၊ အမှန်တကယ်ပါ။ ကျွန်တော် ဘယ်ခွေးမှ အခန်းထဲမခေါ်ရပါ။ ကျွန်တော် အကြောက်ဆုံး တိရစ္ဆာန်မှာ ခွေးဖြစ်ပါသည်။ တိရစ္ဆာန်ရုံရှိ လှောင်အိမ်ထဲက ကျားတွေကို လုံးဝမကြောက်ပါ။ ဒါပေမယ့် ခွေးက ဘယ်

www.burmeseclassic.com



ကဘာယ်လိုလုပ်ပြီး ကျွန်တော့်နောက် တကောက်ကောက် ပါလာတယ် မသိ၊ ပြဿနာက ခွေးဆယ်ကောင်စာလောက် ကြီးမားခဲ့ပြီလေ။

"ဆရာမရယ်. . . ကျွန်တော် အမှန်အတိုင်းပြောတာပါ။ အစက အတန်းလစ်မယ် စိတ်ကူးနဲ့ ကင်တင်းမှာ သွားထိုင်နေတာပါ၊ အဲဒီမှာ ကောင်မလေးတွေကပြောင်လို့ ရှက်ရှက်နဲ့ အတန်းလာတက်မိတာပါ၊ ကျွန်တော် ရေးကြီးသုတ်ပျာနဲ့ အတန်းထဲဝင်ခဲ့တာဆိုတော့ ကျွန်တော့်နောက်မှာ ခွေးလိုက်လာတာ မသိပါဘူး ဆရာမရယ်၊ တိုက်ဆိုင်မှုတွေပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ကဲ. . . ကဲ. . . ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ သွားထိုင်ပါ၊ ဒီတစ်ခါ ဆရာမ ခွင့်လွှတ်လိုက်မယ်"

"ဟုတ်ကဲ့ ဆရာမ"

ကျွန်တော် နေရာလွတ်ခုံတွင် ဝင်ထိုင်လိုက်သည်။ အတန်းသားတွေက ပြုံးစိစိနဲ့ ကြည့်နေကြဆဲ။ အထင်သေးတဲ့ အကြည့်တွေလား။ တိုက်ဆိုင်မှုတွေကို ကိုယ်ချင်းစာတဲ့ အကြည့်တွေလား။ ထိုအကြည့်တွေကို ခေတ္တခဏခံနိုင်ပါသေးတယ်။ ကွန်ကျူတွေကိုတော့ တစ်တန်းလုံး မျှခံရပါမည်။

"ဆရာမ. . . ခုနကစကား ပြန်ဆက်မယ်နော်၊ တို့ Major Welcome စိုစိုပြည်ပြည်ကလေး ဖြစ်သွားအောင် ဒီနှစ်တော့ အထူးအဆန်းလေးလုပ်မယ်လို့ ဆရာမ စိတ်ကူးထားတယ်"

ကျောင်းသားအားလုံး တက်ကြွမြူးထူးနေကြသည်။ ဘယ်သူမဆို ပျော်ပွဲရွှင်ပွဲတွေနဲ့ဆို စိတ်မပါဘဲရှိမလဲ။



"ဒါနဲ့ စကားမစပ်၊ မောင်မျိုးထွန်း ထပါဦး၊ Welcome မှာ မင်း ဦးရွှေရိုးအက က,ပါလား"

"ဗျာ. . . ဆရာမ"

"ဟုတ်တယ်၊ မင်းသာ ဦးရွှေရိုးလုပ်ရင် သိပ်ပျော်စရာကောင်းမှာ၊ အစကတည်းက အစသန် အနောက်သန်တယ်လေ၊ လုပ်စမ်းပါကွာ"

ကျွန်တော် ခေါင်းငုံ့ချလိုက်သည်။ သူမကို စိတ်ထဲမှာ နားရှက်ဆွဲလိမ်ပစ်မိသည်။ ကျွန်တော့်သတင်းတွေက အတော်ပျံ့နှံ့နေပြီပဲ။ သူမ ဆရာမကို တိုင်ထားတာလား။ ဆရာမကတော့ အပြုံးတွေနဲ့ ပြောနေခြင်းဖြစ်သည်။ ဆရာမ အပြုံးတွေဟာ ကျွန်တော့်ကို ပေါက်စီလုံးကြီးတွေလောက်ရှိတဲ့ အရှက်တရားတွေ မျိုခိုင်းနေတာနဲ့တူ၏။ လွန်စွာရှက်မိသည်။

"ဆရာမရယ်၊ ကျွန်တော် သူ့ကို နောက်လိုက်တာပါ"

ထိုနေ့က ကျွန်တော် သူမကို ရည်းစားစကားလိုက်ပြောတဲ့ အဖြစ်ကို နောက်လိုက်တာပါဟု မုသားနည်းနည်း သုံးစွဲမိပါသည်။ သူမ ကျွန်တော့်အပေါ် ရက်ရက်စက်စက်ကြီး အရှက်ခွဲလိမ့်မည်ဟု လုံးဝမထင်မိခဲ့။

"မင်း ဘာတွေပြောနေတာလဲ၊ ဆရာမ နားမလည်ဘူး၊ ဆရာမပြောထာက Welcome မှာ မင်းကို ဦးရွှေရိုးအက က,ခိုင်းဖို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ဆရာမ"

သွားပြီ။ ခုမှ ကျွန်တော် အိုးမလုံအုံပွင့်မှုတွေ ပြန်ရိပ်မိတော့ ငါး ဉှဖွ လွဲပါစေ။ ကျွန်တော့် မလုံသောအိုးအား ဆရာမ မရိပ်မိစေရန် ဆရာမခိုင်းတာ လုပ်ရန်သာ ဆုံးဖြတ်လိုက်ရသည်။

ဒါမှပဲ ဆရာမဟာ သူမအစီအစဉ်တွေ ပြောလိမ့်မည်။ ကျွန်တော့်အကြောင်း မေးမည်မဟုတ်တော့။ ကဲ. . . မထူးပါဘူးလေ။

"ကျွန်တော် ကူ,မယ် ဆရာမ"

"အေးကွယ် ဆရာမတို့ Major Welcome ဖျော်ပျော်ပါးပါး ဖြစ်သွားအောင် အားလုံးကြိုးစားကြတာပေါ့"

"ဟုတ်ကဲ့ ဆရာမ"

မကြာပါဘူး အချိန်ပြောင်း ခေါင်းလောင်းသံ ကြားသော အခါ ဆရာမ ထွက်သွားသည်။ ကျွန်တော်လည်း အတန်းလစ်ခဲ့ပြီး ကင်တင်းရှိ ဘော်ဒါတွေဆီ ထွက်ပြေးခဲ့ပါသည်။ ဦးရွှေရိုးကိုစွ အကြံ ဉာဏ်တောင်းရမည်။ လက်ဖက်ရည်ခွက်ထဲ ခုန်ချပြီး ခဏလောက်လေး ဦးရွှေရိုး လုပ်ကြည့်ရဦးမည်လေ။

❀

(ဃ)

ဘာပဲပြောပြော ကျွန်တော် သူမမျက်နှာလေးကို မမြင်ရ မဝေးရသည်မှာ သုံးရက်ရှိခဲ့ပြီ။ ကျွန်တော့်ဘက်က တမင်မတွေ့အောင် ရှောင်ခဲ့ခြင်းဖြစ်သည်။ သူမနဲ့ မျက်လုံးချင်း စကားပြောရမှာ ရှက်သည်။ နှလုံးသားနဲ့ ပြောချင်သည်။

သူမကို မမြင်ရတဲ့ နေ့တာတွေကြောင့် ညည ဒိုင်ယာရီရေးသောအခါ အလွမ်းတွေ ခြေချင်းလိမ်နေအောင် ရေးဖြစ်ခဲ့သည်။ ဝန်းသီးလေးကို လွမ်းတယ်။

ကျွန်တော့်ဒိုင်ယာရီမှာ အလွမ်းတွေကို ဧကရာဇ်ပန်းလို သီကုံးခဲ့သည်။ အပွင့်ချင်းလိမ်ပြီး သီကုံးထားသော ဧကရာဇ်ပန်းကုံးလေးအား အလိမ်ဖြေကာ တစ်ပွင့်ချင်း ပြန်လုပ်လို့ရသည်။ အလွမ်းချင်းလိမ်ထားတဲ့ အလွမ်းပန်းကုံးလေးတွေကတော့ တစ်သက်လုံး အလွမ်းတစ်ပွင့်စီ ပြန်ဖြေလို့ရမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညညဆို ငိုချင်အောင်လွမ်းသော်လည်း ကျောင်းမှာတော့ ရယ်နေရသည်။ တကယ်လို့ ငိုရမည်ဆိုရင်တော့ ကျွန်တော် အငိုသင်ရပါဦးမည်။ ဖြစ်ဖြစ်မြောက်မြောက် ကျွန်တော် မငိုတတ်မှန်း ကျွန်တော် သိပါသည်။

အခု လောလောလတ်လတ်မှာတော့ ကျောင်းမှာ ကျွန်တော် မျက်နှာပွင့်နေသည်။ (ဖြစ်နိုင်လျှင် ပွင့်နေသည့်မျက်နှာကို ပြန်ပိတ်ထားချင်ပါသည်။) ရေပန်းစားနေသည်။ (ဟင့်အင်း. . . ကျွန်တော် ဘာပန်းမှ မစားချင်ပါ။ ဖြစ်နိုင်လျှင် ပန်းသီးလေးတော့ စားချင်မိသည်။) နာမည်ကြီးနေသည်။ သေချာတာပေါ့။ ကျောင်းသားကျောင်းသူတချို့က ကျွန်တော့်ကို ဦးရွှေရိုးလို့ ခေါ်နေကြပြီလေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဦးရွှေရိုးဖြစ်နေရတာ အူယားစရာကြီးပဲ။

ကျွန်တော် သူမကို ရှောင်ပုန်းနေရင်း ရယ်မောစရာတွေ လျှောက်လုပ်နေမိသည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီးလည်း လုပ်သေးသည်။ ရင်ထဲက ဝေဒနာတွေကို ရယ်သံတွေနဲ့ ချော့နေရသည်။

နဂိုကတည်းက အစသန် အနောက်သန်သော ကျွန်တော်ဟာ ဦးရွှေရိုး မဖြစ်တဖြစ်အချိန်တွင် ပို၍ နောက်ရပြောင်ရပါ၏။ ဘယ်သူတွေကများ ရယ်စရာ မောစရာ မကြိုက်ဘဲ နေမှာလဲလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ (တစ်နေ့တခြား) ဦးရွှေရိုးမင်းသားအဖြစ် တစ်နေ့တခြား နာမည်ကြီးနေလေတော့၏။ လူကတော့ နုပျို လက်ဆတ်ဆဲပါခင်ဗျာ။



ကြည့်စမ်း။ တိုက်ဆိုင်မှုတွေ ကျွန်တော့်ဆီကို ကျည်ဆန်ရထားကြီး ကိုယ်တိုင်မောင်းနှင်ပြီး ရောက်လာခဲ့လေပြီ။ ထိုတိုက်ဆိုင်မှုတွေကြောင့် ကျွန်တော်ဟာ ရည်းစားတစ်ယောက် မမျှော်လင့်ဘဲ ပိုင်ဆိုင်ခဲ့ရသည်။ မင်းဆီက အချစ်တွေရဖို့ ငါ ဘာတွေ ဘယ်လောက် ရင်းနှီးခဲ့ရတယ်ထင်သလဲ၊ ချစ်သူ။

နှလုံးသားရဲ့ အမှန်တရား မြတ်နိုးတွယ်တာမှုတွေ+ မာနတရားတွေ + အချစ်ကိုရှာဖွေနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လှိုဏ်ဂူ ဝီရိယတွေ + ရောင်ပြန်ဟပ်တဲ့ ထည်ဝါခမ်းနားလွန်းသော ကြည့်မှန်ကြီးတွေလို မေတ္တာတရားတွေ + မိန်းမတစ်ယောက် ယုံကြည်စွာလက်ခံဖို့ ပိုးပမ်းတမ်းတသော နာရီလက်တံတွေ အားလုံးကို လခထုတ်ရက်မှာ ဆပ်ပါ့မယ်လို့ ကတိစာချုပ်မှာ လက်မှတ်ထိုးထားသူတစ်ဦး အကြွေးဆပ်လိုက်သလိုမျိုး ငါ ပေးဆပ်လိုက်ရပြီ။ ဘယ်သူ့ကိုမှန်းတော့ မသိနိုင်ဘူး။

အဲဒီနေ့ကလေးဟာ နေသာတဲ့နေ့တွေထဲမှာတော့ အလှပဆုံး နေ့တစ်နေ့ပါပဲ။ ကင်တင်းမှာလည်း စကားပြောပြိုင်ပွဲတွေ ကျင်းပနေသလားမှတ်ရအောင် စကားတွတ်ထိုးသံတွေ လျှံထွက်နေသည်။ ရယ်မောသံတွေ ပျံ့သန်းနေသည်။ စီးကရက်မီးခိုးတွေ လွင့်ပျံ့နေသည်။ မီးပျက်နေ၍ ကက်ဆက်ဖွင့်သံ မကြားရ။

ကျွန်တော်က ရှေးဟောင်းဟာသကလေး ဖော်ထုတ်ပြလိုက်၍ ကျွန်တော်တို့စားပွဲမှာ ရယ်သံတွေ ဖုန်ထသွားသည်။ အခြားစား

www.burmeseclassic.com

www.burmeseclassic.com



ပွဲတာ မျက်စောင်းတွေ သူ့ဆက်ငါဦးအောင် ထိုးကုန်ကြသည်လေ။ ထိုမျက်စောင်းပေါင်း များစွာထဲတွင် ကျွန်တော့်ပိုးစုန်းကြူးလေး၏ အစိမ်းရင့်ရင့် မျက်စောင်းကလေးလည်း ပါသည်။ သူမ၏မျက်စောင်းတာ ပုံမှန်အတိုင်း (၄၅°)။

သူမတို့အဖွဲ့က မျက်စောင်းတွေ တဝင့်ဝင့် လွှင့်ထူနေသည်။ ကျွန်တော့်ကောင်တွေက ရယ်စရာနဲ့တွေ့ရင် ထမင်းမေ့ဟင်းမေ့ ရယ်ကြတာမဟုတ်လား။ ရယ်သံတွေ ကြွယ်ဝနေဆဲ။ ကျွန်တော် သူမရှိသော ပရဝုဏ်မှာ ဟန်လုပ်ပြီးမရယ်ချင်။ ရင်ခုန်သံတွေ အောင့်အည်းပြီး အတောင့်လိုက် ပျော်ရွှင်မှုတွေနဲ့ မရယ်မောချင်ပါ။ ထိုနေရာမှ ဆုတ်ခွာရန် စိုင်းပြင်းမိသည်။

"အစ်ကို. . . ဟိုစားပွဲက အစ်မက ပေးခိုင်းတာ"

စားပွဲထိုးကောင်လေးရဲ့ အမူအရာနဲ့ အပြောအဆိုကြောင့် ကျွန်တော့် ဘယ်ဘက်ရင်အုံရှိ ပန်းငုံကလေး လှုပ်ခါသွားသည်။ အသည်းအောင်း ရင်ခုန်သံစုန်းပြူးတစ်ကောင် ခုန်ပေါက်နေပြီလား။ ကျွန်တော် စာရွက်အပိုင်းအစလေးကို အသက်မရှူဘဲ ဖတ်ကြည့်မိသည်။

**"ရှင့်ကို စကားပြောစရာရှိတယ်။"**

ဒါပဲ။ ထိုအက္ခရာကိုးလုံးပါတဲ့ ဝါကျလေးကို ရင်ထဲပစ်ထည့်လိုက်သည်။ ကျွန်တော် ကျွမ်းထိုးလိုက်ချင်သည်။ ကဲပါ စကားပြောချင်တဲ့ ဘုရင်မဆီ အခစားဝင်တော့မယ်။ ဟင့်အင်း။ ကျွန်တော်



သူမဆီ မသွားရဲပါ။ သူမ သူငယ်ချင်းတွေ ဝိုင်းဟားမှာကြောက်သည်။ ထွန်းထွန်းနိုင်က လက်ထဲကစာရွက်ကလေး လှမ်းယူ၍ မေးငေါ့ပြ၏။ ကျေးဇူးပဲ ချစ်သူ။ ကြည့်စမ်း။ သူမဟာ ကင်တင်းကထ၍ သူမတို့အဆောင်ဘက် လမ်းလျှောက်သွားပြီလေ။ တစ်ယောက်တည်း။ ခြေလှမ်းက တရွေ့ရွေ့။ နှုတ်ခမ်းပါးလေးတွေ ရဲနေသည်။ ရင်ခုန်နှိမ့်သည်။ ဒါဟာ ကျွန်တော်နဲ့စကားပြောဖို့ အသင့်တော်ဆုံးနည်းပဲ မဟုတ်လား။ ကျွန်တော် သူမနောက်ကို ရင်ခုန်စွာ လိုက်သွားမိသည်။ ကျွန်တော့်ခြေလှမ်းတွေ လေးလံမနေပါ။ ပေါ့ပါးလတ်ဆတ်နေသည်။

"ရှင့်. . . ဦးရွှေရိုး မကရဘူး"

"အဲ. . . အင်း"

ကန့်ကွက်ခြင်းလား။ အမိန့်ပေးခြင်းလား။ တောင်းပန်ခြင်းလား။ အဓိပ္ပါယ်များစွာနဲ့မို့ သူမစကားကို နားမလည်ပါ။

"ရှင့်. . . အရှူးပဲ သိလား"

"ဗျာ. . . အဲ"

"ဟိုကောင်မတွေက နောက်တာကို အဟုတ်ကြီးလုပ်မနေနဲ့ ရှင့်ဘာသာ အရူးထပြီး ကျွန်မအဖြေကို လိုချင်တာနဲ့ က,ချင်မနေနဲ့ ကျွန်မ ရှက်တယ်"

"အဲ. . . အင်း"

ထိုသို့ အဲနှင့်အင်းကို ပတ်လည်သုံးစွဲနေရသော ကျွန်တော် အရူးတစ်ယောက် ဖြစ်နေရခြင်းကို အနည်းငယ် ရိပ်မိလာပါပြီ။ ဒါဟာ တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှုပါလား။ ကျွန်တော် ကျည်ဆန်ရသားကြီး ကိုယ်တိုင်မောင်းနှင်လာသော တိုက်ဆိုင်မှုကို အလံစိမ်းပြလိုက်ပါရစေ။ သူမ တော်တော်လေး ရှက်နေပုံရသည်။

ဟုတ်တယ်လေ။ သူမ သူငယ်ချင်းတွေဟာ ဦးရွှေရိုးအက က,လျှင် သူမက ကျွန်တော့်ကို အဖြေပေးမည်ဟု စခဲ့ကြသည်။ ဖြစ်ချင်တော့ ကျွန်တော်ဟာ ဦးရွှေရိုးမင်းသား ဖြစ်လာခဲ့သည်။ ကြည့်စမ်း။ အခုဆို ကျွန်တော်ဟာ သူမအဖြေကို အရူးအမူး လိုချင်တပ်မက်နေလို့ မရှက်မကြောက်စွာ ဦးရွှေရိုးအက က,တော့မည်ဟု သူမ တွေးပြီး ရှက်နေသည်။

ကျွန်တော့်ကို အရူးတဲ့။ ဟုတ်ကဲ့။ ရူးတယ်။ အရူးတွေထက် ပိုပြီးရူးတယ် ချစ်သူ။ ဘာဖြစ်လဲ မင်းကိုချစ်လို့ ရူးသွပ်နေရာ ဘာဖြစ်လဲ။ ဒီလိုရူးသွပ်ခြင်းဟာ ဆေးရုံနဲ့အဝေးကြီးပါ မိန်းကလေးရယ်။

"ရှင် ကျွန်မကို သက်သက်မဲ့ အရှက်ခွဲတာ မဟုတ်လား"

"ကိုယ် မင်းကို ရိုးရိုးသားသား ချစ်မိတာပါ"

"ဒါဆို ရှင် တကယ်မက,ဘူးပေါ့၊ ဟုတ်လား"

"အဲ. . . အင်း. . . ဟို. . . ဆရာမကို ကတိပေးပြီးပြီမက,လို့ မဖြစ်တော့ဘူး"

"ဟင့်အင်း. . . ရှင် လုံးဝ,မက,ရဘူး"

"ကိုယ် က,ပါရစေ၊ ကိုယ်ဟာ မင်းရဲ့အမိန့်တွေ လိုက်နာသူဖြစ်ပါရစေ၊ မင်းက က,စေချင်တယ်ဆိုလို့ ကိုယ် ဆရာမကို ကတိသွား



ပေးခဲ့တာပါ"

"လဲသေလိုက်၊ ရှင့်ကို နောက်ခဲ့တာပဲ"

"မသိဘူးလေဗျာ၊ ကိုယ်က အဟုတ်မှတ်လို့ ရွှေမျက်နှာနောက်ထားပြီး က,ရမှာ၊ ခုဆို နှုတ်ခမ်းမွေးလှုပ်တာ ကျင့်နေပြီ"

ကျွန်တော်သည် နှုတ်ဆိတ်စွာ သူမကို ငေးကြည့်လိုက်သည်။ အဲဒီ နှင်းဆီဖူးငုံ နှုတ်ခမ်းတစ်စုံအတွက် အိပ်ပျက်ညတွေ များခဲ့ပါတယ် လမင်းလို ကောင်မလေး။

"ရှင် မက,ရဘူးနော်၊ တကယ်လို့ ရှင်က,ဖြစ်ခဲ့ရင် ရှင့်ကို ဒီတစ်သက်တင် မဟုတ်ဘူး၊ ဘဝဆက်တိုင်း မုန်းမိမှာ သိလား၊ ဟိုဆောင်မတွေက သိပ်အစ,သန်တာ"

"ကိုယ် စိတ်မကောင်းပါဘူး၊ ဆရာမကို ကတိပေးထားတာ ဖျက်လို့မဖြစ်နိုင်တော့ပါဘူး"

"ဆရာမကို သွားတောင်းပန်လိုက်ပေါ့၊ ရှင် မက,ဘူးဆိုရင် ကျွန်မ အဖြေပေးမယ် ဒါပဲ"

သူမ ဆောင့်ဆောင့်အောင့်အောင့်ပြောကာ အဆောင်ထဲ ပြေးဝင်သွားသည်။ အချစ်သည် ဆန်းကျယ်မှန်း အလန့်တကြား သတိခံလိုက်ပါပြီ။

"မက,ဘူး၊ မက,တော့ဘူး၊ ဟေ့. . . မက,တော့ဘူး"

ကျွန်တော် ငယ်သံပါအောင် အော်ဟစ်နေတာကြည့်ပြီး အဆောင်သူတွေ ပြုံးစိပြုံးစိ လုပ်နေကြသည်။ ထိုမျက်နှာတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့လမင်းလေး ထိန်ထိန်သာနေမလား။ ကျွန်တော်ကတော့ အချစ်ရူးရူးနေတဲ့ အရူးကလေးပေါ့။ ကျွန်တော် ဘယ်လောက်ကြာသည်အထိ ရူးရူးမူးမူး အော်ဟစ်ပျော်မြူးနေမိတယ် မသိ။ သူမ လာရောက်မောင်းထုတ်မှာပဲ သတိဝင်လာခဲ့သည်။ ဒါ့တောင်. . .

"ဟေ့. . . ရူးသလို ပေါသလိုနဲ့ စွတ်အော်မနေနဲ့၊ ပတ်ဝန်းကျင်ကို အားနာဦး၊ ကင်တင်းပြန်ရောက်ရင် ဟိုကောင်မတွေကို ပြန်မလာတော့ဘူးလို့ ပြောလိုက်၊ ရှင်နဲ့ ဒီနေ့ဖြစ်တဲ့အကြောင်းရော ပြောပြထားလိုက်၊ ကျွန်မရှက်လို့ မပြောချင်ဘူး"

"ဟုတ်ကဲ့. . . ကိုယ် တကယ်မကျတော့ဘူးဆိုတာ ယုံနော်"

"ကျွတ်. . . လဲသေလိုက်၊ သွားတော့လေ"

ဒီနေ့အဖို့တော့ သူမရဲ့ နှုတ်ဆက်မျက်စောင်း (၈°) လေးနဲ့သာ ကျေနပ်ခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် သူမအချစ်ကို ပိုင်ဆိုင်လိုက်ရသောကြောင့် ဦးရွှေရိုးကို ကျေးဇူးအထူးတင်မိပါသည်။ ဦးရွှေရိုးရယ် ကျေးဇူးတင်တဲ့ အနေနဲ့တော့ ဦးရွှေရိုးအကလေးတွေ ကွေးနေအောင် ကလိုက်ချင်သေးတယ်ဗျာ။

ကျွန်တော် အပြန်လမ်းမှာ ရင်ခုန်သံတွေ နှလုံးသားထဲက ထွက်မကျအောင် အတော်ဂရုစိုက် ပြန်ခဲ့ရပါသည်။ ပူနွေးလတ်ဆတ်တဲ့ အဖြစ်အပျက်လေးကို စားမြုံ့ပြန်တွေးရင်း ကျွန်တော် လမ်းလျှောက်ခဲ့သည်။ လမ်းလျှောက်ရင်းနဲ့ ရင်ခုန်နေသည်။

ထိုနေ့က ကင်တင်းမှာ သူမသူငယ်ချင်းတွေကို ဖြစ်ကြောင်း



ကုန်စင်ပြောပြရင်း ရင်ခုန်ခဲ့ပါသည်။ သူမ သူငယ်ချင်းတွေဟာ အရယ်သန်တဲ့ အာပြဲမတွေသာ ဖြစ်သည်။ ထိုညက ကျွန်တော် ဒိုင်ယာရီတစ်အုပ်လုံး စာမျက်နှာအကုန် ရေးပစ်ချင်စိတ် ပေါက်မိသေးသည်။ ဒိုင်ယာရီ နောက်ထပ်တစ်အုပ် မဝယ်နိုင်သေး၍ ကျွန်တော့်ဆန္ဒတွေ တစ်ရစ်လျှော့ချခဲ့ရပါသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ယခုအချိန်အခါတွင် ကျွန်တော်က အာဒံကြီးဖြစ်သွားလျက် သူမက ဧဝဖြစ်ခဲ့ပြီမို့ ကျွန်တော် အလွန်စောစီးစွာ ကျောင်းရောက်နေခဲ့သည်။ ကင်တင်းမှာထိုင်ပြီး ချစ်သူကို မျှော်ခဲ့သည်။ ချစ်သူ ပေါ်လာနိုး ပေါ်လာနိုးနဲ့ ရေနွေးအိုးတွေ တော်တော်များများကို နှလုံးသားထဲ လောင်းထည့်ပစ်မိသည်။ စိတ်ညစ်သည်။ သီချင်းလိုက်ဆိုသည်။ တစ်ချက်တစ်ချက် ရင်တွေခုန်နေသည်။ အမှန်က ဒီလိုနေ့မျိုးဆိုတာ ချစ်သူနှစ်ယောက် ခေါင်းချင်းဆိုင်ကာ အပြုံးချင်း ဖြိုင်နေသင့်ပါသည်။ အခုတော့ အာဒံတစ်ယောက်တည်း အထီးကျန်ခြင်းတွေ သီချင်းလုပ်ဆိုနေရသည်။

"ကိုမင်းသား. . . ကျီးတွေနှိုးခဲ့ပြီးမှ ကျောင်းသွားမှပေါ့ကွ"

"နေပါဦး၊ မင်းတို့ ရည်းစားဖြစ်သွားပြီဆိုတာ တကယ်ရောဟုတ်ရဲ့လား၊ ဗီဒီယိုတွေထဲကလို ရည်းစားအတူကြီးများလားကွာ"



သူငယ်ချင်းနှစ်ကောင်က ရောက်ရောက်ချင်းပဲ သူတို့သံသယတွေ ဖွင့်ပြနေပြီ။ လွင်ကိုဦးက ထိုင်ထိုင်ချင်း ကျွန်တော့်နားရင်းအုပ်လိုက်သေး၏။ ထွန်းထွန်းနိုင်က လက်ဖက်သုပ်နဲ့ လန့်ဒန်တစ်ပွဲမှာနေသည်။ ကျွန်တော်ကတော့ ရည်းစားအရသာ ခံချင်နေသူ မဟုတ်လား။ နားရင်းအုပ်တာလည်း ငြိမ်နေလိုက်သည်။ လက်ဖက်သုပ်လည်း ခံတွင်းမချဉ်မိတော့ပါ။ စီးကရက်လည်း စိတ်မဝင်စားတော့။

"ရှင်. . . ဘာတွေတွေးနေတာလဲလို့"

"သြော်. . . ကိုယ်တို့နှစ်ယောက် ရည်းစားပီသအောင် ဘယ်လိုနေကြရင် ကောင်းမလဲဆိုတာ တွေးနေတာပေါ့ကွ"

"ဒါလေးများ ရှင်ရယ်၊ တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာ နေကြမှာပေါ့၊ တစ်ယောက်ကိုတစ်ယောက် နားလည်ပေးကြမှာပေါ့ ဟုတ်ဖူးလား"

"အင်းလေ. . ဒါနဲ့ မင်း ဟေမာနေဝင်းရဲ့ 'မောင်' သီချင်းနားထောင်ဖူးလား"

"အလွတ်တောင် ဆိုပြနိုင်သေး"

"ဟုတ်ပါပြီ၊ ဒါဆိုရင် ကိုယ့်ကို မောင်လို့ခေါ်နော်"

"ဟင်း. . . ဘာဆိုင်လို့လဲ. . . လို့"

"ဆိုင်ဆိုင်၊ မဆိုင်ဆိုင်ကွာ၊ မောင့်ကို မောင်လို့ခေါ် ရမှာပေါ့လား"

"ခေါ်ဆိုလည်း ခေါ်တာပေါ့ရှင်၊ မောင်. . . အို. . . အူယား

www.burmeseclassic.com

www.burmeseclassic.com



စရောကြီးပဲ မောင်ရယ်၊ ကဲ. . . မောင်. . . တစ်လစာလုံး တစ်ခါတည်း ခေါ်ထားလိုက်ရမလား ပြော"

"ဒီကောင်ကွာ ကြောင်တောင်တောင်နဲ့ ဘာကောင်မှန်းလဲ မသိဘူး၊ ထမင်းလွတ်များ တွေးနေသလားမှတ်တယ်"

"အဲ. . . အင်း. . . အဲ"

ထွန်းထွန်းနိုင်၏ အပြစ်တင်သံ ကြားလိုက်ရတာနဲ့ စိတ်ကူး ရွက်လွှင့်ခြင်းတွေ မီးနီပြ ရပ်ပစ်လိုက်ရသည်။ အားလပ်တဲ့ အချိန် ရောက်မှပဲ ထိုစိတ်ကူးကို အပြီးသတ် ဆက်လက်ရွက်လွှင့်ရဦးမည်၊ အချစ်ကို မခံစားတတ်တဲ့ လူတွေရှေ့မှာ ရင်ခုန်သံတွေ ဘယ်မှာလှစ တော့မှာလဲ။

"မျိုးကြီး. . . ဟိုမှာ လာနေပြီ"

ကျွန်တော့်ရင်ထဲ ဘယ်လိုဖြစ်သွားတယ် ထင်သလဲ။ ချိုပျစ် တစ်ခွက်ကို တစ်ထိုင်တည်း မော့သောက်လိုက်ရသလိုပဲ။ ကျွန်တော် ပန်းသီးလေးကို အပြုံးတွေနဲ့ အပြေးအလွှား ကြိုလိုက်မိသည်။ ဟင့် အင်း။ သူမမျက်နှာဟာ နွေရာသီဆန်ဆန် အပြုံးတွေ သွေ့ခြောက်နေ ပါသလား။ အကြည့်ချင်းဆုံ၍ ရင်ခုန်လိုက်ရသေးသည်။

ဟစ်မိနစ်အတွင်း ကျွန်တော့်ဘက်က အပြုံးတွေ မရေမတွက် နိုင်အောင် သုံးစွဲခဲ့သော်လည်း သူမ မပြုံးခဲ့ပါ။ အပြုံးတွေ ချို့တဲ့လွန်း တဲ့ ကောင်မလေးရယ်။ ဖြစ်နိုင်ရင် မင်းကို အပြုံးဆယ်ပိဿာလောက် လက်ဆောင်ပေးထားချင်သည်။



ကြည့်စမ်း. . .၊ ကျွန်တော်တို့စားပွဲနှင့် မလှမ်းမကမ်း စားပွဲ မှာ သူမတို့အဖွဲ့ ထိုင်ကြသည်။ သူစိမ်းဆန်လိုက်တာ ချစ်သူရယ်။ သူမ သူငယ်ချင်းတွေကတော့ ကျွန်တော့်ကို ပြုံးပြကြသေးသည်။ သူမက ခပ်တည်တည်။

ကျွန်တော် မနေနိုင်တော့ပါ။ ရင်ထဲမှာ အောင့်သက်သက်နဲ့။ ရင်ခုန်သံတွေ တလှပ်လှပ်နဲ့။ သူမကို ပခုံးကကိုင်လှုပ်ပြီး မြှောက်ပစ် လိုက်ချင်သည်။ ငါဟာ မင်းရဲ့ အသည်းပန်း + တစ်ဦးတည်းသော ရည်းစား + မေ့မှုပိုင်ရှင်။

ကျွန်တော် သူမတို့စားပွဲသွားရန် ပြင်လိုက်သည်။ သူမဘက် က ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ဘက်က ချစ်သူဆန်ဆန် ဖြစ်လာဖို့ ချစ်သူကြံ ကြံရမည်။ ရင်တွေခုန်နေသည်။

ကျွန်တော့်ကောင်တွေကို အဖော်ညှိကြည့်ရသည်။ အဆင် ပြေတာပေါ့။ ဒီကောင်တွေက ကောင်မလေးတွေနဲ့ ထိုင်ရမှာမို့ တက် ကြွသွက်လက်နေကြသည်။ ဖြစ်ချင်တာ ဖြစ်ပါစေတော့။ ကျွန်တော့် အဖွဲ့ လက်ဖက်ရည်ခွက်တွေမ,ကာ သူမတို့ဝိုင်း ကူးလိုက်ကြသည်။ ဒီနေ့အဖို့ မိတ်ဖြစ်ဆွေဖြစ် ကျောင်းလစ်ကြမယ်ဆိုလည်း အဆင်သင့်။

သူမက (၄၅) မျက်စောင်းနဲ့ ရှက်ရွံ့နေရှာသည်။ ဒါကြောင့် လည်း ကျွန်တော့်ကို ပြုံးမပြရဲတာဖြစ်မှာပေါ့။ ဟုတ်ဖူးလား။ ဒီလိုပဲ ကိုယ့်ဘက်ယူတွေးပစ်လိုက်သည်။ သိတဲ့အတိုင်းပဲ။ သူမ သူငယ်ချင်း တွေကတော့ အပြုံးတွေ ဆူပွက်သွားအောင် ပြုံးလိုက်ကြသည်။ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖွဲ့ ရင်းရင်းနှီးနှီး ဖြစ်သွားစေချင်သည်။

"ကျွန်တော် မိတ်ဆက်ပေးမယ်နော်"

ကျွန်တော့်စကားကို သဘောမတူသူ မရှိပါ။ ထုံးစံအတိုင်း သူမမျက်စောင်းကတော့ ကျွန်တော့်ဆီ ပျံသန်းလာခဲ့။

"သူက ထွန်းထွန်းနိုင်၊ ရည်းစားမရှိသေးဘူး၊ သူက လွင်ကို ဦးတဲ့၊ သူလည်း မစွံသေးပါဘူး၊ နှစ်ယောက်စလုံး (Civil) ကပဲ"

ကျွန်တော့်လူနှစ်ယောက်ကတော့ လမ်းမှာတွေ့လျှင် ခေါ်ကြရန်၊ အကူအညီလိုလျှင် တောင်းကြရန်၊ သူတို့မှာ ပိုက်ဆံအခက်အခဲရှိခဲ့လျှင် ချေးကြပါရန်၊ စားပွဲသောက်ပွဲရှိလျှင် မတွေ့တွေ့အောင်ရှာပြီး ကျွေးမွေးကြပါရန် ဂိတ်ဆုံးမိတ်ဆက်လိုက်ကြသည်။

"သူတို့တစ်ဖွဲ့လုံးကတော့ (MP) ကပဲ၊ ကိုယ်နဲ့ Major တူတွေပေါ့၊ သူက ဇာဇာ၊ သူက ဥမ္မာဦး၊ သူက. . . အဲ. . . "

သွားပြီ။ ကျွန်တော် သူမနာမည် မသိသေးပါ။ သူမ သူငယ်ချင်းတွေနာမည်တောင် မနေ့ကမေးမိ၍ သိနေခြင်းဖြစ်သည်။ အင်း . . . ခက်လိုက်တာနော်။ ကိုယ့်ရည်းစားတစ်ယောက်လုံးရဲ့ နာမည်လေးတောင် မသိသေးတဲ့အဖြစ်ပါ။ ကိုယ့်မျက်ခွက်ကို လက်သီးနဲ့ ပိတ်ထိုးပစ်ဖို့ ကောင်းပြီ။

"အဟဲ. . . မင်းနာမည်. . . ကျွန်တော်မသိသေးဘူးလေ၊ အဲဒါ သူတို့ကို ပြောပြလိုက်ပါဦး"

ကျွန်တော် စိတ်မကောင်းစွာ ပြောလိုက်ရပါသည်။ ကိုယ်



မင်းကို ချစ်လိုက်မိတာ နာမည်မေးဖို့ မေ့သွားခဲ့ပါတယ် မိန်းကလေးရယ်။

"ရှင်. . . ဒါ ကျွန်မကို သက်သက်အရှက်ခွဲတာ. . . ဟွန်း"

သူမ ကျွန်တော့်ကို ဒေါ်လိုက်သောကြောင့် ကျွန်တော့်ရင်ထဲ လိုက်ခနဲဖြစ်သွား၏။ သူမ ဒေါသတကြီးနဲ့ ထ,သွားသည်။ အားလုံး စိတ်ကသိကအောက် ဖြစ်ကုန်ပြီလား။

"ဟေ့. . . မေ. . . ဘယ်လဲဟာ၊ Work Shop ဝင်ရမှာနော်၊ အဆောင်မပြန်နဲ့"

"ကိုမျိုးထွန်းကလည်း ဘာမှန်းလည်းမသိဘူး၊ ဘာလို့နောက်လိုက်တာလဲ"

"ဟာဗျာ. . . မဟုတ်ရပါဘူး၊ ကျွန်တော် တကယ်မသိသေးတာပါ၊ အခန်းချင်းမှ မတူတာဘဲ၊ ခင်ဗျားတို့နာမည်တောင် မနေ့ကမှ သိတာ"

"ဟယ်. . . ရှင် တကယ်မသိဘူးပေါ့၊ ဖြစ်မှဖြစ်ရလေနော်၊ ဒီတစ်ယောက်က တကယ်စိတ်ဆိုးသွားပြီ၊ မေက စိတ်ကောက်လွယ်တယ်၊ သူစိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်စရာပဲလေ၊ ကိုယ့်ရည်းစားက ကိုယ့်နာမည် မသိဘူးဆိုတော့ ရယ်စရာကြီးပဲ"

"ကျွန်တော့်အပြစ်ပါ၊ မနေ့ကတည်းက ခင်ဗျားတို့ကိုမေးမလို့ လုပ်နေတာ၊ ရှက်တာနဲ့ မမေးမိဘူး"

"ကဲ. . . လိုက်ချော့လိုက်ဦး၊ အဆောင်ပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အလတားတောင် ဘာမှနားမလည်ဘူး၊ ငါတို့သိကွာကျတယ်"

"ကိုမျိုးထွန်း၊ သေချာမှတ်သွားနော်၊ မေသင်းကြည်တဲ့ မှတ်မိလား"

ထွန်းထွန်းနိုင်နဲ့ လွင်ကိုဦးကပါ ရောယောင်ပြီး အပြစ်တင်နေသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်တော့ပါ။ ချစ်သူကောင်မလေးရဲ့ နာမည်ကို သူချစ်သူ ယောကျ်ားလေးက မသိဘူးဆိုတော့ ချစ်သူကောင်မလေး ဘယ်လောက်ခံစားရမလဲ။

ကျွန်တော် သူမနောက်ကို အပြေးလိုက်သွားမိသည်။

"ကိုယ့်ကိုခွင့်လွှတ်ပါကွာ၊ ကိုယ်တောင်းပန်ပါတယ်"

"ရှင့်ကို အားကြီးမုန်းတယ် သိလား"

"ဒီတစ်ခါတော့ စိတ်မဆိုးပါနဲ့ကွာ၊ ကိုယ့်မှာ အပြစ်ရှိပါတယ်"

"ရှင်ပြန်တော့၊ ဆက်မလိုက်ခဲ့နဲ့၊ ကျွန်မ ရိုက်ချင်နေပြီ"

"မင်းရိုက်ချင်လည်း ရိုက်ပါကွာ၊ ကိုယ် တကယ်ပြောတာပါ၊ မင်းကိုတွေ့တွေ့ချင်း ချစ်မိသွားတာပဲ သိတယ်၊ မင်းနာမည်တွေ၊ မင်းအသိုင်းအဝိုင်းတွေ စိတ်ဝင်စားလို့ချစ်မိတာ မဟုတ်တော့ ကိုယ် မစုံစမ်းမိတာပါ၊ ဒါလေးတော့ ခွင့်လွှတ်ပါ"

ကျွန်တော် ဝမ်းနည်းကြေကွဲစွာ တောင်းပန်နေပါသည်။ ကံကြမ္မာကို စိတ်နာမိသည်။ မနေ့ကမှ ချစ်သူဘဝရောက်လာတဲ့ ချစ်သူနှစ်ယောက်ကို တမင်တကာ ပြဿနာရှာနေခြင်း ဖြစ်သည်။ ကိုယ့်



အပြစ်ကို ကံကြမ္မာပေါ် ပုံချအပြစ်တင်မိသော ကျွန်တော်ဟာ ကံကြမ္မာရဲ့ ကူညီပံ့ပိုးမှုတွေ ဆယ်ဘီးကားတစ်စီးစာလောက် ပြန်ရခဲ့လေသည်။

ကျွန်တော် ကံကြမ္မာကို ပျစ်ပျစ်နှစ်နှစ် ကျေးဇူးတင်မိသည်။ အနိုကံကြမ္မာကြောင့် ကျွန်တော့်ကို စိတ်ဆိုးခြင်းတွေ ပြေလျော့သွားသည့်အပြင် သူစိမ်းဆန်လှသော ချစ်သူနှစ်ယောက်ကြားကို ရင်းနှီးဖော်ရွေမှုများ တိမ်ဆိုင်တိမ်ခဲများပမာ လွင့်ပါလာခဲ့ပါပြီ။

ကျွန်တော် အမျိုးမျိုးတောင်းပန် ချော့မော့နေသော်လည်း သူမ ဘယ်လိုမှ စိတ်ဆိုးမပြေသေးချိန် ဖြစ်ပါသည်။ မျက်စောင်းတွေ တဖွားဖွားခဲနေချိန်မှ ဖြစ်သည်။

"ယုံပါမေရယ်. . .ငါ တကယ်မသိသေးတာ အမှန်ပါ"

"အို"

(ခုဝ်) မျက်စောင်းထိုးလိုက်သော သူမအား လေနတ်သားက ကျီစားလိုက်ဟန်တူ၏။ မထင်မှတ်ဘဲ သူမ 'လေလည်မိခြင်း'သည် ကျွန်တော့်အတွက်တော့ အိမ်မြှောင်အမြီးနှစ်ခွ ပီယဆေးထက် အဖိုးတန်ခဲ့ပြီ။ အမှတ်တမဲ့ဆိုတော့ ကျွန်တော်လည်း မရယ်ဘဲမနေနိုင်။ အချိန်မီ ထိန်းလိုက်သော်လည်း ရယ်သံတွေ လွှတ်ထွက်ကုန်ပါသည်။

"ရှင်. . . ရှင် ဘယ်သူမှ မပြောရဘူးနော်၊ ကျွန်မ ရှက်ပါနဲ့ သေလိမ့်မယ်"

သူမက မျက်နှာငယ်လေးနှင့် တောင်းပန်နေသည်။ သနား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ချစ်သူရယ်။ မရှက်ပါနဲ့ ချစ်သူ။ လေလည်တာ ဘာဖြစ်လဲ။ ကျန်းမာရေးပဲ။

"တို့ချစ်သူတွေပဲကွာ. . . ဘာရှက်စရာရှိလဲ၊ တစ်ယောက်အကြောင်းတစ်ယောက် နားလည်ခဲ့ကြရင် ဘယ်လောက် ပျော်စရာကောင်းမလဲ"

ပြောရင်းဆိုရင်း ကျွန်တော် သူမလက်ကို ဖမ်းဆုပ်နှစ်သိမ့်လိုက်သည်။

"ကျောင်းပြန်တက်ရအောင်နော်. . . မေ"

"ဒီအကြောင်းတွေ ရှင် ဘယ်သူ့မှမပြောပါဘူးလို့ ကတိပေးပါလားဟင်"

နှင်းဆီပန်းလေး နွမ်းလျနေသည်။ သူမ ကျွန်တော့်ကို ရှက်ရွံ့အားငယ်စွာ ကြည့်နေရှာသည်။ ကောင်းကင်ယံတွင် ငှက်ကလေးများ ပျံသန်းနေရှာသည်။ ကျွန်တော်တို့နှစ်ယောက်လည်း ကောင်းကင်ထဲမှာ ပျံဝဲနေချင်သည်။

"ကိုယ် မင်းကို သိပ်ချစ်တာပဲကွာ၊ မင်းစိတ်ညစ်အောင် ဘာမှမလုပ်ပါဘူး၊ မင်းပျော်နေတာပဲ ကိုယ်လိုချင်တာပါ၊ စိတ်ချပါ၊ ကိုယ် ကတိပေးပါတယ်"

"ဟိုလေ. . . မနေ့ညက အဆောင်မှာ ပဲကြီးသုပ်တွေ အစားများသွားလို့ သိလား. . . အဟဲ"

သူမမျက်နှာမှာ အပြုံးတွေပွင့်လာခဲ့ပြီ။ ခုတော့ အာဒံနဲ့ဧဝ



တွေ့ကြပြီလေ။ ဒါပေမယ့် GTI လမ်းတွေဟာ ဧဒင်ဥယျာဉ်လိုတော့ လှသူလေးပါး မကောင်းရှင်း။ ကျောင်းသူ၊ ကျောင်းသားတွေ ဟေးလားဝါးလားနဲ့ ကျောင်းသွားကျောင်းပြန်နေချိန် ဖြစ်သည်။

ကျွန်တော် သူမကို ပဲကြီးသုပ်ကျွေးသော အဆောင်စားဖိုမှူးအား သိန်းထီပေါက်ပါစေဟု ကျိတ်၍ဆုတောင်းပေးမိပါသည်။

ကျွန်တော်သာ တန်ခိုးရှင်တစ်ယောက်ဖြစ်ခဲ့လျှင် ကျေးဇူးရှင် အဆောင်စားဖိုမှူးကို သိန်းထီပေါက်စေမည်။ သိန်းထီပေါက်သော စားဖိုမှူးသည် ပဲကြီးစေ့တွေ ဂိုထောင်နဲ့ဝယ်လှောင်ကာ ညစဉ်ညတိုင်း သူမတို့ကို ကျွေးခိုင်းပစ်မည်။

ကျွန်တော့်ဒိုင်ယာရီထဲတွင် 'ချစ်ခြင်းအစ ငရုတ်သီးက'နဲ့ 'ရည်းစားဖြစ်ခြင်းအစ ဦးရွှေရိုးက' ဆိုတာတွေ ရေးခဲ့ပြီးပြီ။ အခုတော့ 'ပြေလည်ခြင်းအစ ပဲကြီးသုပ်က'ဟု ရေးရဦးမည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၂)

### (က)

အဲဒီနေ့က ကျွန်တော့်မာနတွေ ကျွန်တော်ကိုယ်တိုင် လက်ဖျားခါမိသည်။ မာနတစ်ခွဲသားနဲ့ ကျွန်တော့်အသည်းဟာ နည်းနည်းလေးတော့ မာကျောတယ်ဆိုတာ သူမ သိသွားပြီလေ။ အဲဒါ ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့မာန။ မျိုးထွန်းရဲ့မာန။ ငါ့အချစ်တွေ ဆလံပြုလိုက်ရတဲ့ ငါရဲ့ အရှုံးခံမာန။

အဲဒီနေ့ဟာ *Major Welcome* နေ့စွဲကို ပူလောင်ခြောက်သွေ့စွာ ဖြတ်ကျော်ခဲ့တဲ့နေ့။ ချစ်သူနှစ်ဦးရဲ့ ပျော်ရွှင်စ,ဘဝလေး မှန်တိုင်းကျစေတဲ့နေ့။

အဲဒီနေ့မှာပဲ။ ကျွန်တော့်ဗိုက်ထဲမှာ အာဖရိကဗုံသံတွေ ဆူညံသွားခဲ့တယ်။ ကျွန်တော့်ရဲ့ ရှိစုမဲ့စုမာနတွေ တူးဖော်ဖွင့်ဟပြသလိုက်ရတာလည်း အဲဒီနေ့မှာပဲ။



ကျွန်တော် Mp, Major Welcome သည် (---,---,1998) မှာ ကျင်းပခဲ့ပြီးပြီ။ မရည်ရွယ်တာတွေ ဖြစ်တတ်လွန်းတဲ့ လောကကြီးရဲ့ ဒွ-တီး-ဝွ-ကျ ဇာတ်လမ်းတွဲကြီးမှာ ကျွန်တော်ဟာ ဘင်ပိုလာနံပါတ်ဆေါ်လီလုံးလေးတွေလို ယောင်လည်ယောင်လည် ဖြစ်နေရှာသည်။

ပိစိဖိတ်သမုဒ္ဒရာကြီးထဲမှာ ပေါလောမျောနေတဲ့ ဘီယာဘူးခွံလေးတစ်လုံးလို ကျွန်တော့်အဖြစ်တွေဟာ အတော်စိတ်ပျက်ဖို့ကောင်းခဲ့သည်။

ကျွန်တော်နဲ့ Major Welcome လွဲချော်သွားအောင် ဖန်တီးလိုက်သူကတော့ ရပ်ကွက်ထဲရှိ 'အောင်နက်'ပဲ။ အောင်နက်ဟာ ကျွန်တော့်ခြေသလုံးကို ကိုက်ဖြတ်ပစ်ရုံသာမက စိတ်ပျက်စွာ ကျွန်တော်နှင့်ပတ်သက်နေသော အရာအားလုံးကို ဥပေက္ခာပြုလိုက်ရပါသည်။

ကျွန်တော် ကံဆိုးခြင်းသာ ဖြစ်ပါသည်။ အစကတော့ ဦးရွှေရိုးလုပ်ရမှာမို့ Welcome နေ့ကို အတော်ကြောက်ခဲ့ပါသည်။ ကံကောင်းထောက်မ၍ ကျောင်းသားတွေထဲက မစံပယ်လုပ်ရဲသူ ပေါ်မလာတာကြောင့် ကာတိမပျက်ဘဲ ဦးရွှေရိုး မလုပ်ရတော့ခြင်းဖြစ်သည်။ ဒါတောင် ဆရာမက ကျောင်းသားအငြိမ့်ပွဲမှာ လူပြက်လုပ်ခိုင်းနေသေးသည်။ မေကခွင့်မပြု၍ ကျွန်တော် လူပြက်မလုပ်ရဲကြောင်း ဆရာမကို တောင်းပန်ခဲ့ရသည်။

ဘယ်လောက် ပျော်စရာကောင်းမလဲ။ Welcome နေ့မှာ ချစ်သူနဲ့အတူ အပြတ်အသတ်တွဲပျော်ဖို့ သုံးလေးရက် စိတ်ကူးယဉ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကံဆိုးချင်တော့ ကျွန်တော် ကျောင်းဂေဟအပြန်မှာ အောင်နက်ရဲ့ မနာလိုဝန်တိုမှုကို ခြေသလုံးဆင်းခံခဲ့ရပါသည်။

ဟုတ်တယ်လေ။ အဲဒီနေ့က အပြန်မှာ ခမ့်အကြောင်း ခေါင်းထဲထည့်ပြီး၊ ရင်ခုန်သံတွေ လျှပ်တိုက်စီးပြီး ပြန်ခဲ့တာပါ။ အောင်နက်ကို ခလုတ်တိုက်မိခဲ့တာပါ။ အောင်နက်ဟာ ကျွန်တော့်ချစ်သူအကြောင်း တွေးလာတာကို နာလိုဟန်မတူပါဘူး။ သူ့ကို ခလုတ်ကလေးတိုက်မိတာနဲ့ လှိမ့်ကိုက်လိုက်တာဗျာ။ ကျွန်တော့်မှာ ဆေးသုံးရက်ထိုးယူလိုက်ရပါ၏။

Welcome ပြီးသွားသည့် နောက်တစ်ပတ်မှပဲ ကျွန်တော် ကျောင်းပြန်တက်နိုင်ခဲ့ပါသည်။ စိတ်ပျက်ခြင်းတွေကို သီချင်းလုပ်ဆိုပစ်လိုက်သည်။ ကျောင်းပြန်တက်နိုင်သောအခါ ကျွန်တော့်ရင်မှာ ချမ်းမြေ့လှသည်။ ဆောင်းဦးပေါက် လေနုအေးတွေလို တစိမ့်စိမ့်နဲ့ ကြည်နူးမှုတွေ လန်းဆတ်လှသည်။ သူမရဲ့ ကြည်ဖြူမှုတွေကြောင့်လည်း ဖြစ်ပါလိမ့်မည်။ သူမသည် ဟိုတစ်ခါကိစ္စ. . . ဟိုသင်း (လွှီးဝှက်ကိစ္စ) ဖြစ်ပြီးနောက်မှာ ကျွန်တော့်အပေါ် တော်တော်ကြည်ဖြူလာခဲ့သည်။ ချစ်သူ ပီသခဲ့ပြီပေါ့။

စကားမစပ် ပြောရဦးမည်။ ကျွန်တော်နဲ့ ချစ်သူပန်းသီးလေးတို့ အချစ်ရေးသည် နှလုံးသားချင်း ဘယ်လောက်အထိ နားလည်မှုတွေ ဖြစ်နေပြီထင်သလဲ။

အခေါ်အဝေါ်တွေ ပြောင်းသွားခဲ့ပြီ။ လေသံတွေ ပြောင်းသွားခဲ့ပြီ။ မျက်စောင်းတွေ ဒီဂရီနိမ့်ခဲ့လေပြီ။

အဲဒီနေ့က ကျွန်တော်တို့အဖြစ်အပျက်တွေကို အဲဒီနေ့က ဖြစ်စဉ်အတိုင်း တင်ပြပါမည်။ ကျွန်တော့်ဒိုင်ယာရီ စာမျက်နှာတွေထဲမှာ ရင်ခုန်သံတွေ ပျံ့ဝဲနေခဲ့ပြီ။ ထိုနေ့က ကျွန်တော် သူမကို အဆောင်ထိုက်ပို့ခဲ့ပါသည်။

"မင်း. . . သူငယ်ချင်းတွေက အနောက်သန်တယ်နော်"

"ရှင့်သူငယ်ချင်းတွေလိုပေါ့နော်"

"ဒီလို အနောက်သန် အစ,သန်တဲ့ သူငယ်ချင်းတွေကြားမှာ ကိုယ်တို့ နားလည်မှုတွေ အမြဲရှိမှဖြစ်မှာနော် မေ"

"အင်း. . . ပေါ့. . . လို့"

"ဒါနဲ့ ကိုယ့်ကို ကျန်စစ်သားလို့ ခေါ်ပါလား"

"မခေါ်ပါဘူး၊ ဘာမှန်းလည်း မသိဘူး၊ ကျန်စစ်သားရဲ့ လက်သီးဆုပ်လောက်ရှိတဲ့ လူကများ"

"ကျန်စစ်သားလို့ မခေါ်ချင်ရင်လည်းနေပါ၊ မောင်. . . လို့တော့ခေါ်ပါ မေရယ်"

"ဟွန်း. . . ဘာမှလည်းမဆိုင်ဘူး"

"မောင်လို့ခေါ်ကွာ"

"မခေါ်ချင်ပါဘူး၊ ကျွန်မရှက်တယ်၊ ရှင်ကလည်း ဘာလို့များခေါ်ခိုင်းနေရတာလဲ၊ 'မောင်'လို့ အခေါ်ခံရတော့ ရှင် ဗိုက်ပြည့်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . .အင်း။ ဟိုသင်းလေ၊ မေ၊ ရှင်တွေ. . . ကျွန်မတွေ. . . ကျွန်တော်တွေနဲ့ ပြောရတာ လျှာအရသာမတွေ့ဘူးကွ၊ သူစိမ်းဆန်တယ်"

"ဩော်. . . ရင်းရင်းနှီးနှီး ခေါ်ချင်တာလား၊ ရတယ်လေ ဒီတော့ နင်နဲ့ငါပဲ ပြောကြတာပေါ့၊ နင် သဘောတူ. . ."

"မဟုတ်သေးပါဘူးဟာ၊ နင်နဲ့ငါ ဆိုတာကြီးက"

"လုပ်မနေနဲ့၊ နင်နဲ့ငါနဲ့ပဲ ပြောမယ်ဟာ၊ ဒါပေမယ့် တစ်ခါတလေတော့ ငါ နင့်ကို 'မျိုး'လို့ ခေါ်မယ်လေ၊ ကျေနပ်တော့နော်"

"အင်း. . ."

"ကျေနပ်ရင် ပြန်တော့"

"အဲ. . . အင်း"

"ဟဲ့ ဘာကြောင့်နေတာလဲ၊ ဟိုမှာ အဆောင်ကကောင်မတွေ ဝိုင်းကြည့်နေပြီ၊ ပြန်တော့"

"မေ. . ."

"ဘာလဲ"

"ငါပြန်မယ်နော်"

"ကောင်စုတ်"

အဲဒီလိုပါပဲ။ သူမ အဆောင်ထဲဝင်သွားမှ ကျွန်တော် ကားဂိတ်ပြန်ခဲ့တာ အကြိမ်ပေါင်း မနည်းတော့ပြီ။ ကျောင်းမှာလည်း အတန်းအားတာနဲ့ ကင်တင်းမှာ အတူထိုင်ပြီး အချစ်စကားလေးတွေ



ရေပက်မဝင်အောင် ပြောဖြစ်ကြသည်။

အဲဒီနောက်ပိုင်းမှာ ပျားအုံကို တုတ်နဲ့ထိုးဆွသလို သူမ ကျွန်တော့်မာနတွေကို ဆွခဲ့တဲ့နေ့ကလေး ရောက်လာခဲ့သည်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ သာယာနေတဲ့ ဘဝလေးထဲဝင်ပြီး ဆိုင်ကလုံးဆိုတာကြီး အရက်မူးသွားတယ်လေ။ အဲဒီနေ့က. . .

ဒီတစ်ခါရောဆို အိမ်သာတက်ရသည်မှာ ငါးခါပြည့်ပြီ။ ဒါဆို ဗိုက်က တဂွီဂွီနေသေးသည်။ ခုလည်း အိမ်သာတက်ချင်နေပြန်ပြီ။ သေတော့မှာပဲ။ ညက ဝမ်းနှုတ်ဆေးတွေ အများကြီးတွယ်ခဲ့မိတာ မှားမှန်း နောင်တတွေ တရစပ်ရနေ၏။

အမှန်တကယ် ကျွန်တော်ဝမ်းလျှောနေသည်ကို ဘယ်သူမှ မသိပါ။ GTI တစ်ကျောင်းလုံး မသိဘူး။ ကျောင်းအုပ်ဆရာကြီးလည်း မသိဘူး။ ကျွန်တော့်ရဲ့ ပန်းသီးကလေးလည်း မသိဘူး။

အတန်းလည်း မတက်ဖြစ်ပါ။ ဗိုက်ဒုက္ခက ယုံရတာမဟုတ်။ ခုနေ အိမ်သာထဲက ထွက်လာသော်လည်း ခုတစ်ခါ အိမ်သာပြန်ဝင်ရတော့မည်ဆိုတာ သိပါသည်။ ကဲ. . . မထူးတော့ပါဘူး။ မြင်မိတဲ့သူတွေ ရိပ်မိပါစေတော့။ သွားစမ်းပါ။ တစ်နေ့တည်း အိမ်သာခြောက်ကြိမ်တက်တာ ဘာဖြစ်လဲ။

"မျိုး"

ကျွန်တော်၏ ရေးကြီးသုတ်ပျာ ခြေလှမ်းတွေကို ဒိုးခနဲ ဒိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခနဲ ရပ်တန့်စေသော နှုတ်ခမ်းတစ်စုံသည် ကျွန်တော့်ရင်ခုန်သံပန်းသီးမှတစ်ပါး အခြားဘာဖြစ်ဦးမှာလဲ။ ကျွန်တော့် ရင်ခုန်သံပန်းသီးလေး အတန်းလင်ကာ ကင်တင်းရောက်နေသည်မှာ ဘာကြောင့်လဲ။ 'မေရယ် ငါဗိုက်နာနေတယ်' လို့ ရင်မှာ အတိုးတိတ်ဆုံးရေရွတ်ပြီး ချစ်သူဆီ လှမ်းသွားမိသည်။ ကျွန်တော့်အဖြစ်ဟာ အိမ်သာတက်ခြင်းထက် အချစ်ကို ဦးစားပေးရတော့မှာလား။ ဟင့်အင်း။ ဘယ်လိုမှ မဖြစ်နိုင်ပါ။ အချစ်နဲ့ အိမ်သာတက်ချင်စိတ်သည် အတူတူဖြစ်ပါလိမ့်မည်။ ဘယ်အရာမှ အောင့်ထားလို့မရ။ ထို့ကြောင့်. . .

ကျွန်တော် 'အချစ်' နှင့် 'အိမ်သာတက်ခြင်း' ကို တန်းတူအခွင့်အရေး ပေးလိုက်ပါသည်။ အခု အိမ်သာတက်ချင်စိတ်ကို ခေတ္တအောင့်အည်းမျိုသိပ်ကာ ချစ်သူဆီ သွားခဲ့သည်။ ပြီးရင် ချစ်စိတ်ကို အောင့်အည်းကာ အိမ်သာသွားတက်ရမည်။

"တဲ့. . . မျိုး ဘာသောက်မှာလဲ၊ နင့် မြင်လိုက်ရတာ ငါ အရမ်းပျော်သွားတာပဲ သိလား"

သူမ သူငယ်ချင်းတွေက ပြုံးစိစိကြီးတွေ လုပ်နေကြသည်။ မေ့မှာ ဘာအကြံအစည်တွေ ရှိနေပြီလဲ။ ဒီလောက် စကားချိုချိုတွေနဲ့ ညို့ငင်နေတာ ဘာလဲမေရယ်။ ကျွန်တော့်ဗိုက်ထဲက ကိုရွှေချေးသည်ကလည်း ရထားမမီမှာ စိုးရိမ်နေပုံရသည်။ ဒီအချိန်မှာ ကျွန်တော် ကြက်သားပေါက်စီ (သို့) ဝက်သားတုတ်ထိုး မစားချင်သေးပါ။ ဖြစ်နိုင်ရင် အိမ်သာပဲ တက်ချင်ပါသည်။



"မေ. . . ခဏလေးနော်၊ ငါ အရေးကြီးနေလို့၊ ပြီးမှပြန်လာခဲ့မယ်"

"ဘာလဲမျိုးရဲ့၊ နင့်မှာ ငါ့ထက်အရေးကြီးစရာ ရှိသေးတယ်ပေါ့လေ"

"အဲ. . . မရှိပါဘူး၊ နင်ဟာ ငါရဲ့ အရေးကြီးဆုံးပါ မေရယ်"

"ဒါဆိုလည်း ဘာမှမသောက်ချင်လည်း ငါ့ကို ထိုင်ကြည့်စမ်းပါနော်၊ ငါ နင်ထိုင်ကြည့်နေတာ ခံချင်လို့ သိလား"

ဘာတွေဖြစ်ကုန်ပြီလဲ။ ဇာဇာတို့ကငြိမ်ပြီး စကားနည်းတဲ့ ကောင်မလေးက စကားပေါနေသည်။ သူတို့မှာ လျှို့ဝှက်ချက်တစ်ခု ရှိနေပြီဆိုတာ ကျွန်တော် သိလိုက်ပြီ။ ချွဲပြ သည်းပြနေသော ပန်းသီးလေးကြည့်ရတာ ချစ်စရာအကောင်းသား။ ဒါပေမယ့် ကျွန်တော့် ပြဿနာကလည်း လှုပ်လှုပ်ရွရွ ဖြစ်နေပြီလေ။ အိမ်သာတက်ချင်လိုက်တာ မေရယ်။ ဒီလိုပြောလိုက်ရရင် သူမနဲ့ သူမအဖော်တွေ ရယ်ကြမှာပဲ။ ဟင့်အင်း။ အဲဒီလောက်ကြီး တည့်မပြောချင်။ ကျွန်တော့်ဒုက္ခအတွက် ကလိမ်ကကျစ်ဉာဏ် အနည်းအကျဉ်းတော့ ထုတ်သုံးရတော့မည်။ မိန်းမတွေတောင် မာယာများသေးတာပဲ။ ငါဟာ ဒုက္ခသည်ပါ မေ။

"ဟာ"

"မျိုးထွန်း နင်. . . နင် ငါ့အနားမနေချင်လို့ တမင်လုပ်တာ၊ သွား. . . သွား. . . နင်သွားချင်ရာသွားတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မေကလည်း မတော်လို့တိုက်မိတာပဲဟာ. . . နင်ကလည်း"

"ဟုတ်ပါတယ် ငါ အတွေးလွန်ပြီး တိုက်မိလိုက်တာပါ"

ဇာဇာနဲ့ ဉမ္မာတို့က မရိပ်မိ။ သူမက အတော်လျင်သည်။ ကျွန်တော် တိုက်ချလိုက်သော လက်ဖက်ရည်ခွက်မှောက်ကာ သူမထဘီ အနည်းငယ်ပေစွန်းကုန်သည်။ သူမက စိတ်တိုပြိုင်ပွဲဝင်လျှင် ဗိုလ်စွဲမည့် အာဂစိတ်တိုတို ဘုရင်မလေး မဟုတ်လား။

"သွားဆို သွားနော်. . . ငါ အော်မိတော့မယ်"

ကျွန်တော် ဘာမှမပြောဘဲ ထိုင်ရာမှ ထ,ခဲ့သည်။ ဒီလိုဖြစ်စေချင်လို့ ဒီလိုလုပ်လိုက်တာပဲ။ အိမ်သာတက်ပြီးမှ သူမကို ချော့မည်။ ကျေနပ်အောင် တောင်းပန်မည်။ အခုတော့ အရေးအကြီးဆုံးဟာ အိမ်သာတက်ရဖို့ပဲ မဟုတ်လား။ ကျွန်တော် ကင်တင်းမှ ပြေးထွက်ခဲ့သည်။ ဉမ္မာတို့က သူမကို ဘာတွေပူညံပူညံ လုပ်နေသည်ကိုတော့ ကျွန်တော် မကြားတော့။

"ဟော့. . . မျိုး. . . နေဦး"

သူမ, ကျွန်တော့်နောက်ကို ပြေးလိုက်လာသောအခါ ကျွန်တော့်နဖူးမှာ ချွေးတွေအတော်စို့နေပြီ။ ဗိုက်ထဲက ညည်းသည်ကလည်း အသည်းအသန်။ ကျွန်တော် ဒီလမ်းက လာခဲ့မိတာကိုက မဟာအမှား။ သူမ ကျွန်တော့်အနား ရောက်လာသောအခါ မမျှော်လင့်သော အကြောင်းကို ပြော၏။



"မျိုး. . . ငါ့ကို ပိုက်ဆံပေးခဲ့ဦး၊ ငါတို့ ပိုက်ဆံအိတ် ထွက်ကျလို့၊ အဲဒါ လက်ဖက်ရည်ဖိုး ရှင်းစရာမရှိဘူးဟ"

"အဲ. . . အင်း. . . ငါ့မှာလည်း ပိုက်ဆံမပါခဲ့ဘူး မေ၊ ကားခတောင်. ဟိုကောင်တွေ ရှင်းခိုင်းရတာ"

"ဟင်. . . ဒါဆိုလည်း လာဟာ. . . တို့နဲ့အတူထိုင်ပြီး လက်ဖက်ရည်ဖိုး အကြံထုတ်စမ်းပါဦး"

"အေးပါ မေရယ်၊ ငါပြန်လာခဲ့မယ်၊ ကိစ္စအရေးကြီးနေလို့"

ကြည့်။ သူမက မျက်စောင်းထိုးနေပြီ။ မောင့်ဒုက္ခ မောင်အသိဆုံးပါ မေရယ်။ ကျွန်တော် ပိုက်ဆံကိစ္စ စိတ်မဝင်စား။ အိမ်သာတက်ချင်ပါသည်။

"နင် တစ်ကိုယ်ကောင်း သိပ်ဆန်တာပဲ၊ ဘာကိစ္စမို့ ဒီလောက်ဖြစ်နေရတာလဲ"

"စိတ်ချပါ၊ ငါပြန်ခဲ့ပါမယ်၊ ခဏလေးပါ၊ သိပ်အရေးကြီး"

"ပြောလေ ဘာကိစ္စလဲဆို"

"အရေးကြီးကိစ္စပါဆိုနေ"

"ဟဲ့ ဘာအရေးကြီးကိစ္စလဲ မေးနေတာ"

"အဲ. . . အင်း. . . ဟိုသင်းလေဟာ"

"ဘာလဲ. . . နင် မပြောနိုင်ဘူး မဟုတ်လား၊ အင်းလေ. . . နင်မပြောချင်လည်း ရပါတယ်"

"ဟာ. . . မဟုတ်ပါဘူး မေရယ်. . . ငါလေ. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောထည့်လိုက်ချင်ပေမယ့် နှုတ်ကမရဲသေး။ ငါ ဘယ်လိုပြောရမလဲ။ ငါဟာ နည်းနည်းလေးမှ အရှက်မရှိတဲ့အကောင် ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူးမေ။ နင့် ပါးစပ်က ခပ်ဖွာဖွာ။ ငါ့အကြောင်း လူတွေသိရင် ခက်ကုန်မှာပေါ့။ ဟင့်အင်း. . . မဖြစ်ဘူး။ ငါ့ဒီမျက်နှာကြီးနဲ့ ဘယ်မှာ မျက်နှာပြောင် တိုက်ရဲမှာလဲကွယ်။

"အူကြောင်ကြောင် လုပ်မနေနဲ့ မျိုးထွန်း၊ ငါ စိတ်ဆိုးတော့ မှာ"

မိန်းမတွေဟာ နှမ်းစေ့လောက် ကိစ္စလေးတွေကအစ စိတ် ဆိုးတတ်ပါသလား။ ဟုတ်ကဲ့။ မေကတော့ ဘာလေးဖြစ်ဖြစ် စိတ်ဆိုး ခြင်းကို ရှေ့တန်းတင်လွန်းပါသည်။ ခုလည်း စိတ်ဆိုးတော့မည်ဟု တရားဝင်ကြေညာနေပြီ။ ကျွန်တော် သူ့မရဲ့ စိတ်ဆိုးခြင်းဒဏ်ကို ခံရဖန်များလွန်းလို့လားမသိ။ အနည်းငယ် ကြောင်အမ်းအမ်းဖြစ်ရုံ မှတစ်ပါး အခြားစိတ်ချောက်ချားခြင်း၊ တုန်လှုပ်ခြင်း အလျဉ်းမရှိ တော့ပြီ။ မဖြုန်တော့တာလည်း ဖြစ်နိုင်သည်။

"ကဲ ပြော. . . နင် ဒီလောက်ကြီး လျှို့ဝှက်ထားရအောင် ဘယ်လောက်အရေးကြီးတဲ့ ကိစ္စမို့လဲ၊ ပြောလေ မျိုးထွန်း၊ ငါ့သူငယ် ချင်းတွေပါသိအောင် နင်ကိုယ်တိုင် လိုက်ပြောပြရမယ် ဒါပဲ"

"မပြောဘူး၊ ငါမပြောပါရစေနဲ့ မေ"

ကျွန်တော့်ရင်ထဲရှိ ပြာဖုံးနေသောမီးခဲသည် လေအဝှေ့တွင်



'ရဲမနဲ့' 'ရဲခနဲ'။ ချစ်သောသူ အငြိုငြင်ခံပြီး ရေငုံနှုတ်ပိတ်နေတဲ့ မာန ကိုတော့ ကျွန်တော်ကိုယ်တိုင် ရှိန်းတိန်းဖိန်းတိန်း ဖြစ်မိ၏။ ဒါဟာ အချစ်စိတ်ကို မျိုသိပ်နိုင်စွမ်းတဲ့ မျိုးထွန်းရဲ့မာနကွ။ ဘာပြောချင်ပါ သလဲ၊ ဖြစ်နိုင်ရင် ငါ့မျက်ခွက်ကို ရေခဲသေတ္တာထဲ ပြေးထည့်ထားချင် သည်။

"ဟိုကောင်မတွေ လှမ်းခေါ်နေပြီ၊ သူတို့သိအောင် နင်လိုက် ပြောပြနော် ဒါပဲ"

"ငါမပြောချင်ဘူး မေ"

"မပြောချင်လည်းနေ၊ ရတယ် မျိုးထွန်း"

သူမ စိတ်ဆိုးကာ လှည့်သွားသော်လည်း ကျွန်တော် လိုက် မချော့ဖြစ်တော့။ ဒီအချိန်မှာ ကျွန်တော့်ကိစ္စကို စိတ်ချလက်ချရှင်း ပစ်ဖို့ အကောင်းဆုံးအခြေအနေ ရောက်နေပြီ။ ကျွန်တော် ခြေလှမ်း ခပ်ကျဲကျဲ စတင်လှမ်းလိုက်သည်။ ဖြစ်နိုင်ရင်ပေါ့။ အခု ငါလွယ်ထား ရတဲ့ ဒုက္ခတွေ နင့်ကို နည်းနည်းလေး ခွဲဝေပေးချင်လိုက်တာကွယ်။ ဒါမှ နင် စာနာတတ်မှာပါ မေ။

မြစ်ဟူသည် အကွေ့အကောက် ကြွယ်ဝ၏။ ချစ်သူသည် စိတ်ကောက်လွယ်၏။ မြစ်ကွေ့မြစ်ကောက်တွေ ငါမဖြောင့်နိုင်ပါဘူး မေ။ ဒါပေမယ့် ချစ်သူစိတ်ကောက်တာလောက်တော့ ငါချော့နိုင်မှာ ပါလေ။ ချစ်သူကျေနပ်တဲ့အထိ ငါချော့ပါ့မယ်။ ယုံကြည်ပါမေ။ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောက်ခြင်းတွေ အကြွေးမှတ်ထားပါ။ ငါပြန်ဆပ်ပါ့မယ်။ ခုတော့ အရေးကြီးကိစ္စလေး ရှိနေလို့ပါကွယ်။

⊛

## (ခ)

အိမ်သာကို ပေါ့ပါးလွတ်လပ်စွာ ကျောခိုင်းခဲ့၍ ကင်တင်းဘက် ခြေဦးလှည့်ခဲ့ပြန်သည်။ ကင်တင်းမှာ သူမ မရှိတော့။ ဇာဇာ တစ်ယောက်တည်း ဟိုငေးဒီငေး လုပ်နေသည်။ သူမတို့စားပြီးသား ပန်းကန်ခွက်ယောက်တွေကလည်း ပျင်းရိခြင်းများစွာနှင့် ခပ်တည်တည်ကြီးတွေ တည်ရှိနေဆဲ။

"ဇာဇာ မေတို့ဘယ်သွားလဲ"

"ဩော်. . . မျိုးထွန်း ထိုင်လေ၊ မေတို့ အဆောင်ပြန်ပြီး ပိုက်ဆံသွားယူတယ်၊ ကျွန်မတို့လည်း မေ့ဆီမှာပါတယ်ဆိုပြီး ပိုက်ဆံမယူခဲ့ဘူးလေ၊ ဖြစ်ချင်တော့ မေက ပိုက်ဆံအိတ်ထွက်ကျခဲ့တယ်လေ"

"သူတို့ အဆောင်ပြန်သွားတာ ကြာပြီလား၊ ဒါဆိုရင် ကျွန်တော် ရှင်းလိုက်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ပိုက်ဆံမပါဘူးဆို"

"အဲ. . . အင်း. . . အဆင်ပြေသွားမှာပါ"

ကျွန်တော် 'ရှင်းလိုက်မယ်'ဟု အာမခံကာ ထိုင်ရာမှထသည်။ ကောင်တာတွင် မိန့်မိန့်ကြီးထိုင်နေသော အန်တီအေးဆီ သွားလိုက်သည်။ ကျွန်တော့်အနေနဲ့ကတော့ ထုံးစံအတိုင်း ကျွန်တော့်စာရင်းထဲ ထည့်ခိုင်းရသည်။ အန်တီအေးက ခပ်တည်တည်ကြီးနဲ့ စာရင်းထဲမှတ်သည်။ ပြီးတော့ (၆၅၀) ရှိသွားပြီဟု မအီမသာ သတိပေးသည်။ ကျွန်တော် မျက်နှာချိုသွေးကာ မကြာခင်မှာ အကြွေးစာရင်းရှင်းပါမည်ဟု ကတိပေးပြီး ကောင်တာအနားက ခပ်မြန်မြန်ခွာခဲ့၏။

ဇာဇာနဲ့အတူထိုင်ရင်း မေ့ကိုစောင့်သည်။ မေကျေနပ်တဲ့အထိ ချော့မော့ရမည်။ ရည်းစားဘဝဆိုတာ ချော့လို့မဝ. . . (အဲ) . . . ဆော့လို့မဝ။

"နင်တို့ ဘယ်လိုဖြစ်ကြပြန်တာလဲ၊ ဒီတစ်ခါ ဟိုကောင်မ တော်တော်လေး ဒေါပွနေပုံပဲ၊ နင်တို့အစား ငါတော့ စိတ်ညစ်လိုက်တာဟာ"

"ဒီလိုဟ"

ကျွန်တော် (ဒီလိုဟ)နဲ့ နိဒါန်းပျိုးပြီး ခုနက သူမနဲ့ ဖြစ်ပျက်ပုံကို အသေးစိတ်ရှင်းပြကာ ရှက်ခြင်းနှင့် နိဂုံးချုပ်လိုက်ရပါသည်။ မတတ်နိုင်ဘူးလေ။

ဇာဇာက ဟက်ဟက်ပက်ပက် ရယ်နေသည်။ ကျွန်တော်



လည်း ရှက်ရမ်းရမ်း ရယ်မိသည်။

"နင်ကလည်းဟယ်. . . ဒါများ အစကတည်းက ပြောလိုက်ပေါ့"

"ငါ ရှက်တာပေါ့ဟ"

ဇာဇာက ရယ်ကျဲကျဲနဲ့ ပြောသောအခါ ကျွန်တော်လည်း ရယ်ကျဲကျဲ ပြန်ပြောမိသည်။ ရယ်မောခြင်း၏ အာနိသင်ကို တော်တော်သဘောကျမိ၏။

"အဲ ဒါနဲ့ နင်သွားတော့၊ ဟိုကောင်မ နင်ပြောရင် ယုံမှာမဟုတ်ဘူး၊ ငါ ရှင်းပြလိုက်မယ်လေ"

သူမအကြောင်းသိသူ ပီသစွာ ကျွန်တော့်ကို ရှောင်ခိုင်းနေသဖြင့် ကျွန်တော် ရှောင်နေရတော့မည်။ မိန်းမချင်းပြောတော့ ပိုသဘောပေါက် လွယ်တာပေါ့လေ။ ကျွန်တော်ရှင်းမှ ပိုရှုပ်ကုန်မှာလည်း စိုးရသေးသည်။ မထူးပါဘူးလေ။

"အေးပါဟာ. . . နင် နားလည်အောင် ရှင်းပြလိုက်ပါနော်၊ လက်ဖက်ရည်ဖိုးတွေ ရှင်းပြီးသားနော်၊ ကိစ္စရှိလို့ ငါ့ကိုတွေ့ချင်ရင် အိမ်သာဘက် လာကြည့်လှည့်နော်၊ ငါ အိမ်သာနားမှာပဲ ရှိမှာပါ၊ သွားမယ် ဇာဇာ"

"အေးပါဟယ်၊ နင့်ကိုကြည့်ပြီး ငါ ရယ်လည်းရယ်ချင်တယ်၊ ရယ်လည်း မရယ်ချင်တော့ပါဘူး"

ဇာဇာက ပြောချင်ရာပြောပြီး ရယ်နေပြန်သည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဘုမသိဘမသိ ရယ်ကာရယ်ကာနဲ့ ကင်တင်းမှ ထွက်ခွာခဲ့သည်။ ကျွန်တော်ရယ်တာက ရှက်လို့ရယ်တာပါ။ သူမရယ်တာကရော ဘာဖြစ်လို့လဲ။ ဒီနေ့အဖို့ ကျွန်တော် အိမ်သာပရဝုဏ်မှာ သောင်တင်နေပေဦးမည်။

❀

(၈)

နောက်တစ်နေ့ Notice Board တွင် ပိုက်ဆံအိတ်တစ်လုံး တောက်ရထားကြောင်း၊ လာရောက်ရွေးယူနိုင်ကြောင်း အသိပေးထားသော ဖတ်ရသည်။ ထိုအသိပေးစာနှင့်အတူယှဉ်ပြီး ပန်းနုရောင် စာရွက်တစ်ရွက်ကိုလည်း ကျကျနန ကပ်ထားသေး၏။

ထိုစာရွက်ကို မြင်လိုက်တာနဲ့ ကျွန်တော့်ရင်တွေ ဒုန်းခံနဲ့ ဆခုန်တော့သည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ နည်းနည်းလေးမှ စဉ်းစား၍မရသော ပြဿနာနှင့် ကျွန်တော်သည် ကြောင်တောင်တောင်ဖြစ်ကာ Notice Board အနားမှ မခွာနိုင်ဘဲ ဖြစ်နေသည်။

အများကြီး စဉ်းစားပါမှ ဖြစ်နိုင်ချေရှိသော အဖြေတစ်ခု ရလာသည်။ မေ့အတွက် သီးသန့်ရေးပေးခဲ့သော ကျွန်တော်၏ရင်ခွင်းညွှစ် အချစ်ဝါကျပါ အချစ်သဝဏ်လွှာလေး Notice Board ပေါ်

www.burmeseclassic.com



ရောက်နေခြင်းသည် မေ့ပိုက်ဆံအိတ်ထဲက ရှာဖွေတွေ့ရှိသွားတာပဲ ဖြစ်နိုင်သည်။ ဒါပဲဖြစ်နိုင်သည်။ ဒီသဝဏ်လွှာကလေးသည် မေနှင့် ကျွန်တော်တို့ အချစ်ခရီးအစ ပြေလည်ချိန်က ကြိုးစားပမ်းစား ရေး ပေးခဲ့သော အချစ်စေတမန်လေး ဖြစ်၏။

မေ

ကျွန်တော် မေ့ကိုသိပ်ချစ်တာ ယုံပါတယ်နော်။ တကယ်လို့ မေက မယုံကြည်ဘဲ မေ့ကိုချစ်သမျှ ကျွန်တော့်အချစ်တွေ အပြစ်ဖြစ်စေဟု တစ်ချက်လွှတ်အမိန့်ထုတ်ကာ အာဏာပါးကွက်သားလက်ထဲသို့ သတ်မိန့်နဲ့ လွှဲထားတယ်ဆိုပါစို့။

လူသတ်ကုန်းမှာ ကျွန်တော် သေရတော့မယ့်ဆဲဆဲ အာဏာပါးကွက်သားက နောက်ဆုံးအနေနဲ့ လိုရာဆုတောင်းခွင့် ပေးခဲ့ရင်လေ ကျွန်တော် ဘာဆုတောင်းမလဲဆိုတာ မေသိလား။ မေမသိလည်း ကိစ္စမရှိပါဘူး။ ကျွန်တော်က ပြောပြမှာပါ မေ။

ဒီဘဝမှာသာမက ဖြစ်လေရာ ဘဝဘဝတိုင်းမှာ မေ့ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်ပါရစေလို့ ဆုတောင်းမယ်။ မေယုံရဲ့လား။ တကယ်လို့ နောက်ဘဝမှာ လူမဖြစ်ခဲ့တောင် 'သန်း'အဖြစ်နဲ့ မေ့



ဆံပင်တွေကြားမှာ ပျော်မွေ့နေပါရစေလို့ ဆုတောင်းလိုက်မယ်နော်။ မေ ယုံလိုက်ပါ။

မေ့ကိုချစ်တဲ့
မောင်ရွှေရိုး

အထက်ဖော်ပြပါ ကျွန်တော်ရဲ့ ရင်တွင်းညွှတ် အချစ်ဝါကျ ဆွန်ဘေးတွင် ဖြစ်သလို၊ ကြုံသလို၊ နည်းမျိုးစုံနဲ့ ကျောင်းသားတွေ သတ်သရမ်းသွားသော ဝါကျအပိုင်းအပြတ်တွေ ရှုပ်ပွအော်ဂလီ ဆန် နေလေပြီ။

အရှုး။ အာလူး။ ဘူးသီး။ မေက ခေါင်းတုံးမကြီးဖြစ် နေရင်ရော။ မေ့မှာ ချိုင်းမွှေးတွေ ပေါတယ်ကွ။ ခွေးက,တုံးပြီး သေ ချင်းဆိုးနဲ့မသေဘဲ ခြေပြတ် လက်ပြတ်နဲ့ ဒုက္ခိတဘဝ ရောက်သွားရင် ရော။ အာဂဖွတ်ကျား။ ရှူးလိုက်တာ ယောက်ဖရယ်။

ဒါတွေပါပဲ။ အထက်ပါအတိုင်း ဝိုင်းဝန်းအားပေးမှုများကို အားကျမခံဘဲ ကျွန်တော်လည်း လက်ဆော့ခဲ့ပြီး ထိုနေရာမှ မသိမသာ ခွာခဲ့ပါသည်။ ကျောင်းသားတချို့သည် ခြေထောက်သရမ်း၏။ တချို့ သည် ပါးစပ်သရမ်းသည်။ တချို့သည် လက်သရမ်းကြသည်။

ကျွန်တော် ကျောင်းသားတွေကို ဘယ်လိုမှ မအောက်မေ့ပါ။ ကျောင်းသားတွေဟာ ပြောင်တိပြောင်တောင် သဘောမျိုးနဲ့သာ ကျွန် တော့်ပန်းနုရောင် မေတ္တာသဝဏ်လွှာပေါ်ဝယ် စကားလုံးအပိုင်းအစ တွေနဲ့ ဝိုင်းဝန်းမှတ်ချက်ချခဲ့ကြတာပဲလေ။ ရှိစေတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကင်တင်းရောက်ပြီး နာရီဝက်လောက်ရှိမှ ထွန်းထွန်းနိုင်နဲ့ လွင်ကိုဦးတို့ ရောက်လာကြသည်။ စပ်ဖြီးစပ်ဖြီးနဲ့ နှစ်ကောင်သား ကျွန်တော့်အနား ဝင်ထိုင်ကြ၏။ ပြီးတော့ လွင်ကိုဦးက သည်းသည်းကြီး ပြောပါ၏။

"မျိုးကြီး- N.B က ရည်းစားစာဟာ မင်းစာမဟုတ်လား မေတ္တာပို့ စကားလုံးတွေအပြည့်နဲ့ ခမ်းနားလိုက်တာကွာ"

"အေးကွ"

ကျွန်တော် အေးအေးဆေးဆေးဖြေပြီး ရေနွေးတစ်ကျိုက် သောက်လိုက်သည်။

"ကောင်းကွာ၊ ဆက်သွယ်ရန် ရိုးနံပါတ် (Roll No.) ဖော်ပြခဲ့တာလည်း မင်းပဲပေါ့၊ မိုက်တယ်ဟော၊ အရှုံးပြိုင်ရင် အမှတ်ပြည့်နဲ့ ပထမ ချိတ်မယ့်ကောင်ပဲ"

ကိုထွန်းက ဝင်ထုနေသေးသည်။ ကျွန်တော် အမိပ္ပါယ်မဲ့စွာ ပြုံးလိုက်၏။ အမိပ္ပါယ်မဲ့တယ်ဆိုပေမယ့် အပြုံးတိုင်းမှာ အမိပ္ပါယ် တစ်မျိုးစီတော့ အနည်းဆုံး ရှိနိုင်ပါသည်။ ကျွန်တော် အပြုံးကို အမိပ္ပါယ် မကောက်တတ်၍သာ အမိပ္ပါယ် ဗွတ်မဲ့ပစ်လိုက်ရခြင်း ဖြစ်သည်။ ကိုယ့်အပြုံးကိုယ် အမိပ္ပါယ်ဖွင့်ဆိုရန်လည်း ကျွန်တော် အလွန်ပျင်းပါသည်။

ကျွန်တော့်ကိုကြည့်ရင်း နှစ်ကောင်သား ခေါင်းခါနေကြသည်။ ကျွန်တော့်ဦးနှောက် တစ်ခန်းပျက်သွားပြီဆိုတဲ့ သဘောလား



"ဟော့ကောင်. . . ဟိုမှာ မေတို့အဖွဲ့ လာနေပြီ"

ကျွန်တော် အပြုံးအပွင့်ကားကားတွေနဲ့ ခရီးဦးကြိုဆိုလိုက်ပါသည်။ ဘာပြောကောင်းမလဲ။ သူမက မျက်စောင်းကလေးနဲ့ပဲ။ တစ်ဆိတ်ရှိ မျက်စောင်းထိုးလိုက်၊ စိတ်ကောက်လိုက်နဲ့ ဘယ်လိုကောင်မလေးမှန်း မသိဘူး။ ဇာဇာနဲ့ ဥမ္မာတို့က နေရာလုထိုင်ကြသည်။ နေရာရတာနဲ့ ဥမ္မာက စ,တယ်။

"မျိုးထွန်း အိမ်သာသွားချင်ရင် အနှောင်အဖွဲ့မရှိ လွတ်လွတ်သပ်လပ် သွားနိုင်တယ်နော်"

"အေးပါဟ. . . ငါ ဝမ်းမှန်လေမှန် ဖြစ်နေပါပြီ"

သူမက ခပ်တည်တည်လေး ထိုင်နေသည်။ ဇာဇာက အထာနဲ့ ပြုံးပြသဖြင့် ကျွန်တော်လည်း ကျေးဇူးတင်ကြောင်း မျက်စပစ်ပြလိုက်သည်။ ကျွန်တော်ကိုယ်တိုင် မချော့ရမယ့် စိတ်ကောက်မလေး စိတ်ပြေဖြောင့်နေပြီ မဟုတ်လား။

"မျိုး"

ကြည့်စမ်း။ ရင်ခုန်စဖွယ် ခေါ်သံလေးနဲ့အတူ သူမ နှုတ်ခမ်းမှာ အပြုံးရိပ်တွေ တဖွားဖွားပေါ်နေသည်။

"ဗျာ"

"အကောင်းပြောမလို့ အူကြောင်ကြောင် လုပ်မနေနဲ့"

"အဲ. . . အင်း"

"ဌာနမှူးဆီမှာ ပိုက်ဆံအိတ် သွားရွေးပေးနော်၊ အိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကတ်ပါတယ်၊ ငါ့ Roll No. သိတယ်မဟုတ်လား၊ အဲ. . . သော့တွဲတစ်ခုပါတယ်၊ သော့ချိတ်က အပြာရောင်လေး၊ I Love You လို့ ရေးထားတာနော် သွားရွေးပေးနော်"

"ဘာရေးထားတာ"

"I Love You ဆိုနေမှ"

"ငါသိပါတယ် မေရယ်၊ ထပ်ကာထပ်ကာ ပြောစရာ မလိုပါဘူး၊ နင် ငါ့ကို တကယ်ချစ်တယ်ဆိုတာ ငါယုံပါတယ်၊ ငါ နင့်ကို ပစ်မပြေးပါဘူး"

"ကောင်စုတ်နော်၊ ငါမုန်းလိုက်မှာ"

"သွားမယ်၊ သွားမယ်၊ ကျွန်တော်မျိုး သွားပါတော့မယ်"

ကျွန်တော် ဝမ်းနည်းသံကြီးနဲ့ပြောပြီး ပိုက်ဆံအိတ်ရွေးရန် ထွက်ခဲ့၏။ စားပွဲမှာ ကျန်ခဲ့သူတွေ ကျွန်တော့်ကိုကြည့်ပြီး ရယ်ကုန်ကြ၏။ သူမ ရယ်နေသလား။ တကယ် မရယ်ချင်ရင် မရယ်ပါနဲ့ ချစ်သူရယ်။

ကျွန်တော် ကင်တင်းပြန်ရောက်လာသောအခါ သူမက ပိုက်ဆံအိတ်ထဲမှ ငါးရာတန်တစ်ရွက် (တစ်ရွက်သာပါသည်) ထုတ်ပေး၏။

"မျိုး နင့်အကြွေးတွေဆပ်လိုက်"

"ဟာ. . . မဟုတ်တာ မေကလည်း၊ နောက်မှဆပ်ပါ့မယ်"



ကျွန်တော် ငါးရာတန်ကြီးကိုကိုင်ရင်း ငြင်းနေမိသည်။

"ငါ့စကားဆို နင် နည်းနည်းမှ နားမထောင်ဘူး၊ သွားဆပ်လိုက်ပါ မျိုးရယ်၊ အကြွေးမပေပါနဲ့"

"အဲ. . .ဟိုသင်း"

ကျွန်တော် ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်နေသေး၏။

"ဘာသင်းလဲ မျိုးထွန်းရဲ့"

"ရဲဒင်း. . . ဟာ မနောက်စမ်းပါနဲ့ ဥမ္မာရာ"

"သွားဆပ်လိုက် မျိုး"

"ဆပ်လို့မဖြစ်သေးပါဘူး မေရယ်၊ ငါ နောက်နေ့မှ ငါ့ဘာသာ ဆပ်လိုက်ပါ့မယ်၊ ငါ အကြွေးမပေပါဘူးဟ"

"အောင်မာ နင်က ဘာနဲ့ဆပ်မှာလဲ၊ ကျောင်းလခတောင် မှန်မှန်မသွင်းဘဲနဲ့"

"အဟဲ. . . ငါ့နာရီပေါင်ပြီး ပေးမှာပေါ့"

ကျွန်တော့်နာရီလေး မျက်စောင်းထိုးကြည့်ပြီး သူမ စိတ်ပျက်သွားပုံရသည်။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။

"ဆပ်ပါ မျိုးရယ်၊ နင်နဲ့ငါနဲ့ ဘာအားနာစရာ ရှိလို့လဲ၊ ချစ်သူတွေပဲဟာ"

"မဖြစ်သေးပါဘူး မေရာ"

"ဘာလို့မဖြစ်ရမှာလဲ၊ သွားဆပ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



မေက ခပ်မာမာပြောလိုက်သဖြင့် ကျွန်တော့် အူထဲအသည်းထဲ လှိုက်လှိုက်တုန်ခါသွား၏။

"အဲ. . . အင်း. . . ဟိုလေ. . . ငါ့အကြွေးက (၆၅၀) ရှိနေပြီဟ၊ ဆပ်လို့မဖြစ်သေးဘူး"

"သြော်. . . ဒါကြောင့် ကိုယ်တော်ချောက ငြင်းနေရတာကိုး"

ဇာဇာက လေယူလေသိမ်းလှပစွာ မှတ်ချက်ချပြီး သူမလွယ်အိတ်ထဲမှ (၂၀၀) တန်တစ်ရွက် ထုတ်ပေးသည်။ (၅၀၀ + ၂၀၀ = ၇၀၀) (အကြွေး = ၆၅၀)

ကျွန်တော် အကြွေးကင်းတော့မှာမို့ စိတ်လွတ်ကိုယ်လွတ်သီချင်းအော်ဆိုချင်စိတ် ပေါက်သွားသည်။ ဒါပေမယ့် ဒီခေတ်ကြီးမှာ အကြွေးရှိမှ တင့်တယ်တာ မဟုတ်လား။ အရင်အကြွေးရှင်းပြီးတော့နောက်အကြွေးတွေ စီးဆင်းလာဦးမှာပဲ။

ထိုနေ့က မေနဲ့ပြေလည်ခဲ့သဖြင့် ကျွန်တော့်ရင်မှာ ရင်ခုန်သံတွေ အကွက်စိပ်စိပ် ထွက်ပေါ်ခဲ့သည်။ အဲဒီညက အိပ်မက်တွေလည်းနှင်းစက်တွေလို အေးမြ၍ ပျားရည်စက်တွေလို ချိုမြိန်လှသည်ဟုကျွန်တော်ထင်သည်။ ကျွန်တော်မထင်ခဲ့သော အဖြစ်အပျက်မှာ အိပ်မက်ကောင်းလွန်း၍ ခုတင်ပေါ်က လိမ့်ကျခဲ့ခြင်းသာ ဖြစ်ပါသည်။

❀

## (ဃ)

ဒီတစ်ခါလွင့်လာသော မုန်တိုင်းကြောင့် ကျွန်တော့်ဘဝနှင့်ကျွန်တော့်အချစ်သည် ပင်လယ်ထဲမှာ ရွက်လှေတစ်စင်းအဖြစ် ရောက်ရှိသွားပြီ။ အလွမ်းတွေဟာ နွေဦးသစ်ရွက်တွေလို ကြွေ၏။ မုန်တိုင်းသန္ဓေတည်ရာ ဒေသသည် ကျွန်တော့်မာနလွင်ပြင်ကျယ်မှာ ဖြစ်ခဲ့သည်။

မျိုးထွန်း၏ မဖြစ်စလောက်မာနသည် မျိုးထွန်း၏ချစ်ခြင်းကို တစ်စစီ ကျိုးပဲ့လွင့်စဉ်ကုန်စေပြီ။ ခုတော့ ကျွန်တော်၏ သန်မာလှသော သံမဏိအသည်း ဝွမ်းခနဲကွဲသွားပြီ။ ကျွန်တော့်အသည်းကိုရက်ရက်စက်စက် ခွဲပစ်လိုက်သော ကျွန်တော့်မာနကို စိတ်ရှိသလောက်ရှုတ်ဆုံထဲ ထည့်ထောင်းပစ်ချင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမာနတစ်ခွဲသားလေး ကြွတက်ရွတက်လာအောင် မြှောက်ပင့်ထိုးဆွပေးခဲ့တာ ချစ်သောမေ။ ကျွန်တော့်နှလုံးသား ပျိုးခင်းလေးပေါ့။

ကျွန်တော်က ယမ်းသုတ်ထားသော သစ်သားမီးခြစ်ဘူးခွံလေးဆိုလျှင် ကျွန်တော့်မာနတွေက မီးခြစ်ဆံလေး ဖြစ်မည်။ မီးခြစ်သူက ချစ်သူမေ။

အဲဒီနေ့ညနေက ကျွန်တော် သူမကို အဆောင်လိုက်ပို့ခဲ့ခြင်းသည် ပြဿနာ၏အစ။ ကျွန်တော်တို့အတွဲက စကားတဖွဲဖွဲနဲ့ ရှေ့ကသွားကြသည်။ ဥမ္မာနဲ့ ဇာဇာက သုံးလေးပေခွာ၍ လိုက်ခဲ့သည်။ ကျွန်တော်တို့ ပြောတာတွေကို မကြားချင်ဟန်ဆောင်၍ တမင်နားထောင်ခဲ့ကြသည်။ များသောအားဖြင့် အဆောင်ပြန်အချိန်တွေဟာ ကျွန်တော့်အတွက် ရင်ခုန်ချိန်တွေ ဖြစ်ခဲ့သည်။

"မျိုး. . . မနက်ဖြန် ငါ့အစ်ကိုလာမှာ၊ မျိုးနဲ့ မိတ်ဆက်ပေးမယ်နော်၊ အစ်ကိုနဲ့တွေ့ရင်တော့ အူကြောင်ကြောင် မလုပ်မိဖို့ ပြဿနာမဖြစ်ဖို့ သတိထားနော်၊ ငါ့အစ်ကိုက စိတ်တိုလွယ်တယ် သိလား"

"ယုံပါ အချစ်တလေးရယ်၊ ရွှေယောက်ဖကြီး ကျေနပ်သွားစေရမယ်၊ အဲ. . . ရွှေယောက်ဖကြီးနဲ့ တွေ့ရမှာဆိုတော့ ငါ မျက်နှာပူလိုက်တာ မေရယ်"

"ဟွန်း. . . သူကများ ပြောရတယ်ရှိသေး"



"ပြောစမ်းမေ၊ နင့်အစ်ကို ရုပ်ရည်တည်ဆောက်ပုံ"

ကျွန်တော် လျှာပေါ်ဝဲလာတဲ့ မေးခွန်းလေး မေးလိုက်မိသည်။ ဘာပြောရမှန်းမသိလို့ မေးခဲ့မိတာ အမှန်ပါ။ နောင်တစ်ချိန် အသည်းကွဲမျိုးထွန်း ဖြစ်သောအခါ ပြန်စဉ်းစားမိတိုင်း ထိုမေးခွန်းသည် ကျွန်တော့်မာနသွေး ဆူပွက်ရခြင်း၏အစ ဖြစ်နေတော့သည်။

"ဘာလဲ. . . ရွှေယောက်ဖကြီးပုံစံက ဖမ်းလို့မရဘူးလား"

"ဟဲ့. . . ငါ့အစ်ကိုပဲ၊ ငါ့လို ခပ်ချောချောထဲကပေါ့၊ ဟဲ. . . ဟဲ၊ ဒါပေမယ့် သိလားမျိုး၊ ငါ့အစ်ကို အေးမင်းထွန်းက နင့်လိုပဲ အရပ်ပုပု၊ သေးသေးသွယ်သွယ်နဲ့ စာခြောက်ရုပ်အရွယ်ပဲ မျိုးရဲ့၊ ယောက်ဖနှစ်ယောက် သဏ္ဍာန်တူတာ ရယ်စရာပဲနော်"

"အင်း. . . အဲလေ"

ကျွန်တော့်မှာ ပြန်ပြောစရာ စကားလုံးမရှိ။ စကားလုံးမရှိတဲ့ စမ်းချောင်းလေးလို ခြောက်သွေ့လွန်းလှသည်။ ဥမ္မာနဲ့ ဇာဇာတို့ ရယ်သံကြားမှပဲ ဟာလာဟင်းလင်းဖြစ်နေသော ရင်ထဲမှာ ရှက်စိတ်ကလေး ဖြစ်ပေါ်လာခဲ့သည်။ ကျွန်တော် ရယ်လိုက်ချင်သော်လည်း ရယ်ပုံရယ်နည်း မေ့လျော့နေခဲ့သည်။

ရှက်စိတ်တွေသည် ဖိနှိပ်လွန်း၍ မာနတွေ ကြွတက်လာသည်ပဲ ပြောရမလား။ ကျွန်တော် သူမတို့ကို အဆောင်ပေါက်မှာထားခဲ့ပြီး လှည့်ပြန်ခဲ့မိသည်။ အရင်ကလို အိမ်အပြန်လက်ဆောင်လေပေါ်ဝဲအနမ်းတွေ အလဲအလှယ် မလုပ်ဖြစ်တော့။ လေဟာနယ်

www.burmeseclassic.com

www.burmeseclassic.com



ကို နမ်းချင်စိတ်မရှိတော့။

သွားစမ်း။ ရွှေယောက်ဖနဲ့မှ တည်ဆောက်ပုံတွေ လာတူနေရတယ်။ လူနှစ်ယောက်ရဲ့ အရွယ်အစားဟာ မိတ္တူကူးထားသလို တစ်ထေရာတည်း ဖြစ်နိုင်ပါ့မလား။

အဲဒီညက ကျွန်တော့်ကို စိတ္တဇဆန်စွာ + လေးလံမှိုင်းညို့စွာ အိပ်မက်ထဲသို့ စားရိတ်ငြိမ်း ခေါ်ဆောင်သွားခဲ့ပါသည်။ အိပ်မက်၏ရသမှာ အိပ်ရာထနောက်ကျခဲ့၍ အဆူအပူခံရခြင်းသာလျှင် ဖြစ်သည်။

❀

(င)

"ဟဲ့ မျိုး၊ ကြောင်တောင်တောင်နဲ့ ဘာတွေတွေးနေပြန်တာလဲ"

"အဲ. . . အင်း၊ ငါ နင့်ကိုသိပ်ချစ်တာပဲ မေရယ်"

"မျိုး. . . နင်နော်၊ ငါ့အစ်ကိုရှေ့မှာ အူကြောင်ကြောင် မလုပ်နဲ့နော်၊ နင်နဲ့ မိတ်ဆက်ပေးရမှာ ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ"

"မျက်ခုံးလှုပ်နေရင်လည်း ခဏဖြုတ်ပြီး ပိုက်ဆံအိတ်ထဲ ထည့်ထားလိုက်ဟာ"

"ကြည့်. . . ဦးရွှေရိုးစတိုင်က ဖမ်းနေပြန်ပြီ"

"ယုံလိုက်မေ၊ နင့်အစ်ကို (ဟိုလေ ငါ့ရွှေယောက်ဖပေါ့) လေငါ့ကို သနားကျသွားစေရမယ် သိလား၊ မနေ့ညက စကားလုံးလှလှလေးတွေ အလွတ်ကျက်လာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . ကျပါလိမ့်မယ်၊ အားကြီးကြီး"

သူမက မျက်စောင်းကလေးတွေ ဝဲကာဝဲကာနဲ့ မကြာခဏ သတိပေးနေသည်။ ကျွန်တော့်ကို စိတ်မချတဲ့သဘောလား။ စိတ်ချ။ တို့အချင်းချင်း ပြေလည်သွားစေရမယ် မေ။ ကျွန်တော့်အနေနဲ့က မျက်နှာနည်းနည်းပူတာပဲ ရှိသည်။ ဒါလည်း ကိစ္စမရှိပါ။ မျက်နှာပူတာလေးနဲ့တော့ လူမှုရေးယန္တရား လည်ပတ်မှုအတွက် ပြဿနာ အကြီးအကျယ် မဖြစ်နိုင်ပါ။

"မျိုး သဘောပေါက်တယ်နော်၊ ငါ့အစ်ကိုနဲ့ အဆင်ပြေရင် ငါတို့ဇာတ်သိမ်းက သိပ်လှပမှာသိလား၊ ငါ့အစ်ကိုက နင့်လို လူ-ပု-စိတ်တိုမို့ ငါ ခဏခဏ သတိပေးနေရတာ"

"အေးပါ မေရယ်"

ကျွန်တော် ခပ်သွက်သွက်ပဲ လက်မထောင်ပြလိုက်၏။ စိတ်ထဲမှာ နည်းနည်း 'ကမောက်ကမ' ဖြစ်သွားပေါ့။ ပုတယ်လို့ ပြောစမှတ်တွင်လောက်အောင် ငါ အရပ်မပုလှပါဘူး မေရယ်။ နင့်ကိုက ပိုလွန်းအားကြီးနေတာပါ။ ဘယ်လိုတိုင်း. . . တိုင်း။ ငါ့အရပ်ဟာ ငါးပေနဲ့ သုံးလက်မတော့ အသာလေးရှိပါတယ်။ လုံးလုံးလျားလျားကြီး ပေမမီ ကိုက်မမီ ငပုမှဟုတ်ပါဘူး မေရယ်။ ခြောက်ပေအလွန်ကြီးတွေလို ကလန့်ကလားကြီး မရှည်တာပဲရှိပါတယ်။ ငပု မဟုတ်သေးပါဘူး။ မျိုးထွန်းကို ငပုစာရင်းထဲ ဆွဲမသွင်းပါနဲ့မေ။

ကျွန်တော်တို့ အဆောင်ရှေ့ရောက်တော့ အပေါက်ဝမှာ



ရွှေယောက်ဖကြီးကို တွေ့လိုက်သည်။ ကျွန်တော်တို့ကို ထွက်ကြိုတာလား။ သဘောကောင်းလိုက်တာ ယောက်ဖရယ်။

"ညီမလေး လက်ဖက်ရည်ဆိုင်သွားမယ်"

"သွားတာပေါ့၊ အစ်ကို ဒါ မေပြောတဲ့ မျိုးထွန်းဆိုတာ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို"

မေက မိတ်ဆက်ပေးတာနဲ့ ကျွန်တော်လည်း ပေါ့ပေါ့ပါးပါးလေး ပြောလိုက်ပါသည်။ သူက လက်ဆွဲနှုတ်ဆက်သည်။ အစ်ကိုအခေါ်ခံရတာ ကျေနပ်သွားပုံရသည်။ ဒါပေမယ့် စောစောကထင်သလို ကျွန်တော်တို့ကို ထွက်ကြိုတာမဟုတ်။ လက်ဖက်ရည်ဆိုင် သွားချင်နေတာကိုး။

"အစ်ကို့နာမည်က အေးမင်းထွန်းပါ၊ ညီမလေးပြောပြထားသို့ ညီလေးအကြောင်း သိပြီးပါပြီ၊ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ အစ်ကိုကခင်းတို့နှစ်ယောက်ကို လက်ဖက်ရည် လိုက်တိုက်မယ်လေ"

ကျွန်တော်နဲ့မေ ခေါင်းပြိုင်တူညိတ်လိုက်တာ လှပလွန်းပါသည်။ ကျွန်တော်လည်း ခေါင်းထဲဝင်လာတဲ့ ဟာသလေးတွေ သွားရင်းလာရင်း ပြောပြခဲ့သည်။ ကိုအေးမင်းထွန်းကလည်း သဘောကောင်းစွာနဲ့ ဘာပြောပြော ရယ်ပေးပါသည်။ မေ့မျက်ဝန်းမှာလည်း ကပ်တွေအပြင် အပြုံးတွေ ထင်းနေသည်ကို တွေ့ရ၏။

အို ကျွန်တော် သွားရင်းလာရင်း အခြေအနေကိုတစ်ခု မမျှော်လင့်ဘဲ ရလိုက်သည်။ ကြည့်စမ်း။ ကျွန်တော် ကိုအေးမင်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ယှဉ်လျှောက်ရင်း မသိမသာ အရပ်တိုင်းကြည့်မိလိုက်တယ်လေ။ မေက ကျွန်တော့်ကို အရပ်ပုတယ်လို့ တမင်နှိမ်ပြောထားတာကိုး။ ဟဲ. . . ဟဲ။ ကျွန်တော့်ရင်ထဲမှာ ပီတိကြီးတွေ ဟမြုန်းမြုန်းကြွတက်နေသည်။

သေချာတာပေါ့။ ကျွန်တော့်အရပ်ဟာ ကိုအေးမင်းထွန်း အရပ်ထက် တစ်လက်မကျော်ကျော် ပိုရှည်တာပဲ။ နင့်ချစ်သူရဲ့အရပ် မခေဘူးဆိုတာ နင်သိစေချင်လိုက်တာ မေရယ်။

"ဟ. . . ငါ့ညီ၊ ဘာတွေတွေးနေတာလဲကွ၊ ကျောင်းပိတ်ရင် မေနဲ့ အလည်လိုက်ခဲ့ပေါ့၊ ကိုယ်တို့မြို့က သိပ်ပျော်စရာကောင်းတာ"

"အဲ. . . အင်း"

"ဒီကောင်က မဟုတ်ကဟုတ်က အတွေးသမား အစ်ကိုရဲ့ တစ်ခါတလေဆို အတွေးကို အကြွေးနဲ့ဝယ်ပြီးတွေးတာ သိလား"

"ငါ တွေးနေတာမဟုတ်ပါဘူး မေရယ်၊ နင်ပြောတော့ နင့်အစ်ကိုက ငါ့လိုပဲ အရပ်ပုတယ်ဆို၊ ဒီမှာကြည့်စမ်း၊ ငါ နင့်အစ်ကိုထက် တစ်လက်မကျော်ကျော် ပိုရှည်ပါတယ်ဟ"

"ဟဲ့. . . မျိုးထွန်း"

"ဘာလဲ မေ၊ နင်မယုံရင် သေချာတိုင်းကြည့်၊ နင့်အစ်ကို ငါ့ထက်ပုတာ သေချာတယ်"

ကျွန်တော် ကိုအေးမင်းထွန်းအနား ကပ်ပြလိုက်သည်။ ပြောင်းလဲခြင်းတွေသည် လျှပ်စစ်ထက် လျင်မြန်၏။ အမှန်တကယ်



ပြောင်းလဲခဲ့ပါပြီ။

ကိုအေးမင်းထွန်း ကျွန်တော့်ကို တွန်းထုတ်လိုက်သဖြင့် ကျွန်တော် မြေပြင်ပေါ်မှာ ဖင်ထိုင်ရက်လဲကျသွားခဲ့ပြီ။ လမ်းသွားလမ်းသာတွေက လှမ်းကြည့်နေသည်။ ကျွန်တော် မျက်နှာပူထူသွားသည်။ ကျွန်တော် ရှက်သွားတာပေါ့။

"ဟာ. . . ခင်ဗျား ဘာလို့တွန်းရတာလဲ"

ကျွန်တော် ခပ်ရှက်ရှက်နဲ့ ညစ်အော်လိုက်မိသည်။ မေက ကျွန်တော့်ကို ထူရန်ပြင်၏။

"အေး. . . တွန်းရုံတင်မကဘူး၊ ထိုးတယ်ကွာ"

"ဟာ. . . ထိုးတယ်ဟ"

"ထိုးတယ်ကွာ၊ မင်းဘာသာ ငါ့ထက် တစ်လက်မ မက,လို့ [illegible] တစ်ရာရှည်ရှည် မင်းပြောစရာလား၊ ငါအရပ်ပုတာ မင်းနဲ့ ဘာဆိုင်လဲ၊ ဟဲကွာ. . ."

"ဟာ. . . တကယ်ထိုးတာ၊မေ. . နင့်အစ်ကို ဆွဲနော်. . . ဆွဲ"

(ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်)

ကျွန်တော် ကိုအေးမင်းထွန်းလက်သီး မြည်းလိုက်ရသဖြင့် ကြယ်တာရာတွေ၊ လစန္ဒာတွေ၊ အင်္ဂါဂြိုဟ်တွေ၊ ဖန်လုံးအိမ်တွေ၊ တိုက်ဘန်းနစ်တွေ၊ ဗန်ဂိုးရဲ့ ပန်းချီကားတွေ မြင်လိုက်ရ၏။ နားထဲမှာလည်း ဆူဝေနေသည်။

ကျွန်တော်လည်း ခုခံရင်းနဲ့ ပြန်ထိုးရတော့သည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ရဲ့ လမ်းဘေးလက်ဖွေပွဲကို အနီးအနားရှိ ကျောင်းသားတွေ ဖျန်ကြဖြေကြ၍သာ ခပ်မြန်မြန် ပွဲသိမ်းသွားရသည်။ ကျွန်တော်တို့နှစ်ယောက် မျက်နှာတွေမှာ သပြေသီးတွေမှည့်ကုန်ပြီ။ ဒေါသ၏ သင်္ကေတတွေလား။ ရန်ပွဲ၏ နိမိတ်ပုံတွေလား။

နှစ်ဦးနှစ်ဖက် ဝိုင်းဆွဲထားသူများရှိ၍သာ ရန်ပွဲရပ်စဲနေခြင်းဖြစ်သည်။ လွှတ်ပေးလိုက်ပါက ပွဲကြီးပွဲကောင်း တွယ်ကြမှာ သေချာသည်။

"တောက်. . . ငါ့ညီမနဲ့ ပက်သက်နေလို့ သက်သာတယ်မှတ်"

"အေး. . . မေ့အစ်ကိုဖြစ်နေလို့ သက်ညှာတယ်မှတ်လိုက်"

"ဖြန်း. . ."

"ဟာ. . . မေ. . . နင် ငါ့ကို. . . ရိုက်တယ်"

"ရိုက်တယ်၊ နင့်ကို ငါပြောထားရက်နဲ့ မျိုးထွန်းရယ်၊ နင့်ကို ငါမုန်းတယ်သိလား၊ လာအစ်ကို. . . သွားမယ်"

ကျောင်းသားကျောင်းသူတွေ ဝိုင်းကြည့်နေကြသဖြင့် အားလုံး ရှက်စရာကောင်းလှပါသည်။ ဒီတစ်ခါတော့ မေ့ရဲ့မျက်စောင်းဟာ ထောင့်မှန်ကျလွန်းသည်။ သွားပြီ။ ကျွန်တော့်ကို ကျောခိုင်းသွားတဲ့မေဟာ ကျွန်တော့်ကို မုန်းလိုက်ပြီတဲ့။ မုန်းသွားပြီတဲ့။

ရင်ခွင်တစ်ခုလုံး ဟာလာဟင်းလင်း ဖြစ်သွားခဲ့ပြီ။ နှလုံးသားလည်း ဂွမ်းခနဲကျကွဲသွားပြီ။



ဘယ်ဘက်ရင်အုံမှာ နှင်းဆီငုံတစ်ငုံကို ကတ်ကြေးနဲ့ ဖြတ်ချလိုက်သလို နာကျင်နေသည်။

ငါကြွေသွားပြီမေ။ အသည်းကွဲတယ်ဆိုတာ ပန်းတစ်ပွင့် ညှိုးကြွေသလို မညင်သာဘူး။ မလှပဘူး။ ပြင်းထန်စွာ အကျည်းတန်လွန်းသည်။ သည်းထန်စွာ ခြောက်သွေ့လွန်းသည်။

⊛

www.burmeseclassic.com

www.burmeseclassic.com

(၈)

"ငါ့အိပ်မက်တွေ ဘယ်သူ့လက်ချက်နဲ့ ပျက်ရပြန်ပြီလဲ"

နောင်တဆိုတဲ့ နောင်မှရစရာကြီးကို ငါ လတ်လတ်ဆတ်ဆတ်ကြီး လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ခဲ့ရပြီမေ။ အသည်းကွဲသွားပြီမေ။

ငါ့ပါးပြင်ကို လွှဲရိုက်လိုက်တဲ့ နင့်လက်ထဲမှာ အထီးကျန်ခြင်းတွေ ပါခဲ့တယ်မေ။ စိတ်ဓာတ်ညှိ + အသည်းကွဲ + ဆွေးမြည့်ညတွေနာကျင်ခြောက်သွေ့စွာနဲ့ ငါ ဘယ်လိုဖြတ်သန်းရမလဲ။

သခင်. . . သနားသဖြင့် ငါ့ဆီပစ်လွှတ်လိုက်တဲ့ အမုန်းမြားတွေ လာပြီးဆွဲနှုတ်ပေးလှည့်ပါ။ ဒဏ်ရာတွေ ကုစားပေးလှည့်ပါ။



အသည်းကွဲသောလူသည် ကျောင်းလစ်၍ ကောင်းသည်။ ဆေးလိပ်ဖွာ၍ ကောင်းသည်။ အချိန်ဖြုန်း၍ ကောင်းသည်။ လက်ဖက်ရည်ဆိုင်ထိုင်၍ ကောင်းသည်။

စိတ္တဇစက္ကန့်တွေကို တစ်စစီ လိုက်လံရှာဖွေဖမ်းဆီးပြီး ကျွန်တော် ကြိတ်မှိတ်မျိုချနေရသည်။ စက္ကန့်တွေဟာ ပူလောင်လွန်းတော့ သည်း ရင်ထဲကအသည်းတွေ ကျွမ်းသွားပြီမေ။ ငါ့အသည်းတွေ အရည်ပျော်ကာ၊ အငွေ့ပျံကာ စကြဝဠာတစ်လျှောက် ပျံ့သန်းသွားစေချင်သည်။ ချစ်သူက မုန်းတီးနာကြည်းနေသော နှလုံးသားကို ရင်ထဲမှာ ဆက်လက်ရှင်သန်ခွင့် မပေးချင်တော့ဘူး။ ငါ့အမှားတွေပါမေ။

မေ့ကို မတွေ့ရသောနေ့တွေ များလာလေလေ ကျွန်တော့်ရင်ထဲ နင့်ခနဲ နင့်ခနဲ ဖြစ်နေသည်။ ငါးရိုးနင်နေသလို ခံစားရသည်။ မျှော်လင့်ခဲ့သော ကြာသပတေးနေ့ ညနေမှာတော့ ရှောင်ပုန်းနေသော ချစ်သူကို ရှာတွေ့ခဲ့ပါသည်။

ထိုကြာသပတေးနေ့သည် နေပူသည်။ သူမတို့အဖွဲ့ အဆောင်ပြန်ချိန်မှာ တွေ့ရခြင်းဖြစ်သည်။ ကျွန်တော် သူမအနားကို ရောက်သွားသောအခါ ဥမ္မာတို့က အလိုက်တသိ ရှောင်ပေးကြ၍ တော်သေးသည်။ အရင်က တို့ရဲ့အချစ်ညနေ အဆောင်ပြန်ချိန်တွေပါမေရယ်။

ဥမ္မာတို့က ကျောင်းရှေ့က လက်ဖက်ရည်ဆိုင် ဝင်ထိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မေကတော့ ကျွန်တော်ပါလာသဖြင့် အဆောင်ကိုသာ တန်းပြန်ခြင်းဖြစ်လိမ့်မည်။ အရင်ကဆို လက်ဖက်ရည်တိုက်မည့် ဒကာ ပေါ်လာလျှင် မေနဲ့ကျွန်တော်ပါ တပျော်တပါးကြီး ဝင်တွယ်လိုက်ကြ တာပဲ။ မေ့လို့မရဘူးမေ။ ငါ နှင့်ကို သိပ်ချစ်ပါတယ်။

"မေ"

"မျိုးထွန်း၊ ငါ အပြတ်ပြောပြီးပြီ၊ နှင့်လိုကောင်ကို ငါမုန်း လိုက်ပြီ၊ နှင်ပြန်တော့"

"မေရယ်"

ကျွန်တော့်ရင်ထဲမှာ ဆို့နင့်နေ၏။ ရင်ထဲက အသည်းကွဲ ဝါကျတွေ ပျောက်ဆုံးနေသည်။ ကြေကွဲလိုက်တာ မေ။

"ငါ့ကို ခွင့်လွှတ်ပါ မေရယ်၊ ငါက အပျော်သဘောနဲ့ နှင့်ကို ပြောတာပါ၊ ငါ ပြဿနာရှာတာ မဟုတ်ပါဘူး၊ ဒီအခြေအနေထိ ဆိုး ရွားလိမ့်မယ် မထင်ခဲ့မိတာ ငါ့အမှားပါ၊ ငါ တောင်းပန်ပါတယ် မရည်ရွယ်တာတွေ ဖြစ်ကုန်တာပါ မေရယ်"

"တော်ပြီ၊ ငါ ဘာမှမကြားချင်တော့ဘူး မျိုးထွန်း၊ နှင့်ကို ဒီတစ်သက် ပြန်ချစ်လို့ရမှာ မဟုတ်တော့ဘူး၊ ငါ နှင့်ကို မေ့လိုက်ပြီ နှင်ပြန်တော့"

"မဟုတ်ဘူးမေ၊ ငါ့အမှားတွေနဲ့ ငါ နှင့်ကို ဘယ်လိုမှ မေ့မ ဘူး၊ ငါတောင်းပန်ပါတယ်ဟာ၊ ငါလေ နှင်ပျော်စေချင်လို့ ပြော (ဒာ)"



"ဝုတ်. . . ဝုတ်. . . ဝုတ်"

ကောင်းကင်မှာ ငှက်တွေ ပျံဝဲနေကြသည်။ ကျွန်တော့်အခြေ အနေက ကောင်းကင်မဲ့နေပြီ။ ဒီကြားထဲ ခွေးကဟောင်နေသေး သည်။ အသည်းကွဲသူသွားလေရာ ခွေးလိုက်လို့ဟောင် ဆိုတာပဲလား။ ကျွန်တော်တို့နှစ်ယောက် အဖြစ်အပျက်ကို မြားနတ်မောင်က မသိချင် တန်ဆောင်နေတာလား။

ခွေးက မနားတမ်းဟောင်နေသည်။ ချစ်သူက မလျှော့တမ်း မုန်းနေသည်။ ကျွန်တော် ခြေလှမ်းတိုင်း ချစ်နေမိသည်။ မြားနတ် မောင်ဟာ မြားကုန်နေပြီလား။ ပစ်လွှတ်လိုက်စမ်းပါ။ အချစ်မြားတွေ ထိပြီး လဲကျသွားချင်သွားပါစေ။

"မေရယ် နည်းနည်းလောက် ငဲ့ညှာပါလား၊ ငါ ကတိပေးပါ တယ်၊ နှင် စိတ်ညစ်အောင် ငါ ဘာမှမလုပ်တော့ပါဘူး၊ နှင့်အမုန်း ဒဏ် မခံနိုင်ဘူးမေ၊ ငါ့ကိုသနားပါ မေရယ်"

"လဲသေလိုက်၊ နှင် ကြောင်တောင်တောင် လာလုပ်မနေနဲ့ ငါ ဌာနမှူး တက်တိုင်မှာနော်၊ ငါ့ကို မနှောင့်ယှက်နဲ့၊ နှင် ပြန်တော့"

"ငါ တောင်းပန်နေတာပါ မေရယ်"

"ဝုတ်. . . ဝုတ်"

ဟင်. . . ကျွန်တော် တုန်လှုပ်သွားသည်။ ကျွန်တော့်ဝဲဘက် ခြေသက်မုန်တိုင်းတွေ ကျရောက်လာပြီ။ ကြမ္မာဆိုးကလည်း အချစ်ကို ခံနေသူကိုမှ ရွေးချယ်လိုက်ရတယ်လို့။ သွားပြီ။ ဘယ်ကခွေးစုတ်

www.burmeseclassic.com

www.burmeseclassic.com



မှန်း မသိ။ တရစပ် ထိုးဟောင်နေရာက ဘာစိတ်ကူး ပေါက်လိုက်သလဲမသိ။ ကျွန်တော်တို့ဆီ ပြေးလာနေပြီလေ။

"ဟ. . ခွေး. . .ဟ. . .ခွေး. . .မေ. . .ပြေး. . .ပြေး. . .ပြေး"

ကျွန်တော် ဆောက်တည်ရာမဲ့ ခြေဦးတည့်ရာ လျှောက်ပြေးမိသည်။ ခွေးကြောက်တတ်သော ကျွန်တော့်အဖို့ ခွေးအလိုက်ခံရသောအခါ သွေးရူးသွေးတမ်း ဖြစ်သွားခဲ့သည်။ အလန့်တကြား အော်ဟစ်ပြီး ပြေးမိပြေးရာ စွတ်ပြေးခဲ့သည်။ ခွေးကလည်း တရစပ်ဟောင်က တဖွတ်ထိုး ပြေးလိုက်လာတာကိုး။

ကျွန်တော် ခွေးကြောက်တတ်၍သာ ထွက်ပြေးမိခြင်း ဖြစ်သည်။ ထိုသို့ ထွက်ပြေးခဲ့ခြင်းသည် မေ ကျွန်တော့်အပေါ် အလွန်အင်မတန် မုန်းတီးခြင်းအဖြစ်သို့ ရောက်သွားမည်ဆိုပါက ထိုနေရာမှာ ပေတောတေ ရပ်နေမည်ဖြစ်ပါ၏။ မေ့ကို ချစ်တဲ့စိတ်နဲ့ ခွေးကြောက်တတ်တဲ့အဖြစ်ကို ချိုးနှိမ်ပစ်မှာပါပဲ မေ။

ဒါပေမယ့် ဘယ်လိုမှ မမျှော်လင့်ခဲ့သော အဖြစ်တွေသည် ကျွန်တော့်အချစ်တွေကို သိမ်းကျုံးဝါးမျိုဖျက်ဆီးပစ်ခဲ့ပြီ။ ကျွန်တော့်ကို နှလုံးသားမဲ့တဲ့ လူသားတစ်ယောက်အဖြစ် စွပ်စွဲလိုက်ပြီ။ ယုံပါမေ။ ငါဟာ အသည်းကွဲနေတဲ့ကောင်ပါ။

"ဟခွေး. . . ခွေးစုတ်"

ကျွန်တော် ပြေးရင်းတန်းလန်းက မေ့ကို ငဲ့ကြည့်မိသောအခါ ရင်မှာ ဟာခနဲဖြစ်သွားသည်။ မြေပြင်ပေါ်တွင် မေလဲကျနေပြီ။ သွားပြီ။ မေ့ကို ကိုက်လိုက်သောခွေးကို ကျွန်တော် စိတ်ရှိသလောက် ဆုံးမရန် တွေ့ရာခဲနဲ့ ထုရပါတော့သည်။ ခွေးကြောက်တတ်သောစိတ်တွေ ဘယ်ပျောက်သွားမှန်းမသိ။ ခွေးက ခဲနဲ့ရွယ်တာနဲ့ နောက်ပြန်လှည့်ပြေးသွားသည်။ ကြည့်စမ်း။ ခွေးဆိုတာ ကြောက်စရာသတ္တဝါ မဟုတ်ပါလား။



ကျွန်တော် မေ့ကို ပြေးထူရပါသည်။ မေငိုနေသည်။ ငါသနားလိုက်တာ မေရယ်။ မေ့ခြေသလုံးမှာ ခွေးသွားရာတွေနှင့် သွေးတွေ စီးကျနေ၏။ မေ့အနား ကျွန်တော် ထိုင်ချလိုက်သောအခါ ကျွန်တော့်ပါးပြင်ကလေး တုန်ခါသွားလေသည်။

"ဖြန်း"

"ရိုက်ပါ မေရယ်၊ နင် စိတ်ကျေနပ်သလောက် ရိုက်စမ်းပါ၊ နင် အရမ်းနာနေလားဟင်"

"မျိုးထွန်း၊ နင် အကြံသိပ်ပက်စက်တဲ့ကောင်၊ ဘာလဲ၊ နင်က ငါ မနေ့က ပါးရိုက်လိုက်တဲ့အတွက် ကလဲ့စားချေလိုက်တာပေါ့။ နင် ကျေနပ်ရဲ့လား"

"ဟာ. . . မဟုတ်ဘူးမေ၊ မဟုတ်ဘူး နင်ဘာတွေပြောနေတာလဲ မေရယ်"

"နင် အူကြောင်ကြောင် လုပ်မနေနဲ့၊ ငါ ခွေးကိုက်ခံရအောင် နင် တမင်ဖန်တီးခဲ့တာပဲ၊ ငါသိတယ်၊ ငါ နင့်မျက်နှာကို လုံးဝမကြည့်ချင်ဘူး၊ ရွံတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ နင်မှားနေပြီ မေ၊ တိုက်ဆိုင်"

"တော်တော့၊ နင်သွားတော့၊ ငါ ပါးထပ်ရိုက်မိတော့မယ်"

မျက်ရည်တွေနဲ့မေ။ ကျွန်တော် အော်ဟစ်ငြင်းလိုက်ချင်ပါသည်။ ဒီနေရာမှာ ဘယ်သူဟာ သနားစရာ အကောင်းဆုံးလဲမေ။ ခွေးကိုက်ခံရတဲ့ နင့်ကို သနားတယ်။ ငါ့ဘဝကရော သနားစရာ မကောင်းတော့ဘူးလား။ ကိုယ့်ချစ်သူကို ဘယ်သူက ခွေးကိုက်ခံရအောင် ဖန်တီးမှာလဲ မေရယ်။ ငါကိုယ်ဝါ သနားတယ် မေ။ ချစ်သူနှစ်ယောက်ကို ရက်စက်စွာ ခွဲခြားပစ်ရက်တယ်။ ခွေးစုတ်ခွေးပြတ်ရယ်။

ထိုအချိန်မှာ ဥမ္မာတို့ ရောက်လာကြသည်။ ကျွန်တော့်ရင်ထဲ တုန်ယင်နေသည်။

"ဟယ် . . . မေ . . . ဘာတွေဖြစ်ကြတာလဲ"

"ခွေးကိုက်ခံရတယ် မိဇာရယ်၊ နှလုံးသားမရှိတဲ့ သူ့မျက်နှာကို မြင်နေရတာလည်း ငါ သေချင်စိတ်ပေါက်တယ် . . . အဟင့် . . . အဟင့် . . . အဟင့်"

သူမ ရှိုက်ကြီးတငင် ငိုနေ၏။ ဇာဇာကလည်း မေ့ကိုဖက်ကာ လိုက်ငိုနေသည်။ ကျွန်တော်ဟာ ကျောက်ရုပ်တုတစ်ခု ဖြစ်နေ၏။

"မျိုးထွန်း . . . နင်ပြန်တော့ဟာ၊ နင် မေ့ကို မေ့လိုက်ပါတော့"

ကျွန်တော့်ရင်ထဲမှာ အသည်းတွေ အစိတ်စိတ်အမြွာမြွာ



ကြေမွသွားအောင် ပြောချလိုက်သော ဥမ္မာကို ပြန်အော်မိ၏။

"မမေ့ဘူး၊ ငါ မမေ့နိုင်ဘူး မေရယ်၊ ငါ ရူးလိမ့်မယ်"

"နင့်ဘာသာ ရူးလို့မက သေချင်သေ"

ကျွန်တော် မျက်လုံးစုံမှိတ်ကာ အံကြိတ်မိသည်။ ဖြစ်နိုင်ရင် အသည်းကွဲမျိုးထွန်းဟာ သစ်ရွက်တစ်ရွက်အဖြစ်နဲ့ ကမ္ဘာ့အပြင်ဘက်ကို လွင့်ထွက် ကွဲအက်ဆွေးမြည့် ပျောက်ဆုံးသွားချင်သူပါ မေ။

⊛

www.burmeseclassic.com

www.burmeseclassic.com



ဒီမှန်တကယ် ချစ်သူနှစ်ဦး ဝေးကွာသွားတာတောင် မြားနတ်မောင်ဟာ မသိချင်ဟန်ဆောင်နေခဲ့ပါ၏။ တကယ့်တကယ်မှာ ကျွန်တော်တို့နှစ်ယောက် အဖြစ်အပျက်တွေ မြားနတ်မောင် မသိခဲ့တာလည်း ဖြစ်နိုင်ပါသည်။

⊛

## (ဆ)

အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော် ကျောင်းပရဝုဏ်မှာ တွေ့သမျှခွေးတွေကို ခဲနဲ့လိုက်ထုမိတော့သည်။ ငါ ရူးသွပ်သွားပြီမေ။

သေချာတာပေါ့။

အဲဒီ ရူးသွပ်ခြင်းတွေနဲ့ ရင်းနှီးခဲ့ရတဲ့ ကျွန်တော့်ကို နာမည်တစ်မျိုး ပေးလိုက်ကြပါရဲ့။

ကျောင်းမှာ ကျောင်းသူတချို့ကပေးတဲ့ ကျွန်တော့်နာမည်သစ်ကတော့ **ခွေးပစ်မုဆိုးတဲ့**။ မေသိပါတယ်လေ။ ငါ ကျေနပ်တယ်မေ။ ခွေးတွေမြင်တိုင်း ခွေးပစ်မုဆိုးတစ်ယောက်ကို သတိရချင်မှ ရပါကွယ်။ ငါကျေနပ်စွာ အသည်းကွဲသွားမှာပါ မေ။

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲအလွမ်းများ

ထုံးစံအတိုင်းပါပဲ။ အထီးကျန်သူတစ်ယောက်၏ အိမ်ပြန်ချိန်တွေဟာ ရေဆာချင်ဆာတတ်သည်။ ဆေးလိပ်သောက်ချင် ခံတွင်းချဉ်တတ်သည်။ သွားရင်းလာရင်း ခေါင်းကို တပြင်းပြင်း ကုတ်နေချင်တတ်သည်။ ဖိနပ်ရှုပ်တိုက်သံနှင့် ရင်ခုန်သံကို စည်းချက်ညီ,မညီ နားစွင့်တတ်သည်။ လမ်းမပေါ်မှာ ခဲလုံးတစ်လုံးတွေ့လျှင် အင်နဲ့အားနဲ့ ကန်ထုတ်ပစ်ချင်တတ်သေးသည်။

"ဟော့. . . မျိုးထွန်း. . ."

ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ မျက်မှန်တပ်ရသူဆိုလျှင် ပါဝါနှစ်ဆထပ်တိုးရမည်။ ရင်ဘတ်နံရိုတွေ အသစ်လဲတပ်ရမလောက် ရင်တွေခုန်နေသည်။ ကျွန်တော့်ရဲ့ ပျောက်ဆုံးနေသော



ပန်းသီးလေးကို ကျွန်တော် မမျှော်လင့်တဲ့ ပြန်တွေ့လိုက်ရပြီလေ။ အိပ်မက်ဟု ထင်မှားစရာဖြစ်သည်။ ကိုယ့်ကိုယ်ကို ဆွဲဆိတ်ချင်စိတ်လည်း မရှိပါ။ ချစ်သောပန်းသီးလေး လာရာလမ်းမှာ ကျွန်တော် အပြုံးမပျက်ရပ်နေဖို့ အရေးကြီးလှသည်။

"မြမေ. . . နှင် ငါ့ကို နားလည်သွားပြီပေါ့၊ ငါ့ကို ခွင့်လွှတ်ပြီပေါ့၊ ဝမ်းသာလိုက်တာ မေရယ်၊ ကျေးဇူးပဲ"

"အကြောင်းကြောင်း လုပ်မနေနဲ့၊ ငါ နှင့်ကိုပေးခဲ့တဲ့ ဓာတ်ပုံတွေ ပြန်တောင်းဖို့လာတာ၊ ငါတို့ဓာတ်လမ်းက သိမ်းပြီးပြီ၊ ငါ့ဓာတ်ပုံတွေ ပြန်ပေးပါ ဒါပဲ"

"ဟာ. . ."

ပန်ကာလည်သလို ချာခနဲပြန်လှည့်သွားသော မြမေ့ရဲ့ကျောပြင်ကိုငေးမော၍ ကျွန်တော် သက်ပြင်းတွေ ချမှုန်မိပါသည်။ ကျေးဇူးတင်ပါတယ် မေရယ်။ နင် ငါ့ဆီကအမှတ်တရတွေ ပြန်မတောင်းတာ ကျေးဇူးတင်ပါတယ်။

ကျွန်တော် သက်ပြင်းတွေကို လက်ငင်းစနစ်နဲ့ မှုတ်ထုတ်နေပါသည်။ မေနှင့်ပတ်သက်၍ ကျွန်တော် အကြွေးကင်းသည်မှာ သက်ပြင်းတွေနှင့် အလွမ်းတွေသာ ရှိပါသည်။ ။

နီရင်ချင်.

www.burmeseclassic.com

www.burmeseclassic.com

အချစ်လား. . . ရည်းစားထားချင်တယ်

ရည်မှန်းချက်မရှိတဲ့သူတွေ

ဘယ်သူ့ကိုမှ အကျိုးမပြုသူတွေဟာ

အသက်ရှင်နေပေမယ့် လူသေတွေလိုပဲ။

(ဝေဘူဆရာတော်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ကျွန်တော်သည် ကျောင်းတော်ကြီး၏ ပရ၀ဏ်ထဲ ခြေချမိသည်နှင့် တွံတေးသိန်းတန်၏ (သီချင်းတစ်ပုဒ်လုံး မရပါ) တေးကိုတွန်လိုက်မိတော့သည်။

×××ကျောင်းဖွင့်ချိန်×××စိန်ပန်းတွေလည်း×××မြေမှာကြဲပြန့်နေ×××ကံ့ကော်ပန်းတွေနဲ့အတူ×××

ဟိုး. . . ဟိုး။ ကိုယ့်လူ. . . ။ လမ်းလျှောက်ရင်း ခလုတ်တိုက်မိသလိုမျိုး သီချင်းသည်ကျွန်တော့်သွားတွေကို ခလုတ်တိုက်မိ၍ လျှာပေါ် ပုံကျသွားဟန်ရှိ၏။ ကျောင်းထဲကို ကြည့်စမ်း။ စိန်ပန်းပင်တွေ ရှိနေသဖြင့် စိန်ပန်းပွင့်တွေ မြေမှာကြဲပြန့်နေသည်မှာ အမှန်။ ဘယ်မှာလဲ ကံ့ကော်ပန်းတွေ. . . ။ ကျောင်းထဲမှာ တမာပင်တွေရှိသည်။ ပြီးတော့ အ၀ေရာပင်တွေ တောထ,နေသည်။



သွားပြီ။ ကျွန်တော် စိတ်ကူးနဲ့ရူးခဲ့တဲ့ တက္ကသိုလ်ကျောင်းသားဘ၀ကလေး သွားပြီ။ ကျောင်းဖွင့်စမှာ ရင်ခုန်သံဖောင်းပွမှုတွေဖြစ်ပေါ် အောင်တော့ ကျောင်းတော်ကြီးက ဆောင်ရွက်သင့်တာပေါ့ဗျာ။

ကံ့ကော်ပင်တွေ၊ သစ်ပုပ်ပင်တွေ၊ ခုံတန်းပြာတွေ ကျောင်းထဲမှာမရှိ။ တမာပင်တွေ၊ အ၀ေရာပင်တွေလောက်တော့ ထူးထူးခြားခြား ရင်ခုန်စရာတွေ ဖြစ်လာလိမ့်မည် မထင်။ အနည်းငယ်ကံကောင်းတယ် ပြောရမှာက စိန်ပန်းပင်တွေ ရှိနေသေးလို့။ စိန်ပန်းပွင့်တွေ ကြွေနေသေးလို့။ ကြည့်စမ်း။ ကျွန်တော့်မျက်လုံးတွေ အသုံးမကျလိုက်တာ။ ကျောင်းထဲမှာ ရေတမာပင်တွေ ရှိနေသေးတာကို မမြင်မိဘူး။ ဟူး. . . မောလိုက်တာ။

ကျွန်တော် ကျောင်းပရ၀ဏ်အနှံ့ လျှောက်သွားခဲ့ပြီး မှတ်သားချက်များကို စာရင်းချုပ်လိုက်သည်။ တမာ (၂၉) ပင်၊ စိန်ပန်းပင် (၁၅) နှင့်၊ ရေတမာ (၅) ပင်။ အ၀ေရာပင်တွေက တောထနေသဖြင့် စာရွက်နှင့်မင် မဖြုန်းတီးတော့ပါ။ မေ့ကျန်စာရင်း၊ စွယ်တော် (၅) ပင်နှင့် ဇာဒ် (၆) ပင်။

တက္ကသိုလ်ကျောင်းသားဖြစ်လျှင်. . . ။

ထိုမေးခွန်းကို နဖူးပေါ် လက်တင်ပြီး အဖြေစဉ်းစားရတော့သည့် အချိန်မဟုတ်တော့မှန်း ကျွန်တော်သိပါ၏။ ယခု တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ပရဝဏ်ထဲမှာ တက္ကသိုလ်လေကို ရှူနေသူမှာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေပြီပဲ။ နှုတ်ခမ်းဆိုးဆေးနံ့များ၊ စီးကရက်နံ့များ ပျော်ဝင်နေသောလေကို 'တက္ကသိုလ်လေ'ဟု မှတ်လိုက်ပါ ကျွန်တော့်မိတ်ဆွေ။ အကြောင်းပြချက်မှာ ကျောင်းသူတွေ နှုတ်ခမ်းဆိုးဆေး အသုံးများပြီး ကျောင်းသားတွေ စီးကရက် အလွန်သောက်သုံးသောလက္ခဏာများကို လက်ညှိုးထိုးပြချင်သည်။

တက္ကသိုလ်ကျောင်းသားဖြစ်လျှင် . . .။ ထိုခေါင်းစဉ်လေးပေးပြီး အက်ဆေးတစ်ပုဒ် ရေးကြည့်ချင်စိတ် ကျွန်တော့်မှာ မရှိခဲ့ပါ။ ကျွန်တော် တက္ကသိုလ်ကျောင်းသားဖြစ်လျှင် ရည်းစားတစ်ယောက်တော့ ထားဖြစ်အောင်ထားမည်ဟူသော ရည်ရွယ်ချက်ကြီးကြီးတစ်ခုကို လွယ်အိတ်ထဲ ထည့်လွယ်ခဲ့ပါသည်။ ဒါ ကျွန်တော့်နှလုံးသားကို သွေးတိုးစမ်းကြည့်ခြင်း မဟုတ်ရိုးအမှန်ပါ။ **'တက္ကသိုလ်ကျောင်းသားဖြစ်ပြီဆိုမှဖြင့် ရည်းစားတစ်ယောက်ရှိမှ တင့်တယ်ပေမည်'** ဟူသော ရင်ဘတ်အမြင်ကလေး မဲတင်းပြီး နှလုံးသားကို အချစ်နယ်ပယ်ထဲ သွတ်သွင်းရန်သာ ဖြစ်ပါသည်။ ဒီအရွယ်ရောက်မှတော့ အမြီးလည်း ပေါက်မှဖြစ်မည်။ အထီးကျန်ဆန်သော အိပ်မက်တွေကိုလည်း အချစ်ရေအေးတိုက်ကျွေးမှ ဖြစ်တော့မည်လေ။

ကျွန်တော် လမ်းလျှောက်ရင်း အတွေးတွေကို ဆေးလိပ်တစ်လိပ်အဖြစ် ဖွာထုတ်နေမိသည်။ ကျောင်းဖွင့်စ,ဆိုသော်လည်း ကျောင်းသားကျောင်းသူအသစ်တွေ ဝတ်ဆင်ထားသော ကျောင်း



တော်ကြီးမှာ လှပနေပါ၏။ ကျွန်တော်သည် ရည်းစားထားချင်စိတ်ကို လွယ်အိတ်ထဲ ထည့်လွယ်ထားပြီး အရေးအကြီးဆုံး နေရာ တစ်နေရာကို လေ့လာရန် ပင်မဆောင် ကော်ရစ်တာက ထွက်ခွာခဲ့ပါသည်။ ထိုနေရာသည် ကျောင်းပရဝဏ်အတွင်းမှာတော့ ထမင်းဆိုင်ထက် အရေးကြီးသည်။ ကျောင်းမှတ်စုစာအုပ်ထက် အရေးကြီးသည်။ ဂိုက်ဆံအိတ်ထက် အရေးကြီး. . .။ ထိုနေရာကလေးဟာ 'ဘာ' ဖြစ်နိုင်ပါသလဲ မိတ်ဆွေ။ စဉ်းစားမနေပါနဲ့ဗျာ။ ကျွန်တော်ရှာဖွေနေသော နေရာလေးမှာ အိမ်သာ၊ ရေအိမ်၊ အမျိုးသားသန့်စင်ခန်း၊ အပေါ့အပါး၊ အလေးအပင်၊ ပြဿနာတွေ အဖြေရှာရာရပ်ဝန်း။

ဒီနေ့တော့ 'ကျောင်းဖွင့်စ' ရက်မို့ အတန်းလစ်ရန်သာ စိတ်ကူးထားပါသည်။ ကျောင်းပရဝဏ်အနှံ့ လေ့လာရဦးမည်။ ပြီးတော့ လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကိုထုတ်ပြီး လူရှင်းရာနေရာမှာ 'မကြာခင်မှာ ရည်းစားထားပါမည်'ဟု ကတိပေးရမည်။ ပြီးတော့ . . .။ ကျောင်းပရဝဏ်အတွင်းမှာ တခြားကျောင်းသားကျောင်းသူတွေလည်း 'ကျောင်းဖွင့်စနေ့သစ်'ကို စပ်စုရေးသီချင်း လုပ်ဆိုနေကြမှာပါပဲ။

ပင်မဆောင်လွန်တော့ ကျောင်းသူတစ်အုပ်ကို တွေ့လိုက်ရသဖြင့် ကျွန်တော့်ခြေလှမ်းတွေ မှားယွင်းကုန်သည်။ ရပ်တန့်သွားသည်။ ကိုယ့်ကိုယ်ကိုအားပေး၊ ဘယ်-ညာတိုင်ပင်ပြီး ကောင်မလေးတွေကို ကျော်ဖို့ဆုံးဖြတ်ရသည်။ လမ်းလျှောက်နေတဲ့ခြေကျ (ဆက်

www.burmeseclassic.com

www.burmeseclassic.com



ရက်) မက်ကလေးတွေ လမ်းဖယ်ပေးကြကွယ်။ ဘုန်းမောင်မှာ တစ်ယောက်တည်းဆိုတော့ အားငယ်လှတယ်။ ပြီးတော့ မိန်းမလှလေးတွေနောက်က လိုက်လျှောက်ရသည်မှာ ဖုန်မမွှန်သော်လည်း နှာခမ်းဆိုးဆေးနံ့၊ မိတ်ကပ်နံ့များ မွှန်လှသည်လေ။

ကျွန်တော့်ခြေလှမ်း အကွာအဝေးကို ကျယ်လိုက်သည်။ ခြေလှမ်းနှုန်းကို 'မြန်းခန်' မြှင့်တင်လိုက်၏။

"အင့်"

"ဟာ. . ."

"ရှင်. . . ရှင်. . ."

မည်သို့မှမထင်မိသော အဖြစ်အပျက်သည် လေရှူးလိုတွေ့တိုက်သွားခဲ့လေပြီ။ ကျွန်တော်က မိန်းကလေးတစ်သိုက် (လေးယောက်အဖွဲ့)ကို ကျော်အတက်မှာ မိန်းကလေးတစ်ယောက်ရဲ့ ဖိနပ်နောက်မြီးကို နင်းမိသွားသဖြင့် ပဲပင်ပေါက်အညှောင့်ထက် သေးသွယ်သော ဖိနပ်သည်းကြိုး ပိစိကွေးတစ်ချောင်း ပြတ်ထွက်သွားခဲ့လေ၏။ သွားပြီ။ ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်သွားသည်။ နားထင်တွေပူ နားတွေအူလာသည်။ စိတ်ထဲမှာ မောပန်းသလိုဖြစ်ပြီး၊ မျက်နှာမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ သုံးစက္ကန့်လောက် အသက်ရှူမှားသွားပြီး ကျွန်တော့်ရင်တွေ ခုန်ပေါက်နေပါသည်။ ရင်ခုန်သံတွေ ဖောင်းပွမှုဖြစ်ကုန်ရင် မကောင်းဘူး မိန်းကလေးရယ်။

]]aq n&D (Sorry) ဗျာ. . . မတော်. . ."



"ဘာပြောတယ်. . . ဒီလောက် လူတွေအများကြီးဟာ၊ ရှင်မြင်ရက်နဲ့ တမင်လုပ်တာ"

"ဟာ. . . မဟုတ်ဘူး. . . မဟုတ်ဘူး"

ကျွန်တော့်ကို သွေးပေါင်ချိန်ကြည့်လျှင် ဆရာဝန်လန့်ပြီး မျက်လုံးပြူးသွားနိုင်သော အခြေအနေ။ ဖိနပ်အမြီးပိုင်းကို တက်နင်းမိခြင်းကြောင့် ဖိနပ်သည်းကြိုးပြတ်မှုတစ်ခုအား မတော်တဆ ဖြစ်ပျက်မှုနယ်ပယ်မှ ကျော်လွန်ကာ ကျွန်တော်၏ တမင်ဖန်တီးမှုအဖြစ် သူတို့က တစ်ဖက်သတ် သတ်မှတ်နေကြပြီ။ ဖိနပ်သည်းကြိုး၏ အရည်အသွေး ညံ့ဖျင်းမှုကိုလည်း ထည့်စဉ်းစားသင့်ပါသည်။ ကာယကံရှင်ဖြစ်သူကတော့ ခေါင်းငုံ့ပြီး သူမ၏ရှက်ရွံ့မှုများကို လက်ကိုင်ပဝါနဲ့ သန့်ရှင်းနေပါသည်။ ကျွန်တော် ဘာလုပ်ရမလဲ။ ကျောင်းသူတစ်ဦး ဖိနပ်သည်းကြိုးပြတ်သွားခြင်းအပေါ် မည်သည့်အတိုင်းအတာအထိ ရှုတ်ချရမည်ဟု သတ်မှတ်ချက်တွေ ရှိနေပါသလား။

"တကယ်. . . အဲ. . . မတော်တဆဖြစ်ရတာပါဗျာ၊ ကျွန်တော် ခင်ဗျားတို့ကိုကျော်ပြီး လျှောက်လိုက်တာ မတော်တဆ နင်းမိသွားတာပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ်"

မပွင့်တပွင့် ပန်းငုံဖူးကလေးများဖြင့်တူသော စကားကလေးကြားသဖြင့် ကျွန်တော် အသက်ရှူ နည်းနည်းမှန်လာပါသည်။ သူမ၏ မျက်ဝန်းမှာ မျက်ရည်မိုးတိမ်တွေ မှိုင်းညို့ညို့ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ရပါတယ်လဲ၊ ဖိနပ်အသစ်ကြီး ပြတ်သွားတာ၊ ဒါ တမင်သက်သက် ပြဿနာရှာတာ၊ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး ဒီမှာ. . . ရှင် ပြန်လျော်ပေးရမယ်"

"ဗျာ. . . အဲ"

ဆံပင်အလယ်ခွဲပြီး လွယ်အိတ်ကို ယောက်ျားလွယ် လွယ်ထားသော ကောင်မလေးက ကြားဝင်စွက်ဖက်လာသည်။ ဒီနေရာကလေးဟာ နယူးယောက်မြို့ကြီး ဖြစ်တယ်ဆိုရင်တောင် ကျွန်တော် ဒီနေရာကလေးကို ကျော်ခွပြီး သွားချင်ပါသည်။ သူမတစ်ယောက်ကလွဲ၍ ကျန်အမျိုးသမီးတွေက ဖိနပ်ပြဿနာကို မျက်စောင်းထိုးပြီး ဖြေရှင်းခိုင်းနေကြသည်။ ဒီနေရာကလေးဟာ 'မတော်တဆ' 'တိုက်ဆိုင်မှု' စသော စကားလုံးတွေ အသုံးမဝင်ပေ။

"ခုမှ ရူးသလိုကြောင်သလို လုပ်မနေနဲ့၊ ရှင့်ကြောင့် ဖိနပ်ပြတ်သွားတာ၊ အဲဒါ ရှင် ပြန်လျော်ပေးပါ၊ ဒါပဲ"

ကျွန်တော် ရူးသွပ်မသွားအောင် ခေါင်းကိုကုတ်ဖွဲနေမိသည်။ ပြဿနာတစ်ခုကို ဖြေရှင်းရာ၌ 'အချိန်၊ နေရာနှင့် အခြား အကြောင်းအရာများစွာ' လိုအပ်သေးသည်ဆိုတာ သည်ကောင်မလေးတွေ မသိကြဘူးလား။ ကျွန်တော့်မှာ သက်ပြင်းကလေးတစ်စက်တောင် ခိုးကြောင်ခိုးဝှက် ချနေရပါသည်။

"ကျွန်တော်. . . အဲ. . . ကျွန်တော့်ဖိနပ် ယူသွားလေ"

"ဘာ"



ကမ္ဘာကြီးသည် (၂၃၄°) တိမ်းစောင်းနေ၍သာ တော်ပါသေး၏။ ဒီကောင်မလေးတွေနဲ့ ပြေလည်အောင် ကျွန်တော် ဘယ်လိုညှိရပါ့။ ပြေလည်အောင် ဒီမောင် လေလည်. . . အဲ။ ကျွန်တော့်ရဲ့ ရန်ဘိုတံဆိပ် ဖိနပ်ကလေးကိုကြည့်ပြီး သင်းတို့ နှာခေါင်းရှုံ့ကြသည်။ နှုတ်သီးအလွန်စွာပုံရသော (ဇင်မာညိုမီ) ကောင်မလေးက ကျွန်တော့်အာရုံကို အသံနဲ့ ဆွဲဆိတ်လိုက်ပြန်သည်။

"ရှင့်ဖိနပ် ဘာလုပ်ရမှာလဲ၊ ဒီဖိနပ် အစားပြန်ဝယ်ပေး"

"အဲ. . . ကျောင်းထဲမှာ ဖိနပ်ဆိုင်မှ မရှိဘဲ၊ ပြီးတော့. . ."

ကျွန်တော် စကားပြောရင်း ရင်ထဲမှာ မွန်းကြပ်လာသည်မို့ စကားကို ရပ်ထားလိုက်ရသည်။ ကျွန်တော် စကားဆုံးအောင်လည်း ပြောနိုင်မည်မထင်ပါ။ ကျွန်တော့်အိတ်ကပ်ထဲမှာ. . . ဟင့်အင်း။ ဖိနပ်တစ်ရန်ကို လက်ညှိုးထိုးဝယ်ပေးနိုင်လောက်တဲ့အထိ ကျွန်တော့်အိတ်ကပ်ကလေးမှာ အင်အားမရှိလှပါ။ ကျွန်တော် သက်ပြင်းတစ်ချက် ခိုးကြောင်ခိုးဝှက်ချလိုက်ဖို့ သိပ်လိပ်ပြာမလုံ။

"စဉ်းစားမနေနဲ့၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး"

"ကျွန်တော့်မှာ. . . အဲ. . . ပိုက်ဆံမပါဘူး"

လူနာက ဆရာဝန်ကို အသိပေးလိုက်ရသလိုမျိုး ကျွန်တော့်အိတ်ကပ် ကျန်းမာရေးကို ဖွင့်ပြောလိုက်ရပါသည်။ ဖိနပ်သည်းကြိုးပြတ်ကလေး. . . အဲ. . . ထိုကောင်မလေးဆီက အားနာသွားတဲ့ အကြည့်ကလေး ကျွန်တော့်ဆီ ပြေးလာခဲ့သည်။ (အဲဒီအကြည့်ပြေးက

www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ နူးညံ့သိမ်မွေ့သော ခံစားမှုတွေ ညိုတွယ်နေသလိုပဲ။)

“တော်ကြပါတော့ မိဇင်နဲ့ ပေါက်ပေါက်ရယ်၊ လူတွေဝိုင်းကြည့်နေကြတယ်ဟ၊ ငါ့မှာ ရှက်လို့သေတော့မယ်၊ အဟင့် . . .”

သူမက ပြောပြောငိုငို ဖြစ်သွားသဖြင့် လျှော်ကြေးတောင်းခံရေးအဖွဲ့ မြားဦးလှည့်သွားကြပါသည်။ ကျွန်တော်ကတော့ လေညာအရပ်မှာ မတ်တတ်။

“အနမ်း . . . ငိုမနေစမ်းနဲ့၊ လာ . . . တို့အဆောင်ပြန်ကြမယ်၊ ဒီမှာ”

ကြည့်စမ်း . . . သူမရဲ့ နာမည်လေးဟာ ‘အနမ်း’တဲ့။ နာမည်ကလေး ကြားလိုက်ရတာ ကျွန်တော့်ကျောတွေ ချမ်းသွားသလို။ ရင်ခုန်သံကလည်း နွေဦးသစ်ရွက်တွေလို မလှုပ်ရဲသေး။ ပေါက်ပေါက် ဆိုသော အသံအပြင်းစားပိုင်ရှင်ကို ကျွန်တော် လန့်သွားပါသည်။ သူ့အသံက သတ္တုသံ နည်းနည်းပေါက်သည်။ အဆောင်ဘက် လှည့်သွားသောမြားဦးဟာ ကျွန်တော့်ဆီကို ဂငယ်ကွေ့ကွေ့ပြီး ကျွန်တော့်ဆီ ပြန်ရောက်လာသည်။

“ဒီမှာ . . . ရှင် မြဲမြဲမှတ်ထား၊ ရှင် တမင်လုပ်မှန်းသိလို့ အလျှော်တောင်းနေတာ၊ ဒီလိုဖိနပ်မျိုးတွေ အဆောင်မှာ ထားစရာနေရာမရှိဘူး”

ကျွန်တော် စိတ်တိုသွားမိသည်။ ‘ဒိန်းခနဲ’ (သို့) ‘ဒိုင်းခနဲ’ပဲ။ ယောက်ျားဆိုတော့လည်း မာနစိတ်ကို ‘လိုရမည်ရ’ ဆောင်ထား



ခဲ့သည်လေ။ သူတို့ဘာသာ ဖိနပ်တစ်ရံကို နေကြာစေ့တစ်စေ့လောက်သဘောထားလိုက ထားနိုင်ပါသည်။ ‘တမင်သက်သက်’ဆိုသောတစ်ဖက်မြင်စကားလုံးက ကျွန်တော့်မာနကို ပဲကြီးစေ့တစ်စေ့အဖြစ်ရေစိမ်နေပြီ။

“စိတ်ချ၊ ကျွန်တော် အလျှော်ပေးပါ့မယ်၊ ဒါပေမယ့် မိန်းမစီးဖိနပ်တော့ မဝယ်တတ်ဘူး၊ ဝယ်လည်းမဝယ်ရဲဘူး၊ ဖိနပ်ဖိုး ပြောလိုက်ပါ”

“ခြောက်ထောင့်ငါးရာ”

စိန်ပန်းပွင့်တွေ လေအဝှေ့တွင် ကြွေချင်သလို ကြွေနေလိမ့်မည်။ သူမတို့အဖွဲ့ အဆောင်ပြန်သွားကြသည်အထိ ကျွန်တော် (ထို) နေရာလေးက မခွာဖြစ်သေး။ ကျွန်တော့်လိပ်ပြာကလေးကတော့ သူမတို့နောက် လမ်းလျှောက်၍ လိုက်သွားလေသည်။ ဖြစ်နိုင်လျှင် ကျွန်တော့်လိပ်ပြာကလေးကို ဖိနပ်တစ်ရန်အဖြစ် ဖန်ဆင်းပြီး သူမ၏ ခြေထောက်ရင်းမှာ ချထားလိုက်ချင်မိသည်။

သည်လိုဆိုပြန်တော့ ကျွန်တော့်လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်သည် နိုးထလာ၏။

“ဘာလဲ . . . အဲဒီကောင်မလေးကို ရည်းစားထားကြည့်မလို့လား၊ ဟား . . . ဟား၊ စဉ်းစားပါဦး ကိုယ့်ဆရာရယ်၊ ရင်ခုန်စရာမကောင်းတဲ့ ဖိနပ်သည်းကြိုးအပြတ်ကလေးနဲ့ အချစ်ခံစားမှုတွေကို မချည်နှောင်လိုက်ပါနဲ့”

www.burmeseclassic.com

www.burmeseclassic.com



သွားစမ်းပါ။ လွယ်အိတ်ထဲက အိပ်ချင်မူးတူးယပြီး ဘာတွေလာပြောနေမှန်းမသိတဲ့ ရည်းစားထားချင်စိတ်ကလေးကို ခေါင်းပုတ်ပြီး သတိပေးလိုက်ရသည်။

"ဟဲ့. . . ရည်းစားထားချင်စိတ်ကလေးရဲ့၊ အဲဒီကောင်မလေးက သိပ်လှတာ မမြင်လိုက်ရဘဲ စွတ်ပြောမနေနဲ့" လို့။

သေချာပါသည်။ 'အနမ်း'ဟုခေါ်သော ကောင်မလေးသည် လမင်းလို လှပါ၏။ ဘာပဲဖြစ်ဖြစ်. . . ထိုကောင်မလေးသည် ကျွန်တော်၏ နံရိုးတစ်ချောင်း။ ကျွန်တော့်ရဲ့ ဖိနပ်သည်းကြိုးတစ်ချောင်း ဖြစ်လာခဲ့လျှင်. . . ကျွန်တော် ရင်နဲ့ အဆင်ပြေပါ့မလား။ ကျွန်တော် 'သူမကို မချစ်မိပါဘူး'ဟု အာမ,မခံရဲပါ။ တော်ကြာချစ်မိသွားရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော်နဲ့ သူမတို့ ရည်းစားဖြစ်နိုင်ချေ (ရှိ,မရှိ) ဆိုတာ ဗေဒင်ဆရာကို မေးကြည့်ချင်သော်လည်း ကျွန်တော်က ဗေဒင်မယုံကြည်သူ ဖြစ်သည်လေ။

"အို. . . ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး"

ကျွန်တော် ပေါက်ပေါက်ဆိုသော ကောင်မလေး၏လေသံကို အသုံးချ၍ ကိုယ့်ကိုယ်ကို ထိုနေရာလေးက ထွက်ခွာခိုင်းလိုက်တော့သည်။

❀ ❀ ❀

ခုနှစ်ဖဝါး အတူသွားဖူးရုံနှင့် မိတ်ဆွေဖြစ်၏။ တစ်ဆယ့်နှစ်ရက်ကြာအောင် အတူပေါင်းဖက်ဖူးလျှင် အပေါင်းအဖော်ဖြစ်၏။ တစ်ဆယ့်ငါးရက်ကြာအောင် အတူပေါင်းဖက်ဖူးလျှင်ကား ဆွေမျိုး နှင့်တူ၏။ ဆယ့်ငါးရက်ထက် အလွန် အတူပေါင်းဖက်ဖူးလျှင်ကား မိမိနှင့်ထပ်တူ ဖြစ်လေသည်။

(ကာဠကဏ္ဍိဇာတ် ၈၃)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကျွန်တော့်ခန္ဓာကိုယ်သည် 'ဝီခနဲ' သုံးကြိမ်သုံးခါ လည်သွား၏။ ထိုသို့ ကိုယ့်ကိုယ်ကို ဝီသွားအောင် သုံးကြိမ်လှည့်၍ အရပ် (၁၆) မျက်နှာကို (၁၆) စက္ကန့်အတွင်း အပြတ်ကြည့်ပစ်လိုက်ပြီး ကျွန်တော့်ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်လိုက်တော့သည်။ အိပ်မက်ကို ရွက်လွှင့်လိုက်သည်။ 'ရှိုး' (လေချွန်သံ)

"ဟယ်. . . ကြည့်စမ်းဟေ့၊ ဟိုမှာ ဖိနပ်စုတ်တွေကောက်နေတာ တွေ့လား (ခစ်. . . ခစ်. . ခစ်)"

ကျွန်တော့်အသိစိတ်က မီးခြစ်ခြစ်သလို ဖြစ်သွားသည်။ အသိမီးတောက်ကြောင့် မျက်နှာတွေ ထူပူသွား၏။ လက်ထဲရောက်နေပြီဖြစ်သော ဖိနပ်တစ်ဖက်ကို ပြန်လွှတ်ချလိုက်ရမလား။ ရင်တွေ



တဆတ်ဆတ်တုန်နေသည်။ ကျွန်တော် အရပ် (၁၆) မျက်နှာကို သေသေချာချာ ဝက်ဘ်လှည့်ကြည့်ထားပါလျက် ကံကြမ္မာက မျက်နှာပေါ်တက် ဝက်ခြံညှစ်နေပြီ။ အဲဒီကျောင်းသူသုံးယောက်ဟာ ဘယ်ကမ္ဘာကနေ ဘာဂါထာရွတ်ပြီး ကျွန်တော့်နောက် ရောက်လာကြတယ်မသိ။ 'ဥုံ'ဖွအော်ပြီး ကိုယ့်နားရင်းကို ဆော်ပလော်တီးလိုက်ချင်ပါသည်။ ကျွန်တော့်လက်ထဲ ဖိနပ်တစ်ဖက် ရောက်လာသော အချိန်နှင့် သူတို့ရောက်လာသော အချိန်က ကွက်တိ။ စက္ကန့်တံအဖျားကလေးပေါ် ချိန်းတွေ့ကြသော အကျုံးမြှုချစ်သူနှစ်ယောက်။ ကျွန်တော် ဖိနပ်ကလေးကို ကုန်းကောက်လိုက်ချိန်မှာ အလန့်တကြားရယ်သံတွေ၊ တွက်ကျား လေပြင်းတိုက်ခတ်လာလေခြင်း။ ဟင့်အင်း။ ကျွန်တော်၏ ရှက်ရွံ့သွားသော မျက်ခွက်ကြီးကိုချွတ်ပြီး လွယ်အိတ်ထဲ ထည့်လိုက်မိသည်။ (နောက်ဆို မျက်နှာပြင်ပေါ်က လူမှုရေးမူလီတွေကို တင်းတင်းကျပ်ထား၍ မဖြစ်တော့။ လိုအပ်လျှင် မျက်နှာကို လွယ်လင့်တကူ ချွတ်နိုင်ရန်ဖြစ်သည်။)

ရှက်ရွံ့စွာလုပ်ရသော ဝန်ဆောင်မှုသည် နေကြာစေ့ အခွံနှာသလောက် အခက်အခဲမတွေ့၍ တော်ပါသေး၏။ သို့သော် ဖိနပ်တစ်ဖက် (မိုးကြောင်ခိုးဗ္ဗက်) ကောက်နေစဉ်၊ လူမိသွားသောအခါ ရှက်ရမည့် အရှက်တရား ဘယ်နှစ်ပါးရှိမည်ဟု မိတ်ဆွေထင်ပါသလဲ။ ကျွန်တော်ကတော့ နေထွက်ရာအရပ်ကို မျက်နှာမူကာ ဖိနပ်တစ်ဖက်ကို လွယ်အိတ်ထဲထိုးထည့်ပြီး ပင်မဆောင်ဘက် အပြေးထွက်ခဲ့မိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဟီး. . . ။

မည်သို့ပင်ဖြစ်စေ။ ကျွန်တော့်နောက်ကျောတွင် 'အဟီး'ဟူသောတံဆိပ် ချိတ်ဆွဲထားသည်နှင့် တူအောင်တော့ ကျွန်တော့်မျက်နှာ၏ သွေးကြောများကို စီးဆင်းစေခဲ့ရပါသည်။ ကျွန်တော့်နောက်ကျောတော့ သိပ်မလှချင်ဘူး။ ငါ့နောက်ကျောကို စကားလုံးမားတွေနဲ့ ဝိုင်းမထိုးကြပါနဲ့ကွယ်။

"စနေနံအဝင်မခံပါနဲ့"၊ "ဖိနပ်စုတ်ကောက်သူ"၊ "ရည်းစားက စိတ်ကောက်နေလို့ ဖိနပ်ပျက်လိုက်ကောက်ပြီး ယတြာချေနေတာလား"။

"သူကောက်သွားတဲ့×××ဖိနပ်နီနီ×××"

မည်သို့ပင် ပြောကြပါစေ။ ကျွန်တော်ခေါင်းငုံ့ပြီး လမ်းလျှောက်ဦးမည်။ လမ်းဆက်လျှောက်နေပါမည်။ ပြောကြစမ်း။ အိပ်မက်မီးပေါက်လို့ ဖိနပ်အပျက် လိုက်ကောက်နေတာ။ ဘာဖြစ်လဲ။ ကျောင်းသားတစ်ယောက် ဖိနပ်အပြတ်ကောက်ခြင်းသည် ကလေးတစ်ယောက် ကြယ်ကြွေကောက်သလောက် စိတ်ကူးအူမပေါက်သေးပါဘူး။

ဖိုးရွှေလမင်းကြီးရဲ့ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ မကျွေးချင်နေပါ။ အိပ်မက်တောထွက်ဖို့ ဖိနပ်တစ်ဖက်တော့ လက်ဆောင်ပေးပါကွယ်။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် အစစ်ရှက်ပါသည်။ ဖိနပ်သည်း



ကြိုးပြတ်ကလေးက လွယ်အိတ်ထဲမှာ ရည်းစားထားချင်စိတ်နှင့် မိတ်ဆွေတွေ ဖြစ်ချင်ဖြစ်နေပေမည်။ ရည်းစားထားချင်စိတ်က ဖိနပ်သည်းကြိုးပြတ်ကလေးကို အမြင်ကတ်ကတ်နှင့် ရန်တွေ့နေမှာလည်း စိုးရိမ်ရပါ၏။

ဒီလိုလျှောက်လာရင်းနဲ့ အခန်း (၁၂) ၏ ထောင့်မှန်ခံကော်ရစ်တာကွေ့ မကွေ့ရမီ စကားပြောရင်း လမ်းလျှောက်နေသော ကောင်မလေး (၂) ယောက်ကို တွေ့ရပြန်သည်။ ကျွန်တော့်မျက်နှာမှာ အရှက်ချွေးတွေ ထွက်နေသေးသည်။ သင်းကလေးတွေကို ကျော်ဖြတ်ဦးမည်။ သည်တစ်ခါ ဖိနပ်တက်နင်းမိလို့ မဖြစ်တော့ပါ။ မတော်တဆပဲဖြစ်ဖြစ်၊ အတွေ့အကြုံအပေါင်းကြီးကို 'ဖုံခါ'ပြီး မသုံးစွဲချင်တော့ပါ။ စာ-မ-လိတ်တော့ပါ။ မတော်တဆဟူသည် တစ်ခါတစ်ရံ၌သာ ကြားသူကြား ဝင်ရောက်ပြီး လေလည်ဖို့ကောင်းပါသည်လေ။ ကျွန်တော် ခြေမျက်စိတွေကို 'သတိ' မျက်မှန်တပ်ဆင်၍ (ကောင်မလေး ၂ယောက်ကို) အလျင်အမြန်ကျော်ကာ ထောင့်မှန်ကော်ရစ်တာကွေ့ ကွေ့ဆင်းလိုက်ပါသည်။ ဟင့်အင်း. . . ။ ဖိနပ်တက်နင်းမိခြင်းကို ရှောင်ကြဉ်ပါ၏။ ဒီတစ်ခါ ကျွန်တော် ဆုတောင်းပြည့်ခဲ့တယ် မိတ်ဆွေရေ။ ကျွန်တော် ယုံကြည်ပါသည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာသီညွတ်သည့်အပြင် အရှက်လည်း ပြေစေနိုင်၏။ သို့သော်. . .

ဒိန်း. . . ။ သို့မဟုတ်. . . ။ ဒိုင်း. . . ။

(ထောင့်မှန်) ကော်ရစ်တာကွေ့မှာ လူနှစ်ယောက် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင် ဝင်တိုက်မိလျှင် မည်သည့်အသံမျိုး ထွက်ပေါ်လာတတ်ပါ သလဲ။ ထားပါလေ။ 'ဒိုင်း' ဖြစ်ဖြစ်၊ 'ဒိန်း' ဖြစ်ဖြစ် . . . ကျွန်တော်နဲ့ တစ်စုံတစ်ယောက်ကတော့ နဖူးတိုက်ဒူးတိုက် ဝင်တိုက်ဖြစ်ခဲ့ကြပြီ။

ကြယ်တွေ၊ လတွေ၊ မီးပြတိုက်တွေ၊ အလင်းနတ်သမီးတွေ၊

ကိုယ်အာရုံခိုက်ရာ မြင်နိုင်လောက်သော ထိပ်တိုက်ရင်ဆိုင်မှု။ ခန္ဓာကိုယ် (၂) ခု၊ (လျှပ်တပြက်) အနမ်းတစ်ခု ထုဆစ်မိကြခြင်းဟုလည်း ခံစားနိုင်ပါသည်။

"ခင်ဗျား မမြင်ဘူးလား"

"Sorry ဗျာ၊ အတွေးလွန်သွားလို့၊ အဟီး . . ."

ကျွန်တော်နှင့် ဝင်တိုက်မိကြသော တစ်စုံတစ်ယောက်သည် ရုပ်ရှင်ထဲကလို မိန်းမလှလှတစ်ဦး ဖြစ်ခဲ့ပါလျှင် ကျွန်တော့်လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကလေး အိပ်ရေးပျက်ရကိန်း ဆိုက်ချေမည်။ အခုတော့ (အို) ရုပ်ရှင်မှမဟုတ်ကာ။ ကျွန်တော် ဝင်တိုက်လိုက်မိတာက အရပ်ပုပု၊ ပိန်ပိန်သေးသေး ကျောင်းသား အငန်စားကလေးတစ်ယောက်။ (သူ့မျက်နှာက အငန်လျှော့စားဖို့ကောင်းသော ဝက်ခြံတွေကိုကြည့်ပြီး အငန်စားကျောင်းသားဟု သတ်မှတ်လိုက်ပါသည်။)

ထိုကျောင်းသားသည် နဂိုကပြူးနေသော မျက်လုံးကို တမင်ပြူး၍ ညည်းလေ၏။

"သွားပြီး . . . လွတ်ပြီ၊ တစ်မနက်လုံး 'ချောင်း'ခဲ့ရတဲ့ အခွင့်



အရေး . . . တစ်မိနစ်တည်းနဲ့ လက်လွှတ်လိုက်ရပြီ၊ တောက် . . ."

ထိုကျောင်းသား၏ စိတ်ခံစားမှုအထားအသိုကို ကျွန်တော် နားမလည်ပါ။ သူ့ခံစားမှုတွေသည် ကော်ဖီမှုန့်ကို ရေအေးနှင့်ဖျော်ထားသလို ဖြစ်နေသည်။ ရေတွင်ပေါ်လောပေါ်နေသော ခံစားမှုအမှုန်အမွှားများ . . .။

"မတော်တဆပဲ မိတ်ဆွေရယ်"

"ဘာမတော်တဆလဲ . . . အချစ်စစ်ဆင်ရေးမှာ မတော်တဆတွေ၊ တိုက်ဆိုင်မှုတွေ၊ မိတ်ဆွေတွေ၊ ရန်သူတွေ ဝင်စွက်ဖက်စရာ မလိုဘူး"

သူ့အသံက မီးဖုတ်ထားသလို မာသည်။ ကျွန်တော် သူ့စကားလုံးတွေကို ရေစိမ်ကြည့်၍မရ၊ နားမလည်ဘူး။ အချစ်စစ်ဆင်ရေးတဲ့။ တိုက်ဆိုင်မှုတွေ၊ မတော်တဆတွေတဲ့။ ရန်သူတွေ-မိတ်ဆွေတွေတဲ့။ သူ၏ ရောထွေးနေသော ရင်ဘတ်ထွက် ဒေါသတွေကို 'ဆန်ခါ'ချပြီး ရေသန့်စင်ပေးလိုက်ချင်ပါသည်။

"ငါက တမင်အကွက်ဆင်ပြီး ဝင်တိုက်ခဲ့တာ၊ အခုတော့ မင်းဝင်ရှုပ်လို့ တောက်ကွာ၊ ဟင်း . . ."

"ကျွတ်"

လူက လက်မလောက်၊ ဒေါသက ဓာတ်တိုင်လောက်ကြီးနေသော ကျောင်းသားကိုကြည့်ပြီး ကျွန်တော် စိတ်ပျက်သွားမိသည်။ ပြီးတော့ ကျွန်တော့်ကိုယ်ထဲမှာရှိတဲ့ ဒေါသတွေကလည်း ကြိုးနဲ့တုပ်

www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားတဲ့ ပလတ်စတစ်ရုပ်မဟုတ်ဘူး။ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး။ ကျွန်တော့် ဒေါ်သတွေဟာ ပုပ်သိုးနေတဲ့သစ်သီး မဟုတ်ဘူး။ ကျွန်တော်လည်း လိုအပ်လျှင် ကိုယ့်ဒေါသတွေထုတ်ပြီး စားသုံးနိုင်သူတစ်ယောက်ပဲ။

"ဘာလဲ. . . မတော်တဆဖြစ်တဲ့ကိစ္စ မကျေနပ်ဘူးလား"

"မကျေနပ်ဘူး၊ လုံးဝ မကျေနပ်ဘူး"

"ဒါဆိုလည်း မင်းဖြစ်ချင်တဲ့အကြောင်းပြောလေ"

ကျွန်တော် ပုဆိုးပြင်ဝတ်လိုက်ပါသည်။ လွယ်အိတ်ကတော့ စလွယ်သိုင်းထားသည်မို့ ကိစ္စမရှိ။ ဘယ်ထောင့်ကဖြစ်ဖြစ် ဝင်ရောက်လာမည့် အန္တရာယ်ကို ရင်ဆိုင်ရန် အသင့်အနေအထားမှာ ရှိနေပြီလေ။ ('စိန်ခေါ်ရင်. . . စပါကလင် ဘယ်နှစ်ပုလင်းကြေး ပြိုင်သောက်မလဲ၊ ရတယ်' ဆိုနိုင်သည့် အခြေအနေ။)

"နေကြပါဦး. . . ဘယ်လိုဖြစ်ကြတာလဲဗျာ၊ ကျောင်းသားအချင်းချင်း ညီရင်းအစ်ကို၊ ဘော်ဒါ၊ မိတ်ဆွေ. . . အဲ. . . ပြဿနာ မဖြစ်ကြပါနဲ့ဗျာ"

ဇာတ်ကောင်းခန်း ရောက်လုရောက်ခင်မှာ ကြော်ငြာဝင်သလို ကျောင်းသားတစ်ယောက် ကြားဝင်လာခဲ့လေသည်။ အဲဒီကျောင်းသားလေးသံက ရေကုန်ရေခမ်းခွပ်တော့မည့် တိုက်ကြက်ဖနှစ်ကောင်ကို ခြောက်လွှတ်နေသည့် ဟန်ပန်မျိုး။ ကြားဝင်လာသော ကျောင်းသားကိုကြည့်ပြီး ကျွန်တော်တို့နှစ်ယောက်၏ တင်းမာမှုတွေ အနည်းငယ်



လျော့သွားပါသည်။

"ဒီလိုပါ. . . ကော်ရစ်တာကွေ့မှာ မတော်တဆ ဝင်တိုက်မိကြတာ၊ အဲဒါ. . ."

"ကျုပ်က ရည်ရွယ်ချက်ကြီးနဲ့ ဝင်တိုက်ခဲ့တာ၊ သူဝင်လာလို့ ဝစ်မှတ်လွဲရတာ၊ ဒါဟာ မတော်တဆမဟုတ်ဘူး၊ အချစ်စစ်ဆင်ရေး ကို ဝင်ရောက်စွက်ဖက်မှုပဲ"

ဟင့်အင်း။ ကျွန်တော် မရယ်မိအောင် ဟန်ဆောင်ခြင်းကို 'တွမ်းတစ်ရာ'အဖြစ် ငုံထားရသည်။ ပြီးမှ မလိုအပ်လျှင် ဝါးပြီးထွေးပစ်မည်။ ကြည့်။ လက်မလောက် လူတစ်ယောက်ဟာ အချစ်ကြောင့် ခင်လယ်လောက်ကြီးမားတဲ့ စကားလုံးတွေ ဖြန်းတီးနေပါလား။ လခင်းလောက် ထွန်းလင်းတဲ့ချစ်ခြင်းတွေက သူ့ကို မည်မျှအမှောင်ကင်းစေပါသလဲ။ သမုဒ္ဒရာလို မတည်ငြိမ်မှုများစွာနဲ့ သူ့ရင်ခုန်သံတွေ များယွင်းစွာ ဆူဝေနေပုံရသည်။

"တော်ကြပါဗျာ၊ အေးအေးဆေးဆေး ဖြေရှင်းကြမယ်ဆိုရင် ခိုင်နိုဆောလောက်ကြီးတဲ့ ပြဿနာကိုတောင် အိမ်မြှောင်လောက် ဖြစ်နိုင်သေးတာပဲ"

ကြားဝင်သော ကျောင်းသား၏စကားက သင့်လျော်နေသဖြင့် လက်ခံလိုက်ရပါသည်။ ဒီအချိန်မှာ အတန်းမတက်ချင်သေးဘူး (ဒီအချိန်မှာ ကျောင်းတော်ကြီးရဲ့မာယာ၊ ကျောင်းတော်ကြီးရဲ့ ခံစားမှုထုထည်နဲ့ အရည်အသွေး၊ ကျောင်းတော်ကြီးရဲ့အိပ်မက်ထက်

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သိမ်မွေ့သော လျှို့ဝှက်ချက် . . . အားလုံးကို လေ့လာရဦးမည်လေ။ ဒီအချိန်မှာ ရန်မဖြစ်ချင်သေးဘူး။ ဘယ်အချိန်မှာမှ ရန်မဖြစ်ချင်ပါ။) ဒီအချိန်မှာ ရင်ခုန်သံတွေ မဖော်ပြချင်သေးဘူး။ ကျွန်တော့်လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကလေး အိပ်မောကျနေသေးသည်။ သည်းကြိုးပြတ်နေသော ဖိနပ်ပြတ်တစ်ဖက်က ဘာလုပ်နေမယ်ထင်ပါသလဲ။ ဘာပဲဖြစ်ဖြစ် အိပ်မောကျနေသော ရည်းစားထားချင်စိတ်ကို လက်ဖက်ရည်ကျကျတစ်ခွက် တိုက်လိုက်လျှင်တော့ ပေါ့ပါးလန်းဆတ်သွားနိုင်သည်လေ။ ကျဆိမ့်တစ်ခွက်ထဲတွင် ပျော်ဝင်နေသော အဖန်ဓာတ်သည် နှလုံးသားကို အကြံကောင်းတွေ မပေးနိုင်ဘူးဟု မည်သူက ပြောနိုင်မည်နည်း။

ကျွန်တော် မကျေနပ်သေးသည့် ကျောင်းသားကို စကားပြောလိုက်မိပါသည်။

"ဒါဆိုလည်း ကင်တင်းရှေ့ရောက်မှ ပြဿနာကို မှုတ်သောက်ကြတာပေါ့။ တို့လိုက်သွားကြမယ်နော်. . . ယောက်ဖ"

"ဘာယောက်ဖလဲကွ"

"ဟာကွာ. . . ဟိုဒင်း. . . တို့နယ်မှာ ရွယ်တူယောက်ျားချင်းဆို ယောက်ဖလို့ခေါ်ကြတာ၊ ခင်မင်မှုသင်္ကေတသဘောပဲ"

"ဒါဆိုလည်း ပြီးရော. . ."

လက်မလောက်ကောင်လေး၏ ဒေါသတွေက မသေးလှလှပေ။



ကင်တင်းရောက်ဟဲ့အထိ ကျွန်တော်တို့ ကိုယ့်ခြေထောက်နဲ့ကိုယ် လမ်းလျှောက်ခဲ့ကြပြီး ကိုယ့်အတွေးကိုယ် ထမ်းပိုးခဲ့ကြပါသည်။

ခေတ်ပေါ်ဂီတသည် ကစားပျော်ပါးနေသော ကလေးများကြားမှာ ကပြဖျော်ဖြေနေသော အရူးမတစ်ယောက်နှင့် တူနေပါသည်။ ကင်တင်း၏ လူစည်ကားမှုသည်လည်း မင်္ဂလာဆောင်တစ်ခုလောက်တော့ အသာလေးလက်ပြနိုင်သော အခြေအနေ။ ဘာပဲဖြစ်ဖြစ်ပေါ့။ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုကို နှစ်သက်စွာလက်ခံအားပေးနေကြသော ယင်ကောင်တွေသည် ခေတ်ပေါ်တေးသွားမှာ စီးမျောနေရင်း စီးကရက်မီးခိုးများနှင့်အတူ ကခုန်နေလေ၏။

"ဘာသောက်မလဲ အစ်ကိုတို့"

"လက်ဖက်ရည် (၃) ခွက်၊ ဆေးလိပ် (၁) ပွဲ"

စောစောက ကြားဝင်ခဲ့သော ကျောင်းသားမှာ အာသွက်ပုံရသည်။ သူ့ပုံစံမှာ နှာခေါင်းနည်းနည်း ဖောင်းပွရှုံ့ကလွဲ၍ မျက်နှာကျအဆင်ပြေသည်။ အိန္ဒိယမင်းသားပုံစံမျိုး ဖြစ်သည်။

"အဲ. . . လက်ဖက်ရည်က ဘယ်လိုဖျော်ခဲ့ရမှာလဲ"

စားပွဲထိုးလေးက ခေါင်းကုတ်ပြီး မေးလာသဖြင့် ကျွန်တော်သည်း ခေါင်းကုတ်၍ ပြန်ဖြေလိုက်ပါသည်။

"စက်နဲ့ဖြစ်ဖြစ်၊ လက်နဲ့ဖြစ်ဖြစ်ကွာ၊ ပျော်သလိုသာ ဖျော်ခဲ့"

ရာသီဥတုက သာယာနေသည်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ စောစောကပြဿနာကို ဝိုင်းလည်တည်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ကဲ..ပြဿနာက ဘယ်ကစဖြစ်တာလဲ"

"ဘယ်ကစတယ်ရယ် မဟုတ်ပါဘူး၊ ကော်ရစ်တာကွေ့မှာ ဝင်တိုက်မိကြတာနဲ့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါဟာ သွေးရိုးသားရိုး မတော်တဆ မဟုတ်ဘူး၊ ငါ တမင်စီစဉ်ပြီး လုပ်ထားတာကို ကြားကဝင်စွက်ဖက် လို့ ပြဿနာစတက်တာ"

ကျွန်တော် ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာနေမိသည်။ ဒီ ပြဿနာကို မတော်တဆကလွဲပြီး အခြားတံဆိပ် မတပ်ချင်ပါ။ ကျွန် တော် အတွေးလွန်၍ မတော်တဆကို မတော်တဆ ဝင်တိုက်မိခဲ့ခြင်း မဟုတ်လား။ အဲဒီမတော်တဆဖြစ်ရပ်မှာ ရှက်ရွံ့မှုအနည်းငယ် ပါ ဝင်တယ်ဆိုတာလည်း ဝန်ခံပါရဲ့။

"ပြောစမ်းပါဦး၊ ခင်ဗျားက ဘာတွေစီစဉ်ထားလဲ"

နှာခေါင်းပွပွ ကျောင်းသားသည် ဆရာကြီးလေသံနဲ့ ကြား ဝင်လိုက်ပြန်သည်။ စီမံကိန်းကျောင်းသားမှာ ရေနွေးပူပူကို မှုတ် သောက်နေ၏။ (သူ့ဒေါသ ပူပူတွေကို ယပ်ခတ်ပေးလိုက်ချင်ပါသည်)

"ဒီလို...ဝတ္ထုတွေထဲကလိုပေါ့၊ ကောင်လေးနဲ့ ကောင်မ လေး ကော်ရစ်တာကွေ့မှာ ဝင်တိုက်မိ၊ တောင်းပန်ကြ၊ ခင်ကြ ရည်းစားတွေ ဖြစ်သွားကြတာတွေ မင်းတို့ကြားဖူးမှာပေါ့"

"ဆိုပါတော့"



"အဲဒီဇာတ်ညွှန်းအတိုင်း ငါ့ရဲ့ပစ်မှတ်အဖြစ် ရွေးချယ်ထား တဲ့ ကောင်မလေး ကော်ရစ်တာက ကွေ့လာတာနဲ့ တမင်ဝင်တိုက်ဖို့ ပြင်ဆင်ခဲ့တာ၊ အဲဒါ သူက ကောင်မလေးကို ကျော်တက်လာတော့ ငါ့ပစ်မှတ် လွဲသွားတာပေါ့၊ ကျုပ်ရဲ့ တမင်စီစဉ်ထားမှုကို မတော်တ ဆဆိုတဲ့ စကားလုံးနဲ့ ဝင်ရောက်ဖျက်ဆီးခဲ့တာ သူပဲ"

ကျွန်တော် မရယ်မိအောင် စီးကရက်ကို ဖွာနေရသည်။ (သူပြောနေပုံက အလွတ်ကျက်လာသော ဝတ္ထုကို အလွတ်ပြောပြနေ သည်နှင့် တူ၏။) ဆေးလိပ်သီးသဖြင့် ရယ်ချင်စိတ်လည်း ဗိုက်ထဲ ပြန်ကျသွားပုံရသည်။ ကျွန်တော် အချစ်ကိစ္စကို ပြက်ရယ်မပြုချင်ပါ။

"ဟာဗျာ...ဒါဆို...ကျွန်တော့်ဘက်က တောင်းပန်ပါ တယ်၊ ကျွန်တော်က ကောင်မလေးတွေနောက်က လမ်းလျှောက်ရ တာ ခြေလှမ်းမှားတတ်လွန်းလို့ ရှေ့မကြည့်ဘဲ ကျော်တက်ခဲ့မိတာပါ"

ကျွန်တော် လေပြည်ထိုးလိုက်ပါသည်။ ငြိမ်နေသော လေ ပြည်ကို လက်သီးနှင့်ထိုးခြင်း မဟုတ်ပါ။

"ရပါတယ်၊ ကျုပ်ကလည်း ကိုယ့်အစီအစဉ်တွေ လွဲသွားတာ ဆိုတော့ ဒေါသထွက်တာပေါ့၊ နောက်တစ်ခါ ကောင်မလေးတွေ နောက်က လျှောက်ရလို့ ခြေလှမ်းမမှားချင်ရင် ဖိနပ်ကို ဘယ်နဲ့ညာ ပြောင်းစီးပြီး လျှောက်ကြည့်ဗျ၊ မှားတဲ့ခြေလှမ်းတွေ မှန်သွားမယ်"

"ဝမ်းသာတယ်ဗျာ၊ ခုလို ပြေလည်မှုရသွားတာ သူငယ်ချင်း ဖြစ်ဖို့ လမ်းစပဲ၊ ကဲ..တို့သုံးယောက် ပူးပေါင်းကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ခွက်ချင်း လေပေါ်ဝဲ တိုက်လိုက်ကြသည်။ ခွက်သုံးခွက်ခတ်သော မိတ်ဖြစ်,ဆွေဖြစ်အသံ၏ သံတော်တမှာ တြိဂံပုံ ဖြစ်ပါသည်။

(တစ်ယောက်က အရုပ်ပုပု သေးသေးကလေးမို့ တြိဂံမှာ နှစ်နားညီတြိဂံသာ ဖြစ်ပေမည်။)

"ခင်ဗျားနာမည်က"

"စာကလေး. . . အဲ. . . ယောင်လို့ ကျော်လွင်ပါ၊ စာကလေးဆိုတာ ရွာကလူတွေခေါ်ကြတာ. . . အဟီး. . ."

"ဟေး. . . နာမည်နဲ့လူနဲ့ လိုက်တယ်၊ စာကလေးကျော်လွင်ပဲ ခေါ်ကြမယ်၊ ကျေနပ်လား"

ပုပုသေးသေးကျော်လွင်က ဝဝဖြိုးဖြိုး စဉ်းစားနေသေးသည်။ ကျွန်တော် မနေသာတော့ဘဲ စကားဝိုင်းထဲက စဉ်းစားခြင်းတွေကို မောင်းထုတ်လိုက်သည်။

"စာကလေး"

ကျော်လွင် ငေးနေ၏။ တွေးနေတာလည်း ဖြစ်နိုင်သည်။ အတန်ကြာမှ 'ဟေး'ဟု ထအော်သည်။ သူပျော်နေပုံရသည်။

"စာကလေး"

"ဟေး"

"ငါ့နာမည်က ဝင်းမြင့်ဒွေး"

"မင်းမှာ နာမည်ပျက်မရှိဘူးလား"



"မရှိဘူးကွ"

နှာခေါင်းပွပွနဲ့ ဝင်းမြင့်ဒွေးက သူ့မှာ နာမည်ပျက်မရှိခြင်းကို စိတ်ပျက်နေပုံရသည်။ စာကလေးကျော်လွင် အပြေးအလွှား စဉ်းစားနေ၏။ ကျွန်တော်ကတော့ လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကလေးကို ပွတ်သပ်ပေးနေမိပါသည်။

"ဝင်းမြင့်ဒွေး. . . မင်းကို ငါးရှဉ့်မြွေလို့ခေါ်မယ်၊ မင်းရုပ်က ချောတယ်ကွ"

"ဟိုး. . . ငါးရှဉ့်မြွေတော့ မလုပ်နဲ့ကွာ၊ ငါက ရွှံ့တွေဗွက်တွေ ရှုံတတ်တယ်၊ ငါ့ကိုလည်း မင်းလို သစ်ပင်ပေါ်တင်ပေးပါ စာကလေးရယ်"

ဝင်းမြင့်ဒွေးက စျေးဆစ်နေသည်။ စာကလေးက စီးကရက်မှာရင်း အကြံထုတ်နေ၏။

"အင်း. . . မင်းနှာခေါင်းက ဖောင်းပွတယ်၊ အဲဒီတော့ နှာပြည်စုတ်လို့ခေါ်ရင် ကောင်းမယ်ထင်တယ်"

ကျွန်တော်၏စကားကို စာကလေးက စဉ်းစားဟန်လုပ်နေသည်။ ညာဘက်လက်က ခေါင်းကိုကုတ်၍ ဘယ်ဘက်လက်က ဖင်ကုတ်နေ၏။ ဝင်းမြင့်ဒွေးက စိတ်ရှည်သူတစ်ယောက် မဟုတ်ပေ။

"ကြာတယ်ကွာ. . . စဉ်းစားမနေနဲ့၊ နှာပြည်စုတ်လို့ပဲ ခေါ်ကြ"

ကျွန်တော် သူတို့နှစ်ယောက်ကိုကြည့်ပြီး ပျော်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရည်းစားထားချင်စိတ်ကလွဲရင် ပျော်ပျော်နေချင်သူ၊ ဒီလိုဆိုလို့ အပျင်းပြေ ရည်းစားထားချင်နေသူဟု မထင်ပါနဲ့။

"နှာပြည်စုတ်" "ဟုတ်"

"စာကလေး" "ယေး"

"ငါ့နာမည်က ရွှေပြည်စိုးတဲ့၊ အဲ. . . ငါ့ကိုတော့ နာမည် အပြောင်အပြက်တွေ မပေးကြပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ်"

"ဘာလို့လဲကွ"

နှာပြည်စုတ်က မကျေမနပ် မေး၏။ စာကလေးက ဆိုင်ထဲ ဝင်လာသော ကောင်မလေးတွေကို လိုက်ကြည့်နေသည်။ ကျွန်တော် စီးကရက်အတိုကို မီးသတ်ပစ်လိုက်သည်။

"အဲ. . . ငါ. . . ရည်းစားထားတော့မှာကွ"

ကျွန်တော်တို့ စားပွဲဝိုင်းကလေးမှာ ရယ်သံတွေ ဖောင်းပွ သွားလေ၏။

❀ ❀ ❀

## အခန်း(၃)

ဤသို့ဖြင့်. . . ကျော်လွင်က စာကလေး၊ ဝင်းမြင့်ဒွေးက နှာပြည်စုတ်ဖြစ်ခဲ့၍ ကျွန်တော်က ရွှေပြည်စိုးသာ ဖြစ်နေပါသေးသည်။ အကြောင်းပြချက်မှာ 'ဒေါက်တို-ရန်လို-သူ့ထက်ကဲ-ရွှေပြည်စိုး-ညီပုလေး' ဟူသော လက်ငါးချောင်း စုစည်းမှုကို သဘောကျ၍ ဖြစ်ပါသည်။ ဘာမှမဆိုင်ဘူး။ အဲဒီနေ့က ကျွန်တော်တို့သည် 'နှာပြည်စုတ်-ရွှေပြည်စိုး-စာကလေး' မည်သော တြိဂံကလေး တည်ဆောက်ခဲ့ကြပါသည်။

(ရွှေပြည်စိုးသည် ဇာတ်လိုက်ဖြစ်နေသဖြင့် ကျွန်ုပ်စာရေးဆရာခမျာ သူ့အလိုကို လိုက်နေရရှာပါ၏။ ဇာတ်ပို့များဖြစ်သော နှာပြည်စုတ်၊ စာကလေးတို့ မကျေနပ်လည်း မတတ်နိုင်တော့။)

www.burmeseclassic.com



"စာကလေး"

"အဟေး"

"မင်းမှာနမ္မရှိလား"

"ဘာကွ"

"ဆောရီး. . . မင်းမှာ ရည်းစားရှိလားလို့ မေးတာပါကွာ"

"အယောက် (၂၀) ရှိတယ်"

"မယုံဘူး"

"အဲဒီအယောက် (၂၀) လုံးကို တစ်ဖက်သတ်ကြိုက်နေတာ ငါကွ၊ ငါ့ရဲ့ တစ်ဖက်သတ် ရည်းစားတွေပေါ့. . . အဟီး. . ."

စာကလေးက (ဒဂုန်တာရာ) အဆောင်မှာနေသည်။ နှာပြည်စုတ်က (သာမု) အဆောင်မှာနေသူ။ ကျွန်တော်က ('၁၄'မိုင်ဝေးသည်) လိုင်းကားစီး၍ ကျောင်းတက်သူ။ စာမေးပွဲနီးလျှင်တော့ အဆောင်မှာနေရန် စိတ်ကူးထားပါသည်။ ထားပါလေ။ ကျွန်တော်ကတော့ (သော်တာဆွေ) အဆောင်မှာ နေချင်ပါသည်။

"ရွှေပြည်စိုး. . . မင်းရဲ့ ဖိနပ်အစုတ်ကလေး နေတဲ့အဆောင်ငါသိပြီကွ"

"ပြောစမ်းပါဦး နှာပြည်စုတ်ရယ်၊ ဒါကြောင့် မင်းနှာခေါင်းကြီးပွနေတာ ထင်တယ်"

"(ခင်နှင်းယု)အဆောင်မှာ နေတာကွ၊ ဒါပေမယ့်. . ."

"ဒါပေမယ့်. . . ဘာဖြစ်လို့လဲ၊ ဈေးမကိုင်နဲ့ကွာ၊ တရုတ်က



လေးဆိုင်မှာ ပြုစုပါ့မယ်"

ထိုတရုတ်ကလေးဆိုင်ဆိုသည်မှာ ဂျီတီအိုင်ကျောင်းအနီးအနားတွင် နာမည်ကြီးသော အရက်ဆိုင်ဖြစ်ပါသည်။

"ဒါပေမယ့်. . . အဲ. . . အင်း. . . အဲဒီအဆောင်က အဆောင်ငှားခ ဈေးသိပ်ကြီးတယ်ကွ"

"ချီး. . . ပဲ"

"တော်ပြီ. . . စာကလေးတို့ (ခင်နှင်းယု) အဆောင်သူတွေနဲ့ မပတ်သက်တော့ဘူး"

"ဘာဖြစ်လို့လဲ စာကလေးရ"

"မင်းပဲပြောတာလေ၊ ဈေးကြီးတယ်ဆို"

"အဆောင်ငှားခပြောတာ သေနာရဲ့"

စာကလေးသည် လမ်းသွားလျှင် ခေါင်းငုံ့သွားတတ်သည်။ ခွေးချေးပုံနင်းမိမှာကြောက်၍ ဖြစ်နိုင်သည်။ နှာပြည်စုတ်က ခေါင်းမော့သွားလေ့ရှိသည်။ ခေါင်းပေါ် ငှက်ချေးပါချမှာစိုးရိမ်၍ ဖြစ်သည်။ ဒီတော့ ကျွန်တော့်ခမျာ လမ်းလျှောက်လျှင် ခေါင်းကိုစောင်းပြီး သွားနေရ၏။ (၂၃°) တိမ်းစောင်းနေသော ကမ္ဘာကြီးနှင့် အမြင်မတည့်မှာ စိုးရိမ်၍ဖြစ်ပါသည်။

"ရွှေပြည်စိုး. . . မင်းဖိနပ်အစုတ်ကလေးကို ဒီနေ့ ပိုးကြီးပန်းကြေး သွားပေးတော့မှာဆို"

"အေးကွ. . . တစ်ပတ်ကျော်နေပြီဆိုတော့ ငါ့ကို မှတ်မိပါ့

www.burmeseclassic.com



မလား မသိဘူး"

တစ်နေ့က ဖိနပ်ပြသနာဖြစ်ပြီး နောက်ပိုင်းမှာ ကျွန်တော် သူမတို့အဖွဲ့ကို မတွေ့ရသေးပေ။ ကျွန်တော်နဲ့ စာကလေးတို့က (MP) မေဂျာ။ နှာပြည်စုတ်က (Civil) မေဂျာ။ အနမ်းတို့အဖွဲ့မှာ (Civil) မေဂျာတွေ ဖြစ်သည်ဟု သိရသော်လည်း နှာပြည်စုတ်တို့ (Civil-C) ခန်းထဲက မဟုတ်ပေ။ (A) ခန်းထဲမှာလား၊ (B) ခန်းမှာလား မရေရာပါ။ စာကလေးက (MP-B) ခန်း၊ ကျွန်တော်က (MP-C) ခန်း။ ကျွန်တော်တို့သုံးယောက် တွဲမိသည်မှာ ကျောင်းသွားကျောင်းပြန်၊ အတန်းအားချိန်များသာ ဖြစ်သည်။ တစ်ခါတလေတော့ သုံးယောက်သားညှိ၍ အတန်းလစ်ပြီး တွေ့ဆုံဖြစ်ကြပါသည်။ ကင်တင်းမှာ အချစ်အနားသတ်မျဉ်းများဖြင့် တြိဂံကလေး တည်ဆောက်ထားကြခြင်း ဖြစ်ပါသည်။ အချစ်အကြောင်းတွေသည် ငြင်း၍ကောင်းသည်။ ခံစားချက်တွေကို ရင်ဖွင့်ကြပါသည်။ တစ်ယောက်ကိုတစ်ယောက် အားပေးခဲ့ကြပါသည်။ နောက်ပြောင်ခဲ့ကြပါသည်။ ဤသည်တို့မှာ တက္ကသိုလ်ကျောင်းသားဘဝရဲ့ အရသာတွေလား။

(MP = စက်မှုအင်ဂျင်နီယာ, Civil = မြို့ပြအင်ဂျင်နီယာ)

"ဒီနေ့တော့ တွေ့အောင်ရှာမယ်၊ တော်ကြာ ဖိနပ်ဖိုးမပေးချင်လို့ ရှောင်နေတယ် ထင်လိမ့်မယ်၊ ပြီးတော့ ဖိနပ်ဖိုးကလည်း လက်ဖက်ရည်ဖိုး ဖြစ်သွားလိမ့်မယ်၊ လူကလိမ္မာပေမယ့် ငွေက မလိမ္မာတော့. . ."



"ရွှေပြည်စိုး (၆၅၀၀)လုံး တစ်ခါတည်း ပေးမပစ်နဲ့ကွ"

နှာပြည်စုတ်ကပြော၍ ပြုံးနေပါသည်။ ပြုံးပြီးကာမှ ပြောတာလည်း ဖြစ်နိုင်သည်။ ဒီကောင်ပြုံးလျှင် သူ့မှာ အကြံအစည်တစ်ခုတော့ ရှိနေတတ်သည်လေ။ ထို့ကြောင့် နှာပြည်စုတ်၏အပြုံးကို အကြံအပြုံးဟု မှတ်သားထားပါသည်။ စာကလေးက အပြုံးဖွာသည်။ ကောင်မလေးလှတာမြင်ရင် ပြုံးသည်။ ပိုက်ဆံချေးရင်လည်း ပြုံးသည်။ ဆံပင်ဖြူမြင်ရင်လည်း စာကလေးတို့ မပြုံးဘဲမနေနိုင်။

"မင်း ဖိနပ်အစုတ်ကလေးနဲ့ ရည်းစားမတော်ချင်ဘူးလား"

"စဉ်းစားချင်သေးတယ်"

"ပျဉ်းမနားအထိ လမ်းလျှောက်သွားရင်း စဉ်းစား၊ ဒီမှာ ရွှေပြည်စိုး၊ မင်း ငါ့လိုပညာရှိနဲ့ ဘော်ဒါလာဖြစ်ရတာ ကံကောင်းတယ်မှတ်ပါ"

"သူငယ်ချင်းမို့ နားတောင်တယ်မှတ်ပါ၊ ဆက်ပြော သူငယ်ချင်း"

"ဖိနပ်ဖိုးငွေကို အကုန်မပေးနဲ့ကွ၊ တစ်ရစ်ချင်းပေး"

"ဟာ. . . လက်ထဲပိုက်ဆံရှိရင် အန္တရာယ်များပါတယ်ကွာ"

"ငါ့ပေးထားပါလား၊ ဝိုင်းမှာ ပွားပေးမယ်"

စာကလေးက ဝင်ဖောက်နေသည်။ ကျွန်တော်တို့က စာကလေးကို တစ်ဖက်အသင်းက အားကစားသမားအဖြစ် သဘောထားတာ ဥပေက္ခာပြုထားပါသည်။ ဟုတ်တယ်လေ။ စာကလေးက ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ရက်အတွင်း ရည်းစားတစ်ယောက်ရအောင် ထားပြမယ်ဟု ကြွားခဲ့သဖြင့် ကျွန်တော်တို့နဲ့ လောင်းကြေးရှိသည်။ ကျွန်တော်နဲ့ နှာပြည်စုတ်က တစ်သင်း။

"ရှင်းရှင်းပြောကွာ၊ ငွေအကုန်ပေးလိုက်တော့ နားအေးရော မဟုတ်လား"

"အ,တယ်၊ မင်းသိပ်အ,တယ်၊ မင်းရဲ့ ဖိနပ်အစုတ်ကလေးနဲ့ နေ့တိုင်းတွေ့လို့ရအောင် ဖန်တီးရမှာပေါ့ကွ၊ အခွင့်အရေးဆိုတာ ဖန်တီးယူလို့ရတယ်၊ ဒီတော့ မင်းတစ်နေ့ကို ဖိနပ်ဖိုးတစ်ရာပဲပေးရင် (၆၅) ရက်လုံးလုံး မင်း ဖိနပ်စုတ်ကလေး စီးလို့ရမယ်လေ"

"တစ်ဖက်လည်း မေးကြည့်ပါဦး၊ တစ်နေ့တစ်ရာနဲ့ လက်ခံပါ့မလား"

ကျွန်တော်ကတော့ သူမ၏သူငယ်ချင်း 'စွာတေးမ'တွေကို မြင်ယောင်နေမိသည်။ အနမ်းဆိုတဲ့ ကောင်မလေးကတော့ တစ်နေ့ ဆယ်ပြား (သို့) ဆယ်ဒေါ်လာပေးပေး လက်ခံလိမ့်မည် မထင်ပါ။

"ဟာ. . . ဒါကတော့ ဇာတ်ဝင်ခန်းတွေ ဖန်တီးရမှာပေါ့၊ မိန်းမတွေက သနားတတ်တယ်၊ အဲဒီချို့ယွင်းချက်ကိုနင်းပြီး ကိုယ်လိုချင်တဲ့ အနေအထားကို ဖန်ဆင်းယူရမှာပေါ့"

"ဟုတ်တယ် သူငယ်ချင်း၊ နှာပြည်စုတ်ပြောတာ မှန်တယ် ဒါကြောင့် ဒီကောင် ဒီလောက် နှာခေါင်းကြီး ဖောင်းပွနေတာ"

"ဘာကွ"



"အဟဲ၊ မင်း နှာခေါင်းပွတော့ ပြင်ပလေ ဝဝလင်လင် ရှူရတယ်၊ ဒါကြောင့် ပြင်ပဗဟုသုတတွေ ပြည့်စုံနေတာလို့ ပြောချင်တာပါ"

"သိဘူးလေ"

ကျွန်တော်တို့ ရယ်မောလိုက်ကြပါသည်။ လေထုထဲက အောက်ဆီဂျင်တွေ လုရှူကြရင်း ကိုယ့်အိပ်မက်တွေ စိမ်းစိုဖို့ ကျွန်တော်တို့တတွေ ပညာရှာနေကြပါသည်။ ထို့အတူ ကြင်ရာတော်အိပ်မက်တွေလည်း စိတ်ကူးယဉ်နေကြပါ၏။ ဟဲ့. . . မြားနတ်မောင် လက်မရှောင်နဲ့။

"ဟာ. . . ရွှေပြည်စိုး၊ ကင်တင်းမှာ မင်းရဲ့ ဖိနပ်စုတ်ကလေး"

ကျွန်တော့်ရင်ခုန်သံတွေ ကင်တင်းထဲ ပြေးဝင်သွားပါသည်။

ကျွန်တော် ပုဆိုးပြင်ဝတ်လိုက်သည်။ လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကိုလည်း လက်တို့လိုက်မိသည်။ သွားမယ်။ ကျွန်တော့်သည်းကြိုးကလေးဆီသွားပြီး ဖိနပ်ဖိုး အလျော်ပေးမည်။ ရည်းစားထားချင်စိတ်ကို မေးကြည့်ရမည်။ သူမရဲ့မျက်နှာလေးကို ငေးလို့၊ ဒီကောင်မလေးကို သဘောကျရဲ့လားလို့. . .။ . . . လို့။

"ဟေ့ကောင် ဘာကြောင်နေတာလဲ၊ သွားတော့လေကွာ"

ကျွန်တော့်ရင်ထဲ လှိုက်ခနဲဖိုနေသည်။ သူငယ်ချင်းတွေကို ကြည့်လိုက်တော့ 'ရဲရဲတင်းတင်း သွားစမ်းပါ၊ အလျော်ပေးတာပဲ'ဟု

www.burmeseclassic.com

www.burmeseclassic.com



အားပေးနေကြပါသည်။

"သူငယ်ချင်းတို့. . . နှာပြည်စုတ်နဲ့ စာကလေး"

"ဘာလဲရွှေပြည်စိုး"

"ပြော သူငယ်ချင်း"

"ငါသွားတော့မယ်နော်"

"ချီး. . . ပဲကွာ"

⊛

မိန်းကလေးရေ. . . နင်ဟာ ငါ့ရဲ့အိပ်မက်မြင်းပဲ။

အိပ်မက်မြင်းသံရယ်လေ ခွာသံ၊ ခွာသံ ပြင်းတယ်လေလေး။

ကျွန်တော် ကင်တင်းကို သွားနေသည်ဟု မထင်။ စစ်မြေပြင်ကို သွားနေရသည်ဟု ထင်၏။ ဖိနပ်ဖိုးလျှော်ကြေး သွားပေးခြင်းဟုလည်း မထင်။ စစ်လျော်ကြေး သွားပေးရခြင်းဟု ထင်နေမိသည်။ အချစ်. . . နဲ့ ပက်သက်လာရင် ကင်တင်းသည် မြတိုက်ကြီးတစ်ခု ဖြစ်သွားနိုင်သည်။ ကျွန်တော့်လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကလေးခမျာ ဒိုင်ယာရီကြားထဲညပ်နေရာမှ လွတ်မြောက်ဖို့ ကျွန်တော် စွန့်စားရမည်။ အိပ်မက်တွေအတွက် ကျွန်တော် သူမထံ ချဉ်းကပ်ရမည်။



ကျွန်တော် သူမတို့ စားပွဲအနီးမှာ ရပ်တန့်၍ ကျွန်တော်ရောက်နေပါကြောင်း သိသာစေရန် ချောင်းဟန့်လိုက်ပါသည်။ မြတိုက်တံခါးကို ခေါက်လိုက်ခြင်းဟု ခံစားနိုင်ပါသည်။

"အဟမ်း"

"ပိုက်ဆံမရှင်းသေးဘူး၊ ပြီးမှ ခေါ်လိုက်မယ်လေ"

ကျွန်တော့်ကို နောက်ကျောပေး၍ထိုင်နေသော (နောက်ချက်စိမကောင်းတဲ့ ကောင်မလေး)က စားပွဲထိုးအထင်နဲ့ ပြောနေခြင်းဖြစ်သည်။ ကြည့်စမ်း. . .။ ကျွန်တော့်ကိုများ. . .။ ကျန်တဲ့လူတွေကတော့ ကျွန်တော့်ကိုကြည့်ပြီး မတည်မရယ် ဖြစ်ကုန်လေ၏။ ခပ်တည်တည်လည်း မဟုတ်။ ရယ်လည်းမရယ်ကြတဲ့ မတည်မရယ်ခတွေကို တည်တည်ရယ်ရယ်လုပ်ရမှာ ကျွန်တော် ရှက်နေမိပါ၏။

"ဟို. . . အဲ. . . ဖိနပ်ဖိုး လာပေးတာပါ"

"ရပါတယ်၊ ပြီးခဲ့တာတွေ ပြီးပါစေတော့ရှင်၊ အလျှော်လည်း မလိုချင်ပါဘူး"

အနမ်းဆီက အကြည့်အနွမ်းကလေးနှင့်အတူ အသံယဉ်ယမ်းကလေး ထွက်လာပါသည်။ သူမက ခေါင်းကလေးယမ်းပြီး ပြောနေတာဆိုတော့ အသံကလေးက 'ယမ်း'နေတာပေ့ါ။ ကျွန်တော့်နားထဲ၌ဝင်၍ ပန်းတစ်ပွင့်သီချင်းဆိုနေသည်။

ကျွန်တော် ပေပြီးရပ်နေမိသည်။ သူတို့ကလည်း ထိုင်ပါဟု

www.burmeseclassic.com



မပြောကြ။ ပေပြီးငိုင်နေကြသည်။

"ပေး. . . ပေးခဲ့၊ သူ မယူလည်း ကျွန်မကို ပေးခဲ့ပါ"

သူမဘေးမှာကပ်ထိုင်နေသော ကောင်မလေးက အကြွေးရှင်လေသံနဲ့ ဝင်ပြောသည်။ ဟင်း. . . အသုံးက နှုတ်ခမ်းဆိုးဆေးစော်ကို ဟောင်ထွက်လို့။

"ဟုတ်ကဲ့၊ ကျွန်တော်ပေးချင်လို့ တမင်လိုက်ရှာပြီး ပေးတာပါ"

ကျွန်တော် အိတ်ကပ်ထဲက တစ်ရာတန်တစ်ရွက်ကိုနှိုက်၍ ထိုကောင်မလေးကို ပေးလိုက်ပါသည်။ စပ်စုတတ်သော မျက်လုံးတွေ အလယ်မှာ မြွေအလမ္ပာယ်ဆရာတစ်ယောက်လို ကျွန်တော် ရပ်နေရပါသည်။

"ရှင်. . . ဒါဘာသဘောလဲ"

ထိုကောင်မလေးက ငွေတစ်ရာကိုကိုင်ကြည့်ပြီး အလန့်တကြား အော်နေ၏။ ကြည့်စမ်း. . .။ ငွေတစ်ရာသည် မြွေတစ်ကောင်အဖြစ် ပြောင်းလဲသွား၍လား။ ထိုကောင်မလေးကို ထိုင်နေရာက 'ဝုန်းခနဲ'ထစေနိုင်စွမ်း ရှိနေပြန်သည်။

"ရှင်. . . အူကြောင်ကြောင် လာလုပ်မနေနဲ့၊ ဖိနပ်ဖိုးက (၆၅၀၀)၊ ဒီပိုက်ဆံတစ်ရာနဲ့ ဘာလုပ်ရမှာလဲ"

ထိုကောင်မလေး၏ နှုတ်ခမ်းဆိုးဆေးနံ့ပြင်းပြသော မေးခွန်းကို "နေကြာစေ့ ဝယ်စားပစ်ပေါ့"ဟု ကျွန်တော်က ဖြေလိုက်ချင်ပါ



သည်။ သို့သော်. . .။

ကျွန်တော် သူမ (အနမ်းဆိုသော ပန်းလိုကောင်မလေး)ကို အကြည့်နဲ့လှမ်းပြီး နားလည်ပေးဖို့ လက်တို့လိုက်မိသည်။

"ဟုတ်ပါတယ်၊ ဒီလိုပါ၊ အဲ. . . ကျွန်တော်က ညဘက်မြင်းလှည်းမောင်းပြီး ကျောင်းတက်ရတာပါ၊ ကျွန်တော် တစ်နေ့ကို (၂၀၀) ပဲသုံးနိုင်တာမို့ တစ်ရာကို ကားခနဲ့၊ ကျန်တဲ့ငွေကို ဖိနပ်ဖိုးလျှော်ပေးတာပါ၊ (၆၅၀၀) ပြည့်တဲ့အထိ ကျွန်တော် တစ်နေ့တစ်ရာ ပေးသွားပါမယ်"

အို. . .။ အနမ်းမျက်နှာလေးသည် ပန်းတစ်ပွင့်လို ညှိုးလုတော့ ဖြစ်နေပါတော့သည်။ ဆံပင်အလယ်ခွဲထားသော ကောင်မလေးက အားလပ်နေသော ပါးစပ်ထဲကလေတွေနဲ့ လုပ်အားဝင်ပေးလေ၏။

"အို. . . ရှုပ်ရှုပ်ရှက်ရှက်တွေ လာလုပ်မနေနဲ့၊ လျှော်ကြေးတို ငါးပြားတစ်စေ့မလျှော့ဘဲ တစ်ခါတည်း လိုချင်တယ်. . . ဒါပဲ"

"နေပါစေတော့ကွာ၊ ပြဿနာရှည်ပါတယ်၊ ရှင်လည်း အလျှော်ပေးမနေပါနဲ့တော့"

အနမ်းက အားနာတတ်ပုံရသည်။ အားနာမှုတွေ စိုစိုရွှဲနေသော သူမ၏အသံချိုချိုကလေးက လိုက်ဆိုဖို့ကောင်းသော ကိုယ်ပိုင်သံစဉ်တေးတစ်ပုဒ်နှင့် တူနေပါသည်။

"အဲဒီ. . အခွင့်အရေးတော့ ကျွန်တော့်ကိုပေးပါ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အကြွေးလို့သတ်မှတ်ထားတဲ့ကိစ္စကို အကျေဆပ်ချင်ပါတယ်"

ကျွန်တော် ကိုယ်ဟန်ပြသူတစ်ယောက်အဖြစ် ပန်းချီဆရာတွေရှေ့မှာ ရပ်နေရသလို ရပ်နေရဆဲဖြစ်ပါသည်။

"ဟဲ့ . . . မိဇင် . . . ယူထားလိုက်၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး၊ တစ်နေ့ကို တစ်ရာတန် နေကြာစေ့ဝယ်၊ အခွံနွှာပြီး အစေ့ကို မျောက်ကြွေးပစ်မယ်"

"ကောင်းတယ်၊ ရှင်သွားတော့လေ၊ နေ့တိုင်း အကြွေးလာပေးပါ၊ ဒါပဲ"

ကျွန်တော် ကင်တင်းထဲက ထွက်ခဲ့ပါသည်။ ကျွန်တော် မျောက်တစ်ကောင် ဖြစ်သွားခဲ့လျှင်တောင် ထိုသို့အခွံနွှာပြီးသား နေကြာစေ့ကို လုံးဝစားလိမ့်မည်မဟုတ်။ အမျိုးသမီးတချို့သည် ဆပ်ပြာတိုက်၍ ကိုယ်လက်သန့်စင်ဖို့ထက် သူတို့၏စိတ်ကူးတွေကိုသာ ဆပ်ပြာတိုက်လေ့ရှိသည်ဟု (ကြမ်းကြားက ကြမ်းပိုးတစ်ကောင်မှတ်တမ်းမှာ) ကျွန်တော်လေ့လာဖူးပါ၏။ အနမ်းကတော့ . . .။

❀ ❀ ❀

## အခန်း(၄)

အခုတလော ကျွန်တော့် ရည်းစားထားချင်စိတ်သည် လွယ်အိတ်ထဲမှာပဲ ငြိမ်ကုပ်၍မနေတော့ပေ။ ကျွန်တော် အတန်းလစ်လျှင် သူလည်း အတန်းလစ်ချင်သည်။ ကျွန်တော် ကင်တင်းသွားလျှင် သူလည်း ကင်တင်း။ ကျွန်တော် ရေချိုးလျှင် . . .။ (ကန်တော့ပါရဲ့) ကျွန်တော် အိမ်သာတက်လျှင် . . .။ ကျွန်တော့်လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်သည် ကျွန်တော်လုပ်သမျှ လိုက်လုပ်နေ၍ ကျွန်တော်ခံစားသမျှ လိုက်ခံစားနေပါသည်။ ခံစားမှုတွေ ဖောင်းပွကုန်လျှင်တော့ ခက်မည်။ ကျွန်တော် 'လေလည်'လျှင်တော့ လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကလေးမှာ ငုတ်တုတ်မေ့နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဖိနပ်ဖိုးလျော်ကြေး ငွေတစ်ရာသွားပေးတိုင်း 'အနမ်း'ကို ခိုးကြောင်ခိုးဝှက်ကြည့်ပါသည်။ သူတို့ ခိုးကြောင်ခိုးဝှက်အကြည့်ကို ရိပ်မိသွားသောအခါ ကျွန်တော် ပေါ်တင်ကြည့်ပါသည်။ ပေါ်တင်ငေးပါသည်။ အနမ်းက မျက်စောင်းနဲ့ ကျွန်တော့်အကြည့်တွေကို ဆွဲမဆိတ်မချင်းပေါ့။ ထိုသို့ငေးရာကနေ ငမ်းခဲ့ပြီးနောက်မှာတော့ ကျွန်တော် မျက်လုံးအကြည့်တွေ ရောက်ရာအရပ်မှာ လမင်းလိုကောင်မလေး လှပနေတော့လေသည်။

သည်လိုနှင့် ကျွန်တော် သူမကို လျော်ကြေး တစ်နေ့တစ်ရာ ပေးခဲ့ရာက (၁၅၀၀)ပြည့်သော နေ့ကလေး ရောက်သွားလေ၏။

မိုးရွာမည်ဆိုလျှင် (ဒီနေ့) မိုးရွာသင့်သည်။ သူမသည် စိန်ပန်းနီနီတွေ ကြွေနေသောလမ်းကို တစ်ယောက်တည်း လာနေသည်လေ။ ကျွန်တော် ရင်တွေခုန်နေပါသည်။ ရင်ထဲမှာ စိန်ပန်းနီနီတွေကြွေနေပါသည်။ ဘာပဲဖြစ်ဖြစ် . . .။ ဒီလိုကြုံတောင့်ကြုံခဲ ရာသီဥတုကလေးကို လက်လွှတ်ခံလို့မဖြစ်ပါ။ လွယ်အိတ်ထဲရှိ ရည်းစားထားချင်စိတ်က ပွဲကြည့်ဖို့ အဆင်သင့်ဖျာခင်းနေလေပြီ။

"အနမ်း . . ."

ကျွန်တော့်အသံသည် သွားကြားညပ်နေသော အသားစကလေးကို သွားကြားထိုးတံနှင့် ကလော်ထုတ်ခံလိုက်ရသလို လွတ်ထွက်ခဲ့ပုံရပါသည်။ သူမ ကျွန်တော့်ကို မျက်စောင်း (လမင်း၏ အလင်းရောင်အစွယ်ကလေး) နှင့် လှည့်ပက်သည်။ ကျွန်တော် ရင်ဘတ်နဲ့ အတည့်ရင်ဆိုင်လိုက်ပါသည်။ မဖြုံပါဘူးကွယ်။

"အနမ်း တစ်ယောက်တည်းလား"

"ရှင် . . . မျက်လုံးမကောင်းဘူးထင်တယ်"

"အဟဲ . . မျက်ရိုးနည်းနည်းတော့ ကိုက်ချင်တယ်၊ ဟာ . . . မဟုတ်ဘူး၊ အဖော်တွေမပါလို့ ဟုတ်တယ်၊ အဖော် . . . ဟာ . . ဘာပြောရမှန်းမသိတော့ဘူး"

"ဒါဆိုလည်း ဘာမှမပြောနဲ့၊ နေခဲ့တော့"

"ဟုတ်ကဲ့"

ကျွန်တော် ကြောင်အမ်းအမ်းဖြစ်၍ အနမ်း၏ဆံပင်ရှည်ရှည်တွေကို ငေးနေမိပါသည်။ လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်က ပွဲမကောင်းဘူးဆိုတဲ့အကြောင်း ဖျာကို တဖြောင်းဖြောင်းခါနေတော့သည်။ ငါ့ရင်ထဲ ဖုန်ထသွားအောင် ပွဲမဆူဘဲနဲ့ကွယ်။ အနမ်း၏ ဖိနပ်ရှပ်တိုက်သံကလေးတွေ ကြားရမှ ငေါင် . . . ငမ်း . . . ဝမ်းဖြစ်နေသော ကျွန်တော် ကြောင်လှမ်း . . . လှမ်းရပြန်သည်။ (ကြောင်တစ်ကောင်လို ပေါ့ပါးခြင်းမျိုးနဲ့)

"အနမ်း"

ကျွန်တော် အော်ဟစ်မိလိုက်သလား။ သို့မဟုတ် လိုတိုးကလေး ခေါ်လိုက်မိပါသလား။ မသေချာပါ။ သူမက ကျွန်တော့်ခေါ်သံကြား၍ ရပ်နေပါသည်။ သမင်မလေး၏ မျက်စောင်းလာရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းအတိုင်း ကျွန်တော် ရင်ဖွင့်၍ ဝင်ရောက်ခဲ့ပါသည်။

"ဘာလဲ. . . ကျွန်မကို အနမ်းလို့မခေါ်နဲ့၊ ကျွန်မနာမည် နန်းယုမေ"

"ဪ. . . ဟုတ်လား၊ ခင်ဗျား စနေသမီးထင်တယ်၊ မောင်နှမဘယ်နှစ်ယောက် ရှိသလဲ"

"ရှင် ဒီနေ့ ဘာဖြစ်နေတာလဲ၊ ဘာတွေ လာရောင်းနေတာလဲ"

ကျွန်တော် ရှက်ကိုးရှက်ကန်း ဖြစ်သွားပါသည်။ ခဏလေးပါ။ ရင်ဘတ်ကို အားတင်းလိုက်သည်။ အောက်ဆီဂျင်ယောင်ဆောင်နေသော မြားနတ်မောင်တွေ ငါ့ရင်ထဲဝင်ခဲ့။ မြားတွေ မမေ့စေနဲ့။ ကျွန်တော် 'ရှက်ကိုး-ရှက်ကန်းမှ ရှက်ရှစ်-ရှက်ကန်း၊ ရှက်ခုနှစ်-ရှက်ကန်း' ဖြစ်လာပုံရပါသည်။ ထိုအရှက်အိဗော်လူးရှင်း (ဆင့်ကဲဖြစ်စဉ်)အရ ကျွန်တော် ပထမဆုံး ပြုံးရပါသည်။

"အဟဲ. . . ကျွန်တော် အကြွေးဆပ်ချင်လို့ပါ"

"---|---"

ကျွန်တော် အိတ်ကပ်ထဲက ပိုက်ဆံနှိုက်လိုက်သည်။ ထီလက်မှတ်တစ်စောင် ထွက်လာသည်။ နောက်ယပ် နှိုက်ကြည့်သည်။ ကြက်စားမြင်းစာ ငွေရှင်းဘောက်ချာတွေ ထွက်လာသည်။ နောက်ထပ်. . .၊ နောက်ထပ်။ အုံ့ဩမှုတွေ၊ ရှက်ရွံ့မှုတွေ၊ ချွေးနံ့တွေ ထွက်လာသည်။ သွားပြီ။ ပိုက်ဆံ ဘယ်မှာထွက်ကျခဲ့သည်မသိ။ ကားစပယ်ယာ ပြန်



အမ်းတုန်းက အနမ်း၏ မျက်နှာလှလှကလေးကို မြင်ယောင်ပြီး အမ်းငွေကို ကျကျနန ထည့်ခဲ့ပါသည်။ ခုတော့. . .။

"ပေးလေ"

ကျွန်တော့်ရင်ထဲ 'ဒိုင်းခနဲ' ဖြစ်သွားသည်။ အဲဒီနတ်ဆိုးကို လက်သီးနဲ့ ပိတ်ထိုးချင်လိုက်တာ။

"ဟူး. . . ဘယ်ကျခဲ့တယ် မသိဘူးဗျာ၊ ပြီးမှပဲ သူငယ်ချင်းတွေဆီကချေးပြီး အကြွေးဆပ်တော့မယ်"

"ဟွန်း. . . ရှင့်ဟာကလည်း၊ အကြွေးဆပ်ဖို့ ပိုက်ဆံလည်း ချေးရဦးမယ်လို့"

"ကမ္ဘာကြီးက အလုံးကြီးပဲလေ"

ကျွန်တော် စိတ်ထဲရှိရာ ပြောလိုက်တော့သည်။ လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်က ဒေါပွနေလောက်ပြီ။ ဘယ်လိုလုပ်ပြီး ရည်းစားစကား ပြောလိုက်ရမလဲ။

"ဘာဆိုင်လဲ၊ ဒါနဲ့. . . ရှင်က ညဘက် မြင်းလှည်းမောင်းတယ်ဆိုတော့ နေ့ဘက်ကျောင်းလာတဲ့အခါ မအိပ်ချင်ဘူးလား"

သူမ တော်တော်သဘောကောင်းနေသည်။ စကားပြောဖော်မရှိလို့ ကျွန်တော့်ကို အစားထိုးသုံးစွဲနေတာလည်း ဖြစ်နိုင်ပါသည်။ 'မိန်းမမာယာ = သချ်ာပုစ္ဆာတစ်ရာ' တဲ့။

"အိပ်ချင်စိတ်မရှိအောင် လုပ်တဲ့နည်း တွေ့ထားတယ်လေ"

"အလဲ့. . . တယ်ဟုတ်ပါလား၊ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားထားချင်တဲ့စိတ်ဗျ၊ ကျွန်တော် ရည်းစားထားချင်စိတ်ကို လွယ်အိတ်ထဲ ထည့်လွယ်ထားတာ လုံးဝ အိပ်မငိုက်တော့ဘူး"

"အို. . ."

သူမ ရှက်သွားလေသည်။ ကျွန်တော်လည်း ရှက်နေပါသည်။ နှစ်ယောက်စလုံး ရှက်ကြသဖြင့် အရှက်ချင်းကြေ၍ အရှက်ပြေသွားသည် ထင်ပါ၏။

"ကျွန်တော် ပိုက်ဆံလိုက်ရှာဦးမယ်၊ ဒီနေ့ (၁၅၀၀) ပြည့်တဲ့နေ့ကလေးဗျ၊ ဟဲဟဲ. . . ဟဲ. . . ကျွန်တော်သွားမယ်"

"နေဦး၊ နေဦးလေ၊ ဟိုးရှေ့က ရပ်စောင့်နေတဲ့လူက ကျွန်မကို စာပေးမလို့ရှင့်၊ အဲဒါ ဟိုလေ. . . ဟိုကောင်မတွေ ကင်တင်းမှာရှိလိမ့်မယ်၊ အဲဒီကို လိုက်ပို့ပေးနော်"

ကျွန်တော်ထင်သည့် အတိုင်းပါပဲလား။ သင်းကလေး သဘောကောင်းနေတာ သွားတက်ကလေးနဲ့ပါလို့။ ကျွန်တော် ကျွန်မတို့ မလှမ်းမကမ်းမှာ ကျောင်းသားတစ်ယောက် ခပ်ဇွေဇွေ ရပ်နေပါသည်။ ထိုကျောင်းသား၏မျက်လုံး နည်းနည်းဇွေသည်ဟု ပြောလိုခြင်း မဟုတ်ပါ။ ကျွန်တော်က ခပ်ဇွေဇွေ ပြေးဝင်လာသော အခွင့်အရေးကို ခပ်တည်တည်ပဲ အသုံးချလိုက်ပါသည်။ ကျေးဇူးပဲကိုဆွေ။

"လက်ဖက်ရည်တိုက်မှာလား"

"အင်း. . ." (လမင်း. . . အော်သံ၊ အပြည့်)

"မုန့်ရောကျွေးမှာလား"



"အင်း. . ." (လမင်းရယ်သံ၊ တစ်ဝက်)

"စီးကရက်ရော တိုက်မှာလား"

"အို. . . မတိုက်ဘူး၊ ကျွန်မ စီးကရက်နံ့ မခံနိုင်ဘူး"

ကျွန်တော်လည်း မိတ်ကပ်နံ့၊ နှုတ်ခမ်းဆိုးဆေးနံ့တွေ မခံနိုင်ပါဘူးလို့ ပြန်ပြောလိုက်ချင်ပါသည်။ သူမသည် သနပ်ခါး အရည်ကျဲကျဲလေး လူးထားသည်။ နဂိုကရဲနေသော နှင်းဆီဖူးငုံ နှုတ်ခမ်းတစ်စုံပေါ်တွင် နှုတ်ခမ်းဆိုးဆေးနံ့တွေ စွန်းထင်းမနေပါလေ။ သိရဲ့လား။ ဒါမျိုးကလေး သိပ်သဘောကျစရာကောင်းတာ။

ဒီနေ့ ကျွန်တော်ကံကောင်းသည်ပဲ ပြောရမည်ထင်ပါသည်။ သူမတစ်ယောက်တည်းကို တွေ့ရသည်။ ပိုက်ဆံထွက်ကျသည်။ စကားတွေပြောရသည်။ သူမ၏ အသံလေးတွေကို နားထဲရှိ ရေခဲသေတ္တာထဲမှာ သိုလှောင်ထားချင်ပါသည်။ (ဒီညတော့. . . ဗိုင်ယာရီစာအုပ်. . . မသက်သာဘူးမှတ်. . .)

ကင်တင်းမှာ လူရှင်းနေသည်။ နန်းယုမေ၏ သူငယ်ချင်းတွေလည်း ရှိပါသည်။ ထို့အတူ ကျွန်တော့်သူငယ်ချင်း နှစ်ကောင်တို့လည်း ကင်တင်းမှာ တွေ့ရသည်လေ။

ကင်တင်းထဲ ကျွန်တော်တို့နှစ်ယောက် ဝင်လာတာမြင်လျှင် သူမ၏ သူငယ်ချင်းတွေသည် အံ့သြခြင်းမှတ်သောက်ကုန်ကြ၏မယုံဘူးလား။ ကိုယ့်ခြေသလုံး ကိုယ်တိုင်ဆွဲဆိတ်ကြည့်ပါလေ။ ကျွန်တော့်သူငယ်ချင်း နှစ်ယောက်ကတော့ ဘောလုံးယောင်ဆောင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးကို ပယ်နယ်တီ တည်ကန်ချင်စိတ် ပေါက်သွားပုံရလေ၏။ မနာလိုသူတွေ ရှိကြပါသေးသလားခင်ဗျာ။

ဒုတိယမ္ပိ . . . တတိယမ္ပိ ကျွန်တော့်ကို မနာလိုသူတွေ ရှိကြပါသေးလားခင်ဗျာ။

"ဟဲ့ . . . အနမ်း၊ ညည်းပြောတော့ ဒီနေ့ အတန်းမတက်တော့ဘူးဆို"

"ကောင်မ ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်လာရတာလဲ"

"ဟုတ်တယ်လေ၊ အဆောင်မှာ တစ်ယောက်တည်းနေရတာ ပျင်းတာနဲ့ ညည်းတို့ကိုလာကြိုရင်း သီချင်းလာနားထောင်တာ"

သူမ၏ သူငယ်ချင်းတွေက ရယ်ကြပါသည်။ ဘာအဓိပ္ပာယ်ကြောင့် (အန္တရာယ်ကို မလွှယ်နိုင်တော့သလိုမျိုး) ဖွင့်ရယ်ပါသလဲ။ သီချင်းနားထောင်တာဟာ ရယ်စရာလား။ ဒါလည်း ပြောရခက်ပါသည်။ လောကတွင် လေလည်ခြင်း = ကျန်းမာရေးကိစ္စကို ဘာအဓိပ္ပာယ်ပျော်ဝင်နေမှန်း မသိရသော ရယ်မောခြင်းတွေ အများကြီးရှိနေခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူမ ရယ်လျှင်ပိုလှပါသည်။

"ထိုင်လေ . . ."

သူမ၏အသံကလေးသည် ကျွန်တော့်အတွက် ငှက်ဖျားရောဂါပိုးနှင့် တူသည်။ ကျွန်တော် သူငယ်ချင်းနှစ်ယောက်ကို မျက်လုံးနဲ့ ဖုန်းဆက်ပြီး အကူအညီတောင်းလိုက်ပါ၏။ ဒီနှစ်ကောင်က ဒါမျိုးဆို



လျှင်သည်။ သွက်သည်။ မြန်သည်။ ကြံရည်ဖန်ရည်ကောင်းသည်။ ကျွန်တော် သူမနှင့် (၄၅°) ထောင့်စွန်းတစ်နေရာမှ ထိုင်လိုက်ပါသည်။ ကျွန်တော့်ကောင်တွေ ရောက်လာကြသည်။

"သူငယ်ချင်းတို့ ထိုင်လေကွာ"

ကျွန်တော် သူမကိုကြည့်ပြီး လူမှုရေးဟု တောင်းဆိုလိုက်ပါသည်။ သူမက မျက်စောင်းတစ်ချက် အလဟဿ အသုံးချလိုက်သည်။ ထိုမျက်စောင်းသည် ကျွန်တော့်ရင်ဘတ်ကို ခေါင်းနှင့်ဝင်ဆောင့်၏။ ရင်ထဲက နှလုံးသားအနေအထား၊ ခံစားမှုအထားအသိုအိပ်မက်အရည်အသွေးတွေကို မြင်အောင်ကြည့်သွားပါ မျက်စောင်းတလေးရယ် . . .။

"အစ်ကိုတို့ အချိုလား၊ အချဉ်လား"

"ဟော့ကောင်ဝိုင်ချို၊ ကျဆိမ့် (၃) ခွက် မြန်မြန်"

ကျွန်တော့်အစား နှာပြည်စုတ်က ဝင်ပြောပါသည်။ ဒီကောင်က ကောင်မလေးတွေရှေ့ဆို နှုတ်သီးသွေးချင်သည်။ စားပွဲထိုးကလေး ဝိုင်ချိုက "အချို . . . အဲ . . . ကျဆိမ့်သရီး"ဟု ကျွန်တော်တို့ကြားအောင် အော်သွားလေသည်။ ဝိုင်ချိုဆိုတာ ဒီကောင်လေး နာမည်အရင်းတော့ မဟုတ်။ စားပွဲထိုးအသစ်ကလေး။ သူရောက်စက "အစ်ကိုတို့ အစ်မတို့ အချိုလား၊ အချဉ်လား"ဟုသာ မေးတတ်သည်။ သူက လက်ဖက်ရည်ဆိုလျှင် အချို၊ အအေးဆိုလျှင် အချဉ်ဟု သတ်မှတ်ထားပုံရသည်။ ထို့ကြောင့် သူ့ကို လက်ဖက်ရည်သောက်သူတွေက

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၏ အချိုဟုခေါ်သည်။ အအေးကြိုက်သူတွေကဝိုင်း၏ အချဉ်ဟု ခေါ်သည်။ ဝိုင်းချို (သို့) ဝိုင်းချဉ်ဟု ခေါ်ကြသည်။ နာရီဓာတ်ခဲ အားကုန်စွာ ရွေ့လျားရာမှ ဝိုင်းချိုကနေ 'ဝိုင်ချို' ဖြစ်လာတော့သည်။

"ကျွန်မ မိတ်ဆက်ပေးမယ်"

အနမ်းဆီက ခပ်လှလှအသံကလေး ဖြည်းညင်းစွာ ထွက်ပေါ်လာပါသည်။

"ကျွန်မနာမည်က နန်းယုမေ၊ သူက ဇင်မာညိုမီ"တဲ့။

ထိုဇင်မာညိုမီဟူသော ကောင်မလေးက မျက်နှာကို ပန်းချီကားတစ်ကားအဖြစ် အလှပြင်ပစ္စည်းမျိုးစုံဖြင့် ခြယ်မှုန်းထားသူဖြစ်ပါသည်။ ဒါပေမယ့် ဇင်မာညိုမီက လှပါသည်။ အရပ်နည်းနည်းရှည်၍ ပိန်သည်ဟု ထင်ရပါသည်။

"သူက ခိုင်ရွှေဝါ"တဲ့။

ကြောင်မလေးတစ်ကောင်နှင့် တူလှပါသည်။ ကျွန်တော်တို့ ခင်မင်မှုတွေ ထွန်းကားပြီးနောက်ပိုင်းမှာ 'ကြောင်ရွှေဝါ'ဟု အမည်တွင်လေတော့၏။

"ဟော. . . ဒါက ပေါက်ပေါက်တဲ့၊ အဲ. . . ဇာဇာလင်း"

ဆံပင်အလယ်ခွဲထားသူ။ လွယ်အိတ်ကို သိုင်းလွယ်တတ်သူဖြစ်ပြီး ယောက်ျားလေးတစ်ယောက်ပုံစံကို လေးပိုင်းတစ်ပိုင်း 'ချိုး' နေသူဖြစ်သည်။ သူကလည်း ခင်မင်မှုတွေ ထွန်းကားပြီးနောက်ပိုင်းမှာတော့ 'ပေါက်ပေါက်ဆုပ်'ဟုသာ ကျော်ကြားလေ၏။



စိတ်ထဲက ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မိတ်ဆက်ပေး ...က မိတ်ဆက်ပေးနေသဖြင့် အသိအမှတ်ပြုသူတွေက အသိအမှတ် ...ကြပါသည်။ ကောင်မလေးတွေအလှည့် ပြီးသောအခါ မြားဦးက ...ယ်သူ့ဘက် လှည့်လာလိမ့်မည်ဆိုတာ ခင်ဗျားတို့ သိပြီးသားနေမှာ ... ဒါ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်ဘဲ။

"ကျွန်တော့်နာမည်က (အဲ). . . ရွှေပြည်စိုး"

"ဟယ်. . . ဆေးပေါ့လိပ်တံဆိပ် နာမည်ကြီး"

ခိုင်ရွှေဝါက နှုတ်ခမ်းချင်းတီးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန် ...တော် ရေနွေးကြမ်းမှုတ်သောက်သလို ဣန္ဒြေကို ပေပေတေတေ မှုတ်...သောက်နေလိုက်သည်။

"ဟာ. . . ဗျာ. . . မဟုတ်ပါဘူး၊ ငှက်နာမည်ပါ၊ ကျုပ်နာ...မည်ကလည်း နှာပြည်စုတ်တဲ့၊ အဟဲ. . . "

ဝင်းမြင့်ဒွေးက နှုတ်သီးဝင်သွေးနေပါသည်။ ကျွန်တော် သူမ...ခိုး၏ ငေးကြည့်နေမိသည်။ သူမ ပန်းဆန်အောင် ပြုံးနေသည်။ ...ပြည်စုတ် နှုတ်ခမ်းသပ်ပြီး ဆက်ပြောသည်။

"ဒီကောင် ပိစိကွေးနာမည်က စာကလေးတဲ့"

ကျော်လွင်တို့က စာကလေးပေါက်စတစ်ကောင်အဖြစ် သ...ဆောင်ပြနေသေး၏။ အပူရုပ်မဟုတ်၍ သူလုပ်ပြနေသည်မှာ ရယ်...ရာတော့အကောင်းသား။

"ဟယ်. . . နင်တို့က ငှက်တွေပဲ၊ ကျောင်းလာတက်မနေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ရွာပြန်ကြလေ”

“တို့က မော်ဒန်ငှက်တွေလေ၊ ကျောင်းလည်း တက်တယ်
လက်ဖက်ရည်လည်း သောက်တယ်၊ အဲ. . . ရည်းစားလည်း ထားချိ
တန်ရင် ရည်းစားထားကြမှာပဲ. . . အဟဲ”

ပေါက်ပေါက်အသံက ကီးနည်းနည်းမြင့်နေသည်။ (လေယာ
ပေါ်မှာ လေလည်သလို ဖြစ်နေပါသည်။) နှာပြည်စုတ်က ပြောပြီးရယ
နေတော့သည်။ ဒီကောင် မျက်လုံးမှိတ်ပြီး မရယ်ဘဲနဲ့ နှာခေါင်းပိတ
ပြီး ရယ်နေလေရဲ့။ ဘာပဲဖြစ်ဖြစ်။ ကျောင်းမှာ ကျောင်းသားနဲ့ကျောင်
သူတွေ မိတ်ဆွေဖြစ်ကြသည်မှာ ဘာမှအထူးအဆန်းမဟုတ်ပါ။
ဟာက အချိန်အခါမဟုတ် မိုးရွာသလိုမျိုး ဖြစ်ချင်ဖြစ်မည်။ မတော
တဆ မိတ်ဆွေဖြစ်မှုကို လက်ဖက်ရည်ဖျော်နည်း၊ ပလာတာကြေ
နည်းများအဖြစ် ဗလာစာအုပ်ထဲ ကူးရေးထားသင့်ပါသလား။ မတော
တဆ (အဲ). . . ထိုမတော်တဆကြီးကို သူမတို့အုပ်စုနှင့် ဆက်ဆံသ
အခါ တမင်မေ့ထားလိုက်ချင်ပါသည်။ မတော်တဆသည် ဖိနပ်သ
ကြိုးတစ်ချောင်းကို ဖြတ်ပစ်ခဲ့ပြီးပြီ။ မတော်တဆသည် လွယ်အိတ်
က ရည်းစားထားချင်စိတ်ကို. . . ။

ဤသို့ မိတ်ဆက်ခြင်းများ ပြီးသည့်နောက် မည်သည့်အ
အစဉ်တွေ ပေါ်ပေါက်လာနိုင်ပါသနည်း။ မိရွှေနန်းတို့အဖွဲ့က တို
ရေရွှေးခွက် ကိုယ်စီ့သောက်နေကြသလို သူတို့အချင်းချင်းသာ တို
တိုးတိုး ပြောနေကြလေ၏။ ကျွန်တော်တို့ ငှက်သုံးကောင်တို့အတ



တွေ ပြောနေကြခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်
တော်တို့လည်း ဝင်ဆွေးနွေးချင်ပါသည်။ ယောက်ျားတွေလည်း အ
င်းပြောတတ်ပါသည်။

မိတ်ဆွေတွေဖြစ်ပွားစ,မှာ တစ်ယောက်ကိုတစ်ယောက် လည်
င်းညှစ်တမ်း ကစားကြရင် မကောင်းဘူးလား။ မိတ်ဖြစ်ဆွေဖြစ်ပေါ့
ား။

လေငြိမ်နေချိန်မှာ ကျွန်တော် ပိုက်ဆံတစ်ရာရှာမှ ဖြစ်မည်။
ပြည်စုတ်အိတ်ကပ် အနည်းငယ်ဖောင်းနေသဖြင့် ကျွန်တော် ပြုံး
ါသည်။ လူကြားသူကြားမှာ ဒီကောင့်ဆီက ပိုက်ဆံတောင်းနည်းက
ယ်သည်။ သူက ငွေရေးကြေးရေး ခြေသလုံးမွေးဟုဆိုကာ သူ့မှာ
က်ဆံရှိလျှင် ခြေသလုံးမွေးတွေ လူမြင်အောင် ပုဆိုးတိုတို ဝတ်တတ်
ည်လေ။ သို့ဖြစ်ပါ၍ လေငြိမ်နေချိန်မှာ ကျွန်တော် နှာပြည့်စုတ်၏
ခြေသလုံးမွေးကို လှမ်းဆွဲရပါတော့သည်။ တတ်နိုင်ဘူးလေ။ ဖိနပ်ဖိုး
းရမှာဗျ။

မနန်းယုမေ၊ မခိုင်ရွှေဝါ၊ မဇင်မာညိုမီနှင့် မဇာဇာလင်း
သော အမည်တွေကို ဒိုင်ယာရီစာအုပ်ထဲ ရေးမှတ်နေသော ကိုနှာ
ည်စုတ်သည် သူ၏ခြေသလုံးမွေး ဆွဲနှုတ်နေခြင်းကို သိချင်းတအေး
း ဖြစ်နေသေး၏။ ရတယ် ကိုယ့်ဆရာရေ. . . ။ ကျွန်တော့်လက်
ကို ဒေါသနည်းနည်း ထည့်လိုက်ပါပြီ။ ခြေသလုံးမွေးတို့သည် ငွေ
ကြေးရေးလိုတော့ ပြောရဆိုရတာ လက်ပေါက်ကပ်လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



မထင်ပါဘူး။

"အား...လား..."

ဤသို့ဖြင့် နှာပြည်စုတ်ဆီက အော်သံတွေ ခပ်သုတ်သုတ် ထွက်ပေါ်လာသည်။ ကျွန်တော် သူ့ကို သနားသဖြင့် နှစ်သိမ့်လိုက်ရ ပါ၏။

"နှာပြည်စုတ်...ညီလေး...မင်း နှာစေးနေတာလား ငါ့ ကို ပိုက်ဆံတစ်ရာလောက် ပေးပါဦးလို့ ပြောနေတာလေ၊ ပါးစပ်နဲ့ မပြောချင်လို့ လက်နဲ့ပြောနေတာနော်"

နှာပြည်စုတ်ခမျာ မအီမသာနဲ့ ပိုက်ဆံတစ်ရာ ထုတ်ပေးရှာ သည်။ ပြီးတော့ သူ့ဒိုင်ယာရီနှင့်သူ အလုပ်ရှုပ်နေတော့၏။ ဒီကောင် က ပြောရင်မသိသော်လည်း ထိရင်နာတတ်သေး၍ တော်သေး။

အနမ်းကတော့ အလိုက်မသိစွာ ခပ်ပွပွကလေး ပြုံးနေသေး သည်။ ရင်ခွင်သမိုင်းဝင်မည့် 'ငါးသလဲထိုး-ဒိုင်ပင်-အပြုံးကလေး' ပေါ့ဗျာ။ ဒီည အိပ်မက်မက်ဖို့ အလားအလာ ကောင်းနေပါပြီ။ ဒိုင် ယာရီစာအုပ် (၁) အုပ် ထပ်ဝယ်ရဦးမည်။

"အနမ်း...ဒီနေ့အတွက် ဖိနပ်ဖိုး...ဒါနဲ့ဆို မင်းကိုပေး တာ (၁၅၀၀) ပြည့်ပြီနော်"

"ဟုတ်မှာပေါ့...အကြွေးစာရင်းစာအုပ်ထဲ ပြန်ကြည့် သိမှာပဲ"

ကျွန်တော် အနမ်းကို တစ်ရာတန်ကလေး လှမ်းပေးလိုက်



သည်။ အနမ်းက ပန်းကလေးတစ်ပွင့်ယူသလို ယူပါသည်။ အဲဒီလို ညင်သာမှုမျိုးကို ရင်ထဲမှာ ခရေပွင့်ပြုပြီး မြတ်နိုးချင်ပါသည်။

"ရှင့်မှာ အပြန်လမ်းစရိတ်ရော ရှိလို့လား"

"ရတယ်၊ ကားစပယ်ယာကို ရည်းစားစာပေးစီးရင် ဖြစ် တယ်"

"အယ်...ကားစပယ်ယာက အခြောက်ကြီးလား"

"မဟုတ်ပါဘူး၊ ပျိုတိုင်းပိုးတဲ့ လူပျိုသိုးကြီးဗျ"

"ဟီး..."

ကြည့်စမ်း။ မိန်းကလေးတွေ (အထူးသဖြင့် မိန်းမလှလေး တွေ) စုပေါင်းစပ်ပေါင်း ရယ်လိုက်သော ထို 'အဟီး' သည် ကာရန် မညီသော်လည်း အတော်နားဝင်ချိုပါသည်။ ကျွန်တော့်ရဲ့ မျက်ဝင် ချိုသော အနမ်း၏ အပြုံးကလေးက လေမှာဝဲနေသည်။ ကျွန်တော် လွယ်အိတ်ထဲက ရည်းစားထားချင်စိတ်ကလေးကို 'အပြုံးဖတ်နည်း' သင်ပေးရဦးမည်။ လေပေါ်ဝဲနေသော အပြုံးသည် ပေါ့ပါးသော်လည်း အဖမ်းရခက်သည်လေ။

"အဲ...နွေရာသီကြီး မိုးရွာသလိုဖြစ်ဖြစ်၊ မိုးရာသီကြီး သဇင် ပွင့်တယ်ပြောပြော နင်တို့အဖွဲ့နဲ့ ငါတို့အဖွဲ့ ခုလို သူငယ်ချင်းတွေ ဖြစ်သွားကြတာ သကြားပလာတာကို နို့ဆီဆမ်းပြီး စားရသလို ပိဝ် ပျော်တာပဲ"

စာကလေးက လျှာဖျားကလေးနဲ့ပြောပြီး ပလုတ်ပလောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေလေသည်။ ကျွန်တော် 'ကျဆိမ့်အေးအေးလေး'ကို ခင်တယ်ဆိုပြီး မော့သောက်လိုက်ပါသည်။ ခံတွင်းချဉ်လာတာလည်း ခင်မင်မှုနဲ့ ပတ်သက်နေပါကြောင်း. . .။

"အောင်မယ်. . . အံ့မယ်. . . ရှင်တို့ကို ဘယ်သူက ခင်ပါတယ်လို့ ပြောမိသေးလို့လဲ၊ ဒီလို လွယ်လွယ်ကလေးနဲ့တော့ ယောကျ်ားတွေကို ရမီးသမ်းပြီး မခင်နိုင်ပါဘူး၊ ကဲ. . . သူငယ်ချင်းတို့ အတန်းချိန်နီးပြီ သွားစို့. . ."

"ဟဲ့. . . မိဇင်"

ဟင်. . .။ မိုးလေဝသခန့်မှန်းချက်တွေသည် စနေ၊ တနင်္ဂနွေ ရက်စွဲမှားယွင်းပြီး ကြေညာထားသလို ဖြစ်နေပါသည်။ မိဇင်၊ မိရွှေဝါနဲ့ မိဇာတို့ ဝုန်းခနဲထကြလေပြီ။ အနမ်းကတော့ ယောင်အမ်းအမ်းဖြစ်သွားမှာပေါ့။

"ဟဲ့. . . အနမ်း သွားမယ်လေ၊ Drawing ချိန် အရေးကြီးတယ်နော်"

ခုတော့။ သစ်ပင်တစ်ပင်က ငှက်တစ်အုပ် ထပျံသလိုမျိုး မိန်းကလေးတွေ စားပွဲက ထ,သွားကြလေပြီ။ မနန်းယုမေခများမှာလည်း မိ'မခင်ချင်'တွေ၊ မိ'ခွာချင်'တွေနောက် ကောက်ကောက်ပါအောင် လိုက်သွားရလေ၏။

ကျွန်တော်တို့စာကလေး မျက်နှာကြီး နီရဲနေသည်။ သူ့နဖူးခရိယာအတွင်းရှိ မီးပြတိုက်လို ဝက်ခြံတစ်လုံးက နဂိုထက်ပိုမှည့်လာ



တန်ရှိသည်။

"သူငယ်ချင်းရယ်၊ မင်းမျက်နှာ ခဏငှားစမ်းပါ၊ ငါ ရှက်ရှက်နဲ့ ဝက်ခြံညှစ်ချင်လို့"

ကြည့်. . .။ နှာပြည်စုတ်က အရေးထဲမှာ ရောဂါထ,နေပြန်သည်။ ဒီကောင်က ဝက်ခြံမှည့်မှည့်မြင်ရင် မနေနိုင်။ အဲဒီဝက်ခြံကိုညှစ်ပေးရမှ ကျေနပ်သူ။ ဝက်ခြံပေါက်တဲ့လူနဲ့တွေ့ရင် သိတာ မသိတာအသာထား. . . နှာပြည်စုတ်တို့က ဝက်ခြံညှစ်ပေးဖို့ ကြိုးစားတော့တာပဲ။ သူ့ရောဂါက တစ်မျိုး။ ဝက်ခြံမြင်ပြီး ဝက်ခြံမညှစ်ရလျှင်မနေတတ်သော. . . အမေ့ ဝက်ခြံညှစ်တတ်သော ဝေဒနာရှင်။ ကျွန်တော်ကတော့ သူ့ကို "စိတ္တဇဝက်ခြံညှစ်သမား"ဟု ခေါ်ဆိုပါသည်။

စာကလေးမှာလည်း အရိုးစွဲနေသော ရောဂါတစ်မျိုး ရှိပါသည်။ ဒီကောင်က "စိတ္တဇဆံပင်ဖြူနှုတ်သမား"။ စာကလေးက သူ့မျက်နှာပေါ်က ဝက်ခြံတွေမှည့်လျှင် နှာပြည်စုတ်နားသွားပြီး "ဝက်ခြံမှည့်ချိန်×××လေအတိုက်×××ကြွေလိုက်တဲ့အခါ×××"ဟု ညည်းတတ်သည်။ ဒီသီချင်းကြားရတော့ စိတ္တဇဝက်ခြံညှစ်သမားကြီး ဘယ်နေနိုင်တော့မှာလဲ။ "လာထား. . . သူငယ်ချင်း. . . ဝိုင်းလယ်မှာတည်မယ်"ပဲ။

အခုလည်း နှာပြည်စုတ်တို့ စာကလေးဝက်ခြံကို ညှစ်ပေးနေသည်။ တခြားဝိုင်းက ကောင်မလေးတွေခမျာ သူတို့နှစ်ယောက်ကိုကြည့်ပြီး 'တခွီးခွီး' ဖြစ်နေကြရှာသည်။ ကျွန်တော် ဆေးလိပ်တိုကို

www.burmeseclassic.com

www.burmeseclassic.com



ပေပေတေတေ ဖွာနေမိသည်။

"အဲ. . . ငါလည်း Drawing ချိန် သွားတက်လိုက်ဦးမယ်"

နှာပြည်စုတ်က လွယ်အိတ်ဆွဲပြီး ထွက်သွားသည်။

"ဟော့ကောင်. . . ငါလည်း (Work Shop)ထဲ ဝင်ရမှာကွ"

စာကလေးကလည်း နှာပြည်စုတ်ကို အမီလိုက်သွားသည်။ ကျွန်တော်တစ်ယောက်တည်း ကိုဘုန်းငှမောင်ကြီးလုပ်ရန်သာ ရှိတော့လေ၏။

ဟင့်အင်း။ ကျွန်တော်လည်း ဘာသားနဲ့ထုထားတာ မှတ်လို့။ (ကျွန်တော်လည်းလေ လောကီသားပေမို့. . .) သူများတကာတွေ အတန်းတက်နေချိန်မှာ ရည်းစားထားချင်ခြင်း၏ အဆိပ်တက်နေလို့ အိပ်မက်တွေ ကောင်းစားလာမည် မထင်ပါ။ 'ကျောင်းမှန်မှန်တက် စာမခက်'တဲ့။ ပညာလည်းတတ်၊ ကြင်ယာလည်း အဲ. . . မငတ်။ ထားပါလေ။ ကျွန်တော် အတန်းတက်ချင်စိတ်ကို လွယ်အိတ်ထဲ သေချာထည့်လွယ်လိုက်ပါသည်။ ဟုတ်ကဲ့. . . ကျွန်တော်လည်း အတန်းတက်ပါတော့မည်ခင်ဗျာ။

"အစ်ကို. . . ပိုက်ဆံရှင်းသွားဦးလေ"

"အဲ. . ."

ကျွန်တော့်ခြေလှမ်းတွေဟာ မီးနီမိလိုက်သော ကားတစ်စီးလို ချက်ချင်း တုံ့ခနဲ ရပ်တန့်သွားပါသည်။ ဘောလုံးစကားနှင့်ဆိုရ

*လျှင် အဝါကတ်ထိခြင်း။*



"အေး. . . ရှင်းမှာပေါ့ကွာ၊ ငါ မပြန်သေးပါဘူး၊ အဟဲ. . . ခုဟာက ဖင်ပူလို့ ခဏရပ်တာပါကွာ၊ ငါပြန်တော့မယ်ဆိုရင် ခေါ်လိုက်မယ်နော် ညီလေး"

ကျွန်တော် ရင်မောစွာပြော၍ ဖွတ်. . . ပြန်ထိုင်လိုက်ရပါသည်။ စားပွဲထိုးကလေးက မျက်စောင်းနှင့် သက်ပြင်းကို လက်သုတ်ပဝါနဲ့ဖိခဲ့ပြီး တခြားဝိုင်း ထွက်သွားလေသည်။ ကိုယ့်ဆရာက လေချွန်သံနဲ့ ကလိသွားသေး။

ဒီနေ့ ကျွန်တော့်ကိုယ်ကျွန်တော် အတော်ကံကောင်းသည်ဟု ထင်ခဲ့မိပါသည်။ ဘယ်မှာလဲ ကံကောင်းခြင်းဆိုတာတွေ။ ဘယ်ချောင်မှာ ငုတ်တုတ်မေ့နေပြီလဲ။

"ဒုက္ခနဲ့တစ်ခါတွေ့တိုင်း (Calculator)ကို တစ်ခါနမ်းရပါလို၏"

နောင်တော် ဂျီတီအိုင်ကျောင်းသားကြီးများ၏ ဆုတောင်းအတိုင်း ကျွန်တော် ဆုတောင်းလိုက်ပါသည်။ ဂျီတီအိုင်ကျောင်းသားနှင့် Calculator၊ မီးခြစ်နှင့် ဆေးပေါ့လိပ်၊ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုနှင့် .အကြွေးစာရင်းစာအုပ်တို့သည် ဘယ်လိုမှ ခွဲခြား၍မရသော မတည့်အတူနေ ရွှေမိတ်ဆွေတွေ။ ဒါနဲ့ ကျွန်တော် နှုတ်ဆက်အနမ်းလေး ပေးလိုက်ပါသည်။ မကြာမီ အကြည်တော် ကိုကာကူ(Calcu) ကောင်တာအံဆွဲထဲ ခရီးသွားရပေတော့မည်။ ကင်တင်းသည် အကြွေးစာရင်းစာအုပ် ဖြစ်သည်။ ကင်တင်းသည် (Calculator)တွေ နားခိုရာ

www.burmeseclassic.com



ဟည်းခိုခန်းဖြစ်သည်။

ဘာတတ်နိုင်မှာလဲလေ။ ကျွန်တော် အကြွေးစာရင်းစာအုပ်ထဲမှာ အနီးရောင်သူရဲကောင်း မဖြစ်ချင်ပါ။ ကိုကာကူ့ကိုတော့ ခရီးသွားဧည့်သည်အဖြစ် ကောင်တာမှာ အပ်ခဲ့ရဦးမှာပေါ့။ အမြန်ဆုံးပြန်ရွေးမှဖြစ်မည်။ GTI ကျောင်းသားတွေအတွက် Calculator မရှိလို့မဖြစ်။ သို့သော် Calculator တွေသည် ကျောင်းသားတွေနှင့်နေရတာ ပျော်မွေ့ပုံမရ။ ကိုတရုတ်ကလေး စားသောက်ဆိုင်မှာ၊ ဆရာဦးဝင်းမြင့်၏ (Calculator-Guest House) မှာ၊ ဦးညိုသန်း၏ ဘဲရာဇီဗီဒီယိုရုံမှာ၊ ကင်တင်းမှာ၊ အားမန်ကဖေးမှာ၊ ဆွေစစ်မှာ၊ အပျိုကြီးထမင်းဆိုင်မှာ ပျော်မွေ့တတ်ကြသည်လေ။ ကျောင်းပရဝုဏ်မှာ Calculator ပျော်စံရာတွေ အလွန်အကျွံပေါ၏။

အဲဒီနေ့က ကျွန်တော် M.P.Shop (စက်မှုအလုပ်ရုံ)ထဲ မဝင်ဖြစ်ခဲ့။ ကင်တင်းကထခဲ့ပြီး (Drawing) ပုံဆွဲအဆောင်ဘက် ထွက်ခဲ့သည်။ ကြည့်စမ်း။ မြားနတ်မောင်သည် စိန်ပန်းပင်ခွကြားမှာ ကျကျနန ထိုင်စောင့်နေသည်ကို တွေ့လိုက်ရပါသည်။

နလုံးလမ်းကြောင်းမှာ စိန်ပန်းတွေ ကြွေနေပါသည်။ စိန်ပန်းပင်ရှိရာ ခုံတန်းပြာ သူမ လှလှပပ ငိုင်နေလေသည်။ ကျွန်တော် မြားနတ်မောင်ကို လက်ဆွဲ နှုတ်ဆက်လိုက်ချင်ပါသည်။

"စိန်ပန်းတွေကြွေတာ မကောင်းဘူးနော်"

"ဘာဖြစ်လို့လဲ"



"ဩော် . . . အလွမ်းဓာတ်ခံရှိတဲ့လူ အတန်းမတက်ကြဘူးလေ"

"ဟင်း . . . ဟင်း . . . (Drawing) ပစ္စည်းတွေ ဘာမှပါမလာလို့ အတန်းမတက်တာပါနော်၊ အဆောင် တစ်ယောက်တည်းပြန်ရမှာပျင်းတာနဲ့ ဒီမှာထိုင်နေမိတာပါ၊ ရှင့်လိုမမှတ်ပါနဲ့"

"အဟဲ . . . ကျွန်တော်လည်း ဆပ်ပြာမှုန့်မေ့လာလို့ Work Shop မဝင်ဘဲ ထွက်လာခဲ့တာ၊ စိန်ပန်းတွေကြွေတော့ . . ."

"ဘာဆိုင်လို့လဲ၊ အပျင်းကြီးတာ မသိရင်ခက်မယ်"

"ဂလိုဗျ (Work Shop) ဝင်ရင် အင်္ကျီတွေ ပြင်ရတာလေ၊ ပြီးရင် တစ်ကိုယ်လုံး ညစ်ပတ်ကုန်ရော၊ 'ဆပ်ပြာမှုန့်မပါရင် ဝပ်ရှော့မဝင်နဲ့'တဲ့၊ သင်ရိုးညွှန်းထဲမှာပါတယ်"

သူမက 'ဝယနဇ' ရယ်နေပါသည်။ ဒီလိုပျော်ရွှင်ဖွယ်တွေ စိန်ပန်းပင်ရိပ်မှာ ထွန်းကားနေချိန် စိန်ပန်းပင်ခွကြား မြားနတ်မောင် အိပ်ချင်ယောင်ဆောင်နေလေ၏။ မြားမေ့ကျန်ခဲ့ပြီထင်ပါရဲ့။

"ဆပ်ပြာမှုန့်ဆိုလို့ ခုမှသတိရတယ်၊ ကျွန်မ အဆောင်မှာ အဝတ်တွေ ပြန်လျှော်ရဦးမယ်"

"ကျွန်တော်လိုက်ပို့မယ်လေ"

"ဘာနဲ့လိုက်ပို့မှာလဲ"

"ဟဲ . . . ဟဲ"

စိန်ပန်းပွင့်တွေ ကြွေနေသည်။ ကျွန်တော့် လွယ်အိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားထားချင်နေတဲ့ စိတ်ကလေး ပျော်ရွှင်နေပါသည်။ သိပ်လှတဲ့ ကောင်မလေးတစ်ယောက်နဲ့ စကားတွေပြောနေရတာကိုမှ မပျော်ရင်- စိန်ပန်းပင်ကို- ခေါင်းနဲ့ဆောင့်ပစ်ဖို့ အဆင်သင့်။

"ကျွန်တော့်မှာ ပါးစပ်ပါတယ်လေ၊ ပါးစပ်ပါရင် လကမ္ဘာတောင် ရောက်သေးတယ်"

"အဆောင်ရောက်ရင်တော့ ရေခပ်မတိုက်ခိုင်းရဘူးနော်"

"ဆေးလိပ်တစ်လိပ်လောက်တိုက်ရင် တော်ပါပြီ"

သူမ ဘာမှမပြောတော့ပါ။ အိုကေ. . .။ လမ်းမှာ ခလုတ်တိုက်စရာရှိရင်တောင် သူမကိုယ်စား ကျွန်တော် ခလုတ်တိုက်ပေးမည်။ လေလည်စရာရှိလျှင်. . . အဲ. . . ဒါတော့ မဖြစ်နိုင်ပါ။ ကိုယ့်ကိစ္စ ကိုယ်ရှင်းကြေးနော်။

"ရှင်. . . မြင်းလှည်းမောင်းရတာ အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ၊ အဲ. . . စာမေးပွဲနီးရင်တော့ လူငှားရမှာ၊ ကျွန်တော် အဆောင်လာနေမှာလေ၊ အဘိုးတစ်ယောက်တည်းဆိုတော့ စိတ်မချလို့၊ ကျောင်းဖွင့်ကတည်းက အဆောင်နေခိုင်းနေတာပါ"

"ရှင့်မိဘတွေကရော. . ."

"ကျွန်တော် ငယ်ငယ်ကတည်းက အဖေနဲ့အမေတို့ ဆုံးသွားတာ၊ အိမ်မှာ ကျွန်တော်နဲ့ အဘိုးနဲ့ နှစ်ယောက်တည်း"

"အို. . . ဆောရီးနော်၊ ကျွန်မ စပ်စုမိသွားတယ်"

"ရပါတယ်ဗျာ၊ အမှန်တရားပဲ၊ ဒါနဲ့ ခင်ဗျားတို့အဖွဲ့ ကျောင်း



ပိတ်ရက်တွေမှာ ခြံကိုလာလည်ကြပါလား၊ (၁၄) မိုင်ပဲဝေးတာ၊ ခင်ဗျားတို့လာရင် မြင်းလှည်းလျှောက်စီးကြမယ်လေ"

"ကျွန်မ မြင်းလှည်းမစီးရဲပါဘူး၊ မတော်တဆ လမ်းမှာ မြင်းလှည်းဘီးပေါက်ရင် ဘယ်လိုလုပ်မလဲ"

သူမဟာ ကျွန်တော့်ကို ပျော်ရွှင်မှုတွေ ပြန်ပေးနေသေး၏။ ဘာပဲဖြစ်ဖြစ် အခုလို သူမနဲ့ စကားတွေပြောရင်း လမ်းလျှောက်ရတဲ့ အရသာကို ကျွန်တော် ခံတွင်းတွေ့ပါသည်။ သူမတို့ အဆောင်လေးတာ ဟိုး. . . မိုင်ပေါင်းများစွာဝေးသော ပန်းတောင်ခြေမှာ ရှိနေစေချင်သည်။ စိတ်ကူးယာဉ်သည် ဂျပန်အင်ဂျင်တပ်ထားသော ယန္တရားမဟုတ်။ လောင်စာသုံး၍ မောင်းနှင်လို့မရ။ ကျွန်တော် ကျွန်မတို့ လမ်းလျှောက်ခြင်းသည် (၁၀) မိနစ်မပြည့်ခင်မှာ လမ်းဆုံးသွားချေ၏။

"ကျေးဇူးပဲ၊ နောက်လည်း လာအားပေးဦးနော်၊ အဆစ်တွေ အများကြီး ထည့်ပေးလိုက်တယ်၊ သိလား"

သူမက ဟင်းရွက်သည်စတိုင်ဖမ်းပြီး ပြောသွားသည်။ ကျွန်တော် ဘာမှပြန်မပြောလိုက်ရဘူး။ သူမပုံစံကလည်း အလေးမှန် ရွှေမှန်ပုံစံကလေးပဲလေ။

သူမ မြူးရွှင်စွာ အဆောင်ထဲ ကြော့ကြော့ငုံ့ငုံ့ ဝင်သွားလေ၏။ ကျွန်တော် ကျေနပ်စွာ လှည့်ပြန်ခဲ့ရပါ၏။ ဒီလောက် အခြေအနေပြောင်းဖြူးလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့မိပါ။ ရာသီဥတု သာယာ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ လေက အဆင်ပြေပြေ တိုက်ခတ်နေသည်။

လမ်းမှာ ခလုတ်မထိခဲ့သလို အလွှမ်းမှာလည်း ဆူးမငြိခဲ့ပါ။ ဒါပေမယ့်. . .။

⊛ ⊛ ⊛

## အခန်း(၅)

ကျွန်တော့်မှာ နာရီမရှိပါ။ သို့သော် အချိန်တွေက ကုန်လွယ်လွန်းနေသည်။ ပြီးခဲ့သော တနင်္လာနေ့က ကျွန်တော်တို့ကျောင်းဖွင့်ရက် နှစ်လခွဲကျော်ခဲ့လေပြီ။ ထိုနေ့က ကျွန်တော် သူမကို တစ်နေ့တစ်ရာ အကြွေးဆပ်ခဲ့သည်မှာ (၆၅) ရက် ပြည့်ခဲ့လေသည်။

ဖိနပ်အမျိုးအစား = ဘက်တီဒေးဗစ် (BATTY DAVIS)

အရောင် = အပြာနုရောင်

တန်ကြေး = ၆၅၀၀

ခံစားမှုတွေသည် သည်းကြိုးရှည်ရှည်ဖြင့် လှန်ထားသော အိပ်မက်ငှက်တစ်ကောင် ဖြစ်၏။ ထို (၆၅) ရက်မှာ ဒိုင်ယာရီစာအုပ်နှစ်အုပ် ကုန်ခဲ့၏။ အိပ်မက် (၆၅) ပေါင် မက်ခဲ့သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်က (၆၅) အောင်စ မပြည့်နိုင်။ အနမ်းသည် ကျွန်တော့် အတွက် အိပ်မက်ပွက်သော မီးပျက်ည။ အာကာသတွင်းနက် (Black Hole) ဆေးလိပ်တိုကို မီးညှိခွင့်ပြုပါ သခင်။

"မင်း ဖွင့်ပြောသင့်ပြီ ရွှေပြည်စိုး"

စာကလေးက ကျွန်တော့်မီးခံသေတ္တာကို ဆွဲဖွင့်နေသည်။ နှာပြည်စုတ်ကလည်း 'ဟုတ်တယ်' တဲ့။ သင်းထောက်ခံနေပုံက ပြုံးစိစိနဲ့လေ။ ခက်သည်က ကျွန်တော့်မှာ မှည့်သောဝက်ခြံနှင့် ဖြူသောဆံပင်ရှိနေခဲ့လျှင် ချစ်ခြင်း၏အဓိပ္ပာယ်ကို သူတို့နားလည်ပေမည်။ ဝက်ခြံညှစ်သူအတွက် ဝက်ခြံတစ်လုံး ရင့်မှည့်ဖို့လို၏။ ဆံပင်ဖြူနုတ်သူအတွက် ဆံပင်တွေ ဖြူလဲ့ဖို့လိုပါသည်။ ထို့အတူ ရည်းစားစကားပြောချင်သူအတွက် အချစ်သည် ရင့်မှည့်ဖို့ (သို့မဟုတ်) ဖြူလဲ့ဖို့ လိုအပ်ပါသေးသည်။

ကောင်းကင်ကတော့ အကြွေးကင်းစင်စွာ ကြည်လင်ပြာလင်းလဲ့နေ၏။ သူမတို့တစ်ဖွဲ့လုံး ကင်တင်းမှာ စားပွဲတစ်လုံးကို အုပ်စိုးနေသဖြင့် ကျွန်တော် တစ်ကိုယ်တော်ရှက်လွှင့်ဖို့ မဖြစ်နိုင်ပါ။ ထို့ကြောင့် သူမတို့အနားကိုခိုနားဖို့ နှာပြည်စုတ်နဲ့ စာကလေးတို့က လူမိုက်။ အဖော်က ကျွန်တော်။ ဒီလိုပါပဲလေ။ စိတ်ညစ်စရာတွေ တစ်ရာ-နှစ်ဆယ်တိုးနဲ့ ထားလိုက်ပါတော့။



"ဟယ်. . . ငှက်စုတ်တွေ၊ ငှက်ပဲ့တွေ၊ လာထိုင်ကြ၊ ဗိုက်ဆာချေးမလို့တော့ မဟုတ်ပါဘူးနော်"

ပေါက်ပေါက်ဆုပ်အသံက အချိုနည်းနည်းလွန်ကဲနေသော်လည်း ကျွန်တော်တို့ (ရေနွေးများများ ဖိသောက်မည်။) ထိုစားပွဲမှာ ဝင်ထိုင်လိုက်ကြပါသည်။ ခိုင်ရွှေဝါက "ဖိနပ်ဖိုး အကြွေးလာပေးတာလား"ဟု ပြောလေရာ စာကလေးက "ဘာလဲ ဖိနပ်စျေးတွေ နင့်ဘကြီးနဖူးပေါ် တက်ထိုင်ပြန်ပြီလား၊ ဟိုနေ့က (၆၅၀၀) ပြည့်သွားပြီလေ၊ ခုဟာက နောက်ထပ် ဖိနပ်တစ်ဖက် ထပ်နင်းဖို့လာခဲ့တာ"ဟု ပြောသဖြင့် အနမ်းမျက်ခုံးကလေး လှုပ်သွားသည်ကို ခေါင်းကြိုခေါင်းကြားက မြင်လိုက်ရပါသည်။

"ဘာသောက်မလဲ မှာကြလေ"

"ကျွဆိမ့်ပဲလား. . . အဟား. ."

"ကျွဆိမ့်ပဲ. . . အဟဲ. ."

ပေါက်ပေါက်ဆုပ်ရဲ့ အာလုတ်သံကြီး ကြားရသောအခါ မျက်ခုံးလှုပ်ရသူက ကျွန်တော်။ အဖော်က Calculator။ (ပြန်ရွေးထားတာ ဘာမှမကြာသေး။)

နှာပြည်စုတ်က ကျွဆိမ့် (၃) ခွက်နှင့် စီးကရက်မှာသည်။ စားသံတွေ တိတ်နေသည်။ ယင်ကောင်တွေက စမူဆာတွေကို လေယာဉ်ကွင်းအဖြစ် ဆင်းသက်နေကြ၏။ ကြည့်လို့ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရောက်လာတာ အနှောင့်အယှက်ဖြစ်သွားလား၊ နင်တို့ဆွေးနွေးနေတဲ့ အချစ်အကြောင်းတွေ ဆက်လက်ဆွေးနွေးကြလေဟာ၊ ဒါပေမယ့် တို့ယောက်ျားလေးတွေ လက်ဖက်ရည် အကြွေးသောက်တာ၊ ပိုက်ဆံချေးတာတွေဟာ အချစ်နဲ့ ဘာမှမဆိုင်ဘူးဆိုတာ ထည့်စဉ်းစားစေချင်တယ်"

နှာပြည်စုတ်က လျှာခလုတ်မတိုက် ပြောချလိုက်၏။ ကောင်မလေးတွေ တွေသွားသည်။ တွေးသွားသည်။

"ငါတို့ အချစ်အကြောင်း/ဆွေးနွေးနေတာ နင်က ဘယ်လိုလုပ်သိလဲ"

"အဟဲ. . . သကြန်စာထဲမှာ ပါတယ်ဟ၊ ဒီလမှာ အမျိုးသမီးတွေ ပုဆိုးချေး (အဲ) . . . အချစ်အကြောင်း အကြီးအကျယ် ဆွေးနွေးကြလတ္တံ့တဲ့"

"အို. . . မဟုတ်ပါဘူး၊ တို့က ဘဝအကြောင်း ဆွေးနွေးနေတာပါ"

အနမ်းက ရှက်တတ်ပုံရသည်။ မိုးကြိုးပစ်မှတော့ မကားနဲ့ ထန်းလက်နဲ့၊ မုန့်ကြွပ်ပစ်မှ ထန်းလျက်နဲ့ကာတော့ကွယ်။ ဘယ်မိန်းကလေးမှ မိန်းမလျှ-မုသာဝါဒကို နှုတ်ခမ်းနီ အပျက်မခံချင်ပေ။

"ဘဝဆိုတာ ခါတ်တိုင်ကြီးလေးတိုင်နဲ့ တည်ဆောက်ထားတဲ့ ညတစ်ညပါဟာ"

ကျွန်တော် ရယ်စရာ ဝင်ပြောလိုက်ပါသည်။ ကျွန်တော့်ဝမ်း



သီးလေး ရှက်နေတာ မကြည့်ရက်ပါဘူး။ မင်းအတွက်ဆို ကိုယ် ဓေင်ညယျာဉ်ကြီး ခူးခဲ့ချင်ပါရဲ့။

ခိုင်ရွှေဝါ ။ ။ "ခါတ်ကြီးလေးပါးပါဟယ်၊ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော"

စာကလေး။ ။ "မဟုတ်ပါဘူး၊ မယုံရင် နင်တို့အဘကြီးမေးကြည့်၊ ဘဝဆိုတာ ခါတ်ဘူးကြီးလေးလုံးပါ"

ဇင်မာညို့မီ။ ။ "မဟုတ်ပါဘူးဟယ်၊ ခါတ်မီးကြီးလေးလက်ပါ"

နှာပြည်စုတ်။ ။ "နိုး. . . နိုး. . . အင်တာနေရှင်နယ် ခါတ်ခဲကြီး (၄) လုံး"

ပေါက်ပေါက်ဆုပ်။ ။ "ဒါဆို. . . တည်ငင်းသီးလေးလုံးလည်း ဖြစ်နိုင်တာပေါ့"

အနမ်း။ ။ "တော်ကြပါတော့ရှင်"

အဲဒီလို ဘဝအဓိပ္ပာယ်တွေ ချာချာလည်သွား၏။ ခါတ်မှန်ကြည့်ဖို့ကောင်းသော ရယ်သံတွေ ခါတ်ပြယ်ကုန်မှာထက် ခါတ်မှုတုန်ရင် ခက်မည်။ (နျူးကလီးယား ခါတ်ပေါင်းလို ရယ်သံခါတ်ပေါင်းတွေနဲ့ အိပ်မက်တွေ မခြိမ်းခြောက်ပါနဲ့။) ဒါ. . . ခါတ်ရှင်ရိုက်နေတာ မဟုတ်ဘူး။

"ကျွန်တော် အနမ်းကို တစ်ခုလောက်မေးချင်လို့"

မရည်ရွယ်သော ဝါကျသည် ကျွန်တော့်နှုတ်ဖျားမှာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဖြောင့်လိုက် ထွက်ကျခဲ့မှန်းမသိပါ။ ရယ်သံတွေ ခါတ်ခဲ အားမကုန်သေး။ အနမ်းက ပြုံးနေပါသည်။ ထိုအပြုံးကို ခါတ်ခွဲခန်း မြန်မြန်ပို့လိုက်ချင်သည်။

"ခါတုဗေဒပုစ္ဆာကလွဲရင် ကြိုက်တာ မေးနိုင်ပါတယ်"

"မနောက်စမ်းပါနဲ့ ဝိတောက်ပန်းဝါ. . . အဲ. . . ကြောင်ရွှေဝါရယ်၊ ကျွန်တော် ရိုးရိုးသားသား မေးစရာရှိလို့ပါ"

"ဘာလဲ. . . မေးလေ. . ."

အနမ်းရဲ့အသံက ဖွဖွရွရွကလေး။

"ဒီမှာမေးလို့ မဖြစ်ပါဘူး၊ အဲ. . . ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါနော်"

ကျွန်တော် ဆိုင်ထဲက ထွက်ခဲ့ပါသည်။ အနမ်း ကျွန်တော့်နောက်က လိုက်ပါလာကြောင်း ဘယ်ဘက်ရင်အုံက ကြားနေရ၏။ မင်းခြေသံတွေ အလွတ်ကျက်ထားသူပါ ချစ်သူရယ်။

ထိုနေရာကလေးသည် အချစ်တစ်ခု ဖန်ဆင်းရာဒေသ ဖြစ်၏။ ရင်ခုန်သံ၏ ဒေင်၊ အိပ်မက်၏ မြစ်ဖျား၊ စွဲလမ်းမှု၏ ဆိပ်ကမ်း ကြည်နူးခြင်း၏ မိုးဦးမိုးတိမ်၊ မြားနတ်မောင်၏ မြားပစ်ကျင့်ကွင်း။

စိန်ပန်းတွေ နူးညံ့စွာ ကြွေနေသည်။ တမာရန့်သည် လေပြည်ရင်ခွင်မှာ ပါးအပ်နေ၏။ ကျွန်တော်. . . ရင်တွေခုန်နေပါသည်။

"ဘယ်အထိသွားမှာလဲ၊ ရှင် ဘာမေးချင်တာလဲ၊ ကျွန်မ ရင်တွေခုန်နေပြီ"ဟူသော အဓိပ္ပာယ်ရသော မျက်စောင်းတွေ လေထဲမှာ



ဝဲနေပါသည်။

"အချစ်ဆိုတာ ထူးဆန်းတယ်နော်"

"ရှင်"

"ဪ. . . Sorry ကျွန်တော် စကားပြော လောသွားတယ်၊ လောကကြီးဟာ သိပ်ထူးဆန်းတယ်လို့ ပြောချင်တာပါ"

သူမ ခေါင်းငြိမ့်နေသည်။

"ငှက်တစ်ကောင်အတွက် အရေးကြီးဆုံးဟာ တောအုပ်တွေ တောင်တန်းတွေမဟုတ်ဘူး၊ ပျံသန်းခြင်းပဲ"

"အဲ. . . အင်း. . ."

"အနမ်း. . . ဟို ရေတမာပင်ခြေရင်းမှာ ဖိနပ်ကလေးတစ်ဖက် တွေ့လား"

သူမသည် ကျွန်တော့် ရေတမာပင်ခြေရင်းကိုကြည့်ပြီး ငြိမ်သက်သွား၏။ သက်ပြင်းချရုံလေးနဲ့ လေထုညစ်ညမ်းမှု မဖြစ်နိုင်ပါဘူး မိန်းကလေး။ သူမ၏ တိုးတိတ်ညင်သာသော အသက်ရှူသံကလေး အေးမြနေသည်။

ကြည့်စမ်း. . .။ ဝေဒနာကင်းစင်စွာ ကျရှုံးနေသော ဖိနပ်ကလေးတစ်ဖက်။ ထိုဖိနပ်ကလေးနှင့် ဆက်နွယ်နေသော ရာဇဝင်သည် ကျွန်တော့်ရင်ထဲမှာ ရှိသည်။ ကျွန်တော့်ဒိုင်ယာရီထဲမှာ အဖြစ်အပျက်တွေ စွန်းထင်းနေသည်။

"ကျွန်မ နားမလည်ဘူး၊ ရှင် ဘာပြောချင်တာလဲ၊ ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



ဘာမေးချင်တာလဲ"

"ဒီလိုပါ အနမ်း၊ ဖိနပ်ဘယ်နှစ်ခါ ပြုတ်ဖူးသလဲလို့"

"ရှင်ကလည်း နောက်စရာမရှိ သစ်ပင်ခြေရင်းတွေကြည့်ပြီး နောက်နေပြီ၊ ကျွန်မ ဘယ်မှတ်မိတော့မှာလဲ၊ ဖိနပ်တွေ အများကြီး ပြုတ်ခဲ့တာပေါ့၊ ဖိနပ်အခိုးခံရတဲ့ အခါတွေလည်း မရေနိုင်တော့ဘူး"

"အဲ. . . ဟို. . ."

ကျွန်တော့်ရဲ့ သည်းကြီးပြုတ် ဖိနပ်ကလေးရဲ့ အဆက်ဖြစ်တဲ့ အပြာနုရောင် ဖိနပ်သင်းကွဲလေးကတော့ ဘာဆိုဘာမှ သိရှာမည်မဟုတ်။ ဒဏ္ဍာရီမဆန်အောင်တော့ ကျွန်တော် ခေါင်းကုတ်နေရှာပြီ။ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောဖို့ ဒီလောက်ခက်ခဲလိမ့်မည်ဟု မထင်ခဲ့။ ကျွန်တော့်ကို ခပ်ကြောင်ကြောင် လူတစ်ယောက်ဟု သဘောထားလိုက ထားနိုင်ပါသည်။ ဟုတ်ကဲ့။ ကျွန်တော်က ပန်းသီးလေးကို ဖိနပ်တက်နင်းမိခဲ့သောနေ့က စတင်မော်ဝင်ခဲ့သော ရင်ခုန်သံဥယျာဉ်ကြီးကို ပြန်လည်တူးဖော်ရင်း ချစ်ခြင်းကို ဖွင့်ဆိုချင်ပါသည်။

စိန်ပန်းနီနီတွေ မကြွေနဲ့ဦးကွယ်။ အချစ်က ခရစ်တော် မပေါ်မီကအတိုင်း ရိုးရှင်းစွာ စီးဆင်းနေ၏။ သည်ခေတ်က ရည်းစားစာပေးလို့ မဖြစ်တော့။ ရည်းစားစကား လိုက်ပြောဖို့ ဆိုတာကလည်း ကျောင်းသွားကျောင်းပြန် မြေနီလမ်းကလေးမှာ မလွယ်ကူ။ ပြီးတော့ သူမအနားမှာ ပြဲသနာဖန်တီးရှင်တွေက ဝိုင်းကြီးပတ်ပတ်. . . ဒီ-



ရေ-မီ-ဖာ. . .။

"ဒီ GTI တက်မှပြောတာ၊ ဖိနပ်ကို မတော်တဆ တက်နင်းမိလို့ ပြုတ်ခဲ့တာကိုမေးတာပါ"

မှန်သုံးလေတွေကို ကဗျာအရေခွံခြုံပြီး ရွှေလျား ဝေ့ဝဲနေလို့ မဖြစ်။ တချို့မိန်းကလေးတွေက စိတ်ကြီးအလျားမရှည်ကြ။ (စာတွေ့)။ အို. . . ရှုပ်ရှင်ရိုက်နေတာမှ မဟုတ်ဘဲ။

"ရှင် တက်နင်းမိလို့ တစ်ခါပဲ ပြုတ်ဖူးတာပါ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော်. . . အဲ. . . မလိမ်ချင်တော့ပါဘူး၊ ခင်ဗျားရဲ့ ဖိနပ်ကလေးကို တက်နင်းမိတဲ့နေ့ကစပြီး ကျွန်တော် ခင်ဗျားကို ချစ်မိခဲ့တယ်၊ မင်းကို သိပ်ချစ်တယ်"

"ဟင်. . ."

သူမမျက်နှာမှာ အပြုံးဝတ်မှုန်တွေ လွင့်စင်ကုန်ပြီ။ ကျွန်တော် လူလည်ကျပြီး ရည်းစားစကား အပြောခံလိုက်ရပြီဆိုတာ သိသွားသဖြင့် သူမ စိတ်ဆိုးသွားပုံရ၏။ နှင်းဆီကလေး ညှိုးသွားသလိုမျိုး။ စိန်ပန်းတွေက လန်းဆတ်နေသည်။ လေအဝှေ့မှာ ပန်းငွေ့ရင့်ရင့်တွေ ကြွေရလိုက်တာ။ ရာသီဥတုကတော့ ရင်ခုန်တတ်သူတွေအကြိုက်။ ဆိုက်ဆိုက်မြိုက်မြိုက် သာယာနေပါသည်။

"စိတ်ဆိုးသွားပြီလား. . .၊ ကျွန်တော် မအောင့်နိုင်တော့လို့ ဖွင့်ပြောမိတာပါ၊ ကျွန်တော့်အချစ်ကို နားလည်ပေးပါနော်"

"------"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ယစ်မူးနေသော သူမ၏ အပြုံးလေးတွေ မျက်ဝန်းနီနီပြတိုက်ထဲ လှစ်ခနဲ ပြေးဇာင်သွားလေ၏။

"ရှင် . . . စဉ်းစားပါဦး"

သူမ လှည့်ထွက်သွားသည်။ အလွမ်းတွေ အိမ်စာမပေးလိုက်ပါနဲ့ ကျေးဇူးရှင်ရယ်။

"အနမ်း . . . အနမ်း"

ကြိုးညှိရအခက်ဆုံး ဂီတဟာ အိပ်မက်ပဲ။

ထိုနေ့က ကျွန်တော် ကင်တင်းပြန်ရောက်သောအခါ သူမတို့အဖွဲ့ မရှိတော့။ နှာပြည်စုတ်နဲ့ စာကလေးတို့ ခေါင်းချင်းဆိုင်နေကြသည်။ အတွေးချင်း ပြိုင်နေကြသည်။

အချစ်စစ်ဆင်ရေး။ အချစ်လရောင်ခေါင်းပါးမှု။ ရင်ခုန်သံမိုးနည်းရပ်ဝန်း။

ခုအချိန်အထိ စာကလေးကျော်လွင်သည် ကော်ရစ်တာအကွေ့မှာ မိန်းကလေးတစ်ယောက်ကို ဝင်တိုက်ဖို့ ကြိုးစားနေဆဲ။ ကော်ရစ်တာကွေ့မှာ ချစ်ခြင်းကို ကောက်တွေ့လိမ့်မည်ဟု အိပ်မက်အခန်းဆက်နေဆဲ။ ပြီးခဲ့တဲ့ သောကြာနေ့က စာကလေး၏ အိပ်မက်ထိပ်တိုက်ဆုံစည်းမှု ဖြစ်ပွားခဲ့ပါသေးသည်။ သို့သော် ကျော်လွင်ဝင်တိုက်မိသော ကဗျာမှာ ကျောင်းသူတစ်ယောက် မဟုတ်ခဲ့။ (M.P) မေဂျာဌာနမှူး ဦးသစ်လှိုင်း ဖြစ်ခဲ့သည်လေ။



"ဟဲ့ . . . သူ့ထက်ကဲ . . ရွှေပြည်စိုး အခြေအနေ . . . ၊ အိပ်မက်တင်သဘော်တွေတော့ အဆောင်ပြန်ကုန်ပြီ"

"ငါ အနမ်းကို ရည်းစားစကား ပြောလိုက်တယ်"

"ဟေ . . ."

ဝင်းမြင့်ဌေး၏အသံက သွားကြားညှပ်ရာမှ လွတ်ထွက်လာသော အသားတစ်မျှင်လို အရသာကင်းစင်နေ၏။

"ငါ အချစ်ဆိုတာကြီးကို ခံစားနေရပြီကွာ၊ ငရုတ်သီးစပ်သလို၊ ရေဆာသလို ရင်ထဲမှာ လိုအပ်ချက်တွင်းနက်ကြီး ဖြစ်နေတယ်ကွာ"

"မင်းဟာက ငုတ်တုတ်မေ့ပဲ၊ ဖွင့်ပြောမယ်ဆိုရင်လည်း တိုင်တိုင်ပင်ပင် လုပ်ဦးမှပေါ့ကွ၊ ခုတော့ မေးစရာရှိတယ် . . . လိုက်ခဲ့ဆိုပြီး ရည်းစားစကား ပြောလွှတ်လိုက်တာပဲကွ၊ ဘယ်ကောင်းမလဲ၊ ငါတို့မျက်နှာလည်း ထောက်ဦး"

စာကလေးပြောပုံက ပင်လယ်ပြင်ကို ဆားခတ်နေသည်နှင့်တူ၏။

"မင်းကိုစိတ်ဆိုးသွားတယ်ထင်တယ်"

"လာကွာ . . . တရုတ်ကလေးဆိုင်သွားစို့"

ထိုညက ကျွန်တော် အိမ်မပြန်ဖြစ်ခဲ့။ အဘိုးရဲ့ စိတ်ပျံ့ခြင်းဆေးတံထဲမှာ ရင်ခုန်သံအိပ်မက်တွေ ထည့်ဖွာခံရသော (ရုပ်ရှင်မဆန်သော) ည။

❀

www.burmeseclassic.com

www.burmeseclassic.com



"ရှင် စဉ်းစားပါဦး"တဲ့။

"ဒါဆိုရင်တော့ နန်းယုမေတို့အမေဟာ ရုပ်ရှင်ထဲကလို နှလုံးမရောဂါရှိတယ်ထင်ဟယ်"

"အဲဒီရောဂါကြီးက ရှိနေပါပြီ၊ အချစ်ဇာတ်လမ်းထဲ မတိုးတော့ပါဘူး"

"ဒါဆို သွေးတိုးရောဂါ၊ အသည်းကင်ဆာ၊ အော့စ်ရောဂါ"

"တော်ကြကွာ၊ မင်းတို့နှုတ်သီးတွေ စင်းကောလုပ်ခိုင်းလိုက်မယ်"

လရောင်၏အတောင်ပံသည် ညနံရံမှာ တဖျတ်ဖျတ်။ လေပြည်လေညှင်းက အမှောင်တေးမှာ ဆွေးမြည့်နေရှာသည်။

"အနမ်းတို့အဆောင်ကို သီချင်းသွားဆိုကြရအောင်"

"ရှင်. . . စဉ်းစားစမ်းပါဦး"

*လွမ်းလို့ ထီးဖွင့်ဆောင်းစရာမရှိတဲ့*
*မိုးတိမ်တွေလို*
*ခေါင်းငုံ့ထားရတယ်*
*စက္ကူရွက်လှေလေးက*
*ရေနက်ပိုင်းကို ပိုမက်မောတယ်*
*နားလည်မှု နှစ်ထပ်ကြားက*



*ပဝါပါးပါးကလေး မိုးမိခဲ့ပြီလား*
*ညို့မှိုင်းပြီးသွားတဲ့သီချင်းနဲ့*
*စိတ်ကို တင်းထားရတယ်။ ။*

(ကျွန်း, July-2002-Image)

"ကျွန်တော်သိပ်ချစ်တယ် အနမ်းရယ်"

"စိတ်ကို ထိန်းမှပေါ့ရှင်. . .၊ သိပ်စိတ်လိုက်မာန်ပါကြီး မချစ်ပါနဲ့၊ အချစ်မှာ (Flexible) အလိုက်သင့် ပြောင်းလဲနိုင်တဲ့ နူးညံ့မှုမျိုး ရှိရတယ်"

"ကျွန်တော့်အချစ်ကို မယုံကြည်နိုင်သေးဘူးလား"

"စဉ်းစားပါဦးရှင်၊ လူတွေဟာ လကမ္ဘာကို ဂြိုဟ်တုနဲ့ သွားနေကြပေမယ့် အချစ်စိတ်နဲ့ တိတ်တဆိတ်လွမ်းရတာကို ပိုသဘောကျတာပဲ"

"အနမ်း အချစ်ဆိုတာ စဉ်းစားနေစရာ မလိုပါဘူးကွာ၊ ရင်ထဲမှာ သူ့အလိုအလျောက် ဖြစ်လာတာပဲ၊ ပန်းတစ်ပွင့် ပွင့်သလိုမျိုးလေ၊ အဲဒီပန်းကလေးကို ပန်မယ်၊ မပန်ဘူးဆိုတာ အနမ်း စဉ်းစားရမှာပါ"

"ကျွန်မ ရည်းစားမထားချင်ဘူး၊ အမေ ဆူလိမ့်မယ်ရှင့်"

"မျှော်လင့်ချက်နဲ့ အသက်ရှူရတာမောတယ် အနမ်းရယ်"

"ဗေဒင်မေးပြီး ယတြာချေလိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



“အနမ်း ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလား”

“သူငယ်ချင်းလိုပဲ”

“ဝတ္ထုခေါင်းစဉ်ကြီး မပြောပါနဲ့၊ ရင်ထဲကပြောပါ”

“ကျွန်မ ပါးစပ်နဲ့ပဲ စကားပြောတတ်တယ်၊ ရင်ဘတ်နဲ့ စကားပြောတတ်ချင်လိုက်တာရှင်”

“အနမ်း”

“ဘာလဲ”

“ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်”

“ပြောပြော. . . ပြီးရင် ရေခဲရေတစ်ခွက် ဝယ်တိုက်မယ်”

“ကျွန်တော် အဆောင်မှာ လာနေတော့မယ်”

“ဒါဆို ရှင့်အဘိုးတစ်ယောက်တည်း ပျင်းနေမှာပေါ့”

“အဘိုးမှာ ရည်းစားရှိတယ်၊ သူ့ရည်းစားနဲ့ နှစ်ယောက်တည်းနေရတာ ပျော်မှာပဲ၊ ကျွန်တော်လည်း ရည်းစားရှိချင်ပြီ အနမ်းရယ်”

“ဟွန်း. . . ဒီဘူတာပဲ ဆိုက်လာတယ်၊ ရှင့်အဘိုးက မကြီးမငယ်နဲ့ ဘယ်ကရည်းစားရှိရတာလဲ”

“အဘိုးက သူ့ဆေးတံကြီးကို ငယ်ရည်းစားဆိုပြီး ပျင်းတိုင်းဖွာနေတာကို ပြောတာ”

❀ ❀ ❀

“အချစ်၏ဒုက္ခကို တစ်ကြိမ်မှ မခံစားရဖူးသော သူသည် သူ့ရွှေး၏ဘဝလောက်မှ အရသာရှိလိမ့်မည်မဟုတ် လို့ပြောတဲ့ အင်းနားနဲ့ လက်ဆွဲနှုတ်ဆက်နေတာ ငါပဲ”

မင်းထက်ညိမ်း

(နီရင့်ရင့်သို့ပေးစာ. . . မှ)

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

မျှော်လင့်ခြင်းဆိုတာ ပန်းပွင့်ရဲတိုက်တစ်ခုပါပဲ။ ကျွန်တော် မျှော်နေရသည်ကို ဝတ်မှုန်မီတာနဲ့ တိုင်းတာပြရပေမည်လား။

သူမတို့အဖွဲ့ ခြံကိုလာနေကြပြီ ဖြစ်ပါသည်။ ဒါဟာ သူငယ်ချင်းတွေကောင်းမှုလို့ ဆိုရမှာပဲ။ ကျွန်တော် အနမ်း (မနန်းယုမေ)ဆီက အဖြေပေါင်းနေသည်မှာလည်း ဟာလီကြယ်တံခွန်ကို လှမ်းဖုန်းဆက်နေရသည်နှင့် တူနေပါသည်။ အနမ်းသည် တကယ့်သွေးအေးအေး ပန်းသီးတစ်လုံးပဲ။ ငါ့ရင်ခွင်ကို ချစ်ခြင်းဗီတာမင်တွေကျွေးဖို့ လိုနေပြီကွယ်။



နေရောင်ခြည်ကြိုးမှာ အလွမ်းပန်းတွေ သီကုံးလို့ရခဲ့ပါလျှင် ကျွန်တော့်မှာ အလွမ်းပန်းကုံးတစ်ကုံး ရှိနေလောက်ပါပြီ။ ကျွန်တော် ကားဂိတ်မှာ မြင်းလှည်းထိုးပြီး စောင့်မျှော်နေခဲ့သည်လေ။ အဲဒီ့ပေါက်တဲ့မျှော်စင်ရဲ့ ဝှက်ထားတဲ့မြို့ရိုးပေါ်မှာ ငှက်ကလေးတစ်ကောင် အဖော်ဆာလောင်နေသလိုမျိုး။

ထိုစဉ် ပဉ္စမအကြိမ် ဗန္ဓုလကြီး (နံပါတ်-၅ ကား) ရောက်လာပါသည်။ ကားပေါ်က မျှော်လင့်ခြင်းတွေဆူညံစွာ ဆင်းသက်လာ၏။ ကျွန်တော့်ရင်တွေ ခုန်နေသည်မှာ မည်သည့်သီချင်းနဲ့မျှ ဟာမိုနီဖြစ်ဖို့ မလွယ်နိုင်ပေ။

"ဟိုး. . . မြင်းလှည်းဆရာကီး၊ ကယ်လီဖိုးနီးယားသွားချင်လို့ ဘယ်လောက်ပေးရမလဲ"

ကျွန်တော် အဆိုတော် အီးဂဲလ်ရဲ့ ဟိုတယ်ကယ်လီဖိုးနီးယား သီချင်းကို လေချွန်ချင်စိတ် ပေါက်သွားပါသည်။ သို့သော် ကျွန်တော့်မှာ ပါးစပ်မအားလပ်သေး။

"တက်ကြဟာ. . . စကားများမနေနဲ့၊ ကောက်ညှင်းပေါင်းတွေ အေးကုန်တော့မယ်"

ဒီနေ့ အနမ်း အရမ်းလှနေပါသည်ဟုသာ ကျွန်တော် ပြောချင်ပါသည်။ ဇာဇာလင်း၊ ခိုင်ရွှေဝါနှင့် ဇင်မာညိုမိတို့လည်း လှပါသည်။ ကျွန်တော် ဆိုလိုသည်မှာ ကျွန်တော့်ရင်ဘတ်ပေါ်တွင် အနမ်းရဲ့အလှက ဂယနဂဏ ကြည်လင်ကြည်ရွှင် နေပါသည်ဟု. . .။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မြင်းလှည်းပေါ်တွင် မိန်းမလှလေးယောက်နှင့် သူ့ကိုယ်သူ ဘော်ဒီဂတ်စတိုင်ဖမ်းလာသော စာကလေးတို့သည် လက်ပံပင်ပျက် ဆက်ရက်တွေလို ဆူဝေစွာ လိုက်ပါလာကြ၏။ နှာပြည်စုတ်က မနေ့ညနေကတည်းက ကျွန်တော့်ဆီ သူမတို့အဖွဲ့လာကြမည့် သတင်းချိုချိုကို ပြေးလာပို့ခဲ့သူ. . .။ ညကတော့ ဘီယာတိုက်လိုက်ရ၏။ ကျွန်တော် ပျော်နေပါသည်။ အနမ်း၏ အနီရောင် နှုတ်ခမ်းပါးကလေးမှာ ချိုလွင်သော စကားလေးတွေ စိမ့်ထွက်လာသည်။

"ရွှေပြည်စိုး၊ မြင်းလှည်းဘီးပေါက်မယ်နော်၊ ဖြည်းဖြည်းမောင်း"

"စိတ်ချပါ. . . မြင်းလှည်းက ဘီးမပေါက်တတ်ပါဘူး၊ မြင်းကသာ အီးပေါက်တတ်တာ"

"ဟဲ့. . . ရွှေပြည်စိုး. . . နင့်မြင်းကလေး ဖိနပ်ပြုတ်ဦးမယ်"

"ဒါဆို မြင်းဖိနပ်ကို တမင်လိုက်နင်းတဲ့သူတွေလည်း ရှိမှာပေါ့နော်"

အားလုံးပျော်ရွှင်နေသည်။ ကျွန်တော်တို့ခြံရောက်ဖို့ မိနစ်(၂၀)သာ မောင်းရပေမယ့် ကျွန်တော် နောက်လှည့်ကြည့်မိသည်မှာ အခါ (၂၀) မကတော့ပေ။ ငါ့မျက်လုံးတွေရေ. . . သိပ်တရားလွန်နေပြီကွာ။ ချစ်သောသူသည် သံလိုက်အိမ်မြှောင် ဆောင်ထားရန်မလို။ ချစ်သူရှိသောနေရာသည် မျက်နှာမူရာအရပ်သာ ဖြစ်၏။

ခြံစည်းရိုးမှာ ပုဏ္ဏာရိတ်ပင်တွေ အကွက်စိပ် စိမ်းစင်နေလေ



သည်။ ခြံတံခါးတွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကို မြင်သောအခါ သူသည် ညို့ညို့မှိုင်းမှိုင်းပြုံးမိမှာ သေချာသည်။ ကျွန်တော့်ရင်ထဲမှာ မြင်ကွင်းတွေ ပျံ့ဝဲနေသည်။ ကျွန်တော့်ပန်းသီးကလေးရဲ့ အပြုံးသုံးစွဲမှု၊ မျက်ဝန်းရာသီဥတုနဲ့ ခံစားမှုအထားအသို ဟာမိုနီ. . .။ ငါ့မြင်ကွင်းတွေကို မာယာနဲ့ အနားမကျဉ်းလိုက်ပါနဲ့ ချစ်သူ. . .

မိန်းကလေးတို့သည် စပ်စပ်စုစုနိုင်သော မိန်းမလှဂုဏ်ရည်ကို မှန်ရွှေရည်သွေးကာ မြို့ကလေးကို ထူးဆန်းသလို ငေးကြည့်တတ်ကြသည်။ ခြံအဝင်မှ နေကာမျက်မှန်တပ်ထားသော ကြောင်ရွှေဝါက ခြံဝရှိ ဆိုင်းဘုတ်ကို အရင်ဆုံးမြင်ခဲ့လေသည်။

"ရွှေပြည်စိုး. . . နင်တို့ခြံထွက်ပစ္စည်းကလည်းဟာ. . ."

"ဘာဖြစ်လို့လဲ ကြောင်ရွှေဝါရဲ့"

"ဟင်းဟင်း. . . ကိုယ့်ဆိုင်းဘုတ်ကို ကြည့်ဦးလေ၊ ခွီးခွီး. . အဟိ. . . . ငါတော့ ခြံထဲအထိ လိုက်ရမှာတောင် ခပ်လန့်လန့်ကြီး. . ."

"ဟာ. . . ခွေးကောင်နှာပြည်စုတ် လက်ကမြင်းထားတာနေမှာ"

ကျွန်တော့်ဆိုင်းဘုတ်က အပိုဖြည့်စွက်ချက်ကို စိတ်ကူးနဲ့လှမ်းဖျက်နေမိသေး။ ခွေးကောင် နှာပြည်စုတ်က ဒါ တာရုတ်အင်္ကျင်တပ်ထားသလို လက်သွက်လွန်းလှသည်။ ကြည့်လေ. . ကြည့်၊ ခြံဝရှိ ဆိုင်းဘုတ်ကလေးမှာ "ကြက်ဥရပြီ" စာတန်းကလေးကို ဝ-ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ထားသဖြင့် "ကြွက်ဥရပြီ" ဖြစ်နေရှာသည်။

"နှာပြည်စုတ်. . . ငါ့အဘိုးသိရင်တော့ မင်းကို ဥပြခိုင်းလိမ့်မယ်"

ကျွန်တော့်စကားကို ယုံကြည်စွာ မြင်းလှည်းဖြုတ်ဖို့လာနေသော နှာပြည်စုတ် ခြေတစ်လှမ်း နောက်ဆုတ်သွားပေသည်။

"ဟာကွာ. . . မင်းအဘိုးကလည်း အသက်ကြီးမှ. . . ငါရှက်တယ်ကွ"

"ဟော့ကောင်. . . မင်းကို ကြွက်ဥ ဥပြခိုင်းမှာကို ပြောတာ"

"အပါး. . . သိဘူးလေ၊ အနော်က ဥပြရမယ်ဆိုလို့"

ခြံဝင်းထဲမှာ သစ်ပင်ရိပ်တွေဖြင့် အစိမ်းရင့်စွာ တိတ်ဆိတ်နေပါသည်။ သို့သော် ကြက်အော်သံ 'ကတော့. . . ကတော်'တွေ သံပြိုင်သီကျူးနေသည်မို့ ကျွန်တော်တို့ခြံသည် တောအုပ်ကလေးတစ်ခုလို စိမ်းစိမ်းစိုနေပါသည်။

"ကြည့်စမ်းဟော့. . . ဟိုမှာ အဘိုးကြီးတစ်ယောက် မြက်တောင်းကြီး စဉ်းနေရှာတယ်"

"မျက်တောင်ကြီး စင်းနေတာပါ စာကလေးရယ်"

"အဲဒါ ငါ့အဘိုးပဲ၊ ဦးထွန်းလင်းတဲ့"

ကျွန်တော့်အဘိုးသည် မနက်မနက် လမ်းလျှောက်ကပြန်လာလျှင် တစ်နာရီခန့် စာဖတ်လေ့ရှိသည်။ ထို့အတူ စာဖတ်ရင်း အိပ်ငိုက်နေလေ့ရှိသည်။



"လာလာ. . . ငါ့အဘိုးနဲ့ အားလုံးကို မိတ်ဆက်ပေးရမယ်"

အဘိုးသည် ပုတီးစိပ်ရင်း မင်းလူ၏ 'ယမကာလုလင်' စာအုပ်ကို ဖတ်နေရင်းက အိပ်ငိုက်နေပုံရပါ၏။

"အဘိုး. . . ဒါ သားရဲ့သူငယ်ချင်းတွေလေ၊ ဒီနေ့ အဲ. . . တိုလေ ကျွန်တော့်မွေးနေ့ပွဲကို လာကြတာ"

"ဝမ်းသာတယ်ဟော့၊ ရွှေပြည်စိုး သူငယ်ချင်းတွေဆိုတော့ အားလုံး အဘိုးမြေးတွေပဲပေါ့၊ ခြံထဲမှာ လွတ်လွတ်လပ်လပ် နေကြနော်၊ ဘာမှအားနာစရာ မလိုဘူး"

"ဟုတ်ကဲ့ပါ အဘိုး"

ကြည့်ပါ။ ကျွန်တော့်အဘိုး စစ်စစ်ဖြစ်ကြောင်း ဘာနဲ့မှ သက်သေပြနေစရာ မလိုတော့အောင် အားလုံးနဲ့ အိုကေနေလေသည်။ သို့သော်. . . ကံကြမ္မာဆိုတာက ရထားလို ဘော်ဘူး. . . ဘူးဘော်အော်ပြီး ဝင်လာတတ်သည့်အရာမဟုတ်။

"ဟော့ကောင် ရွှေပြည်စိုး၊ ငါမရှင်းလို့ မေးရဦးမယ်၊ ဒီနေ့ခင်းမွေးနေ့ဆိုတာ ငါ့မြေး ဇာတာအသစ် လုပ်ထားတာလားကွ. . . သာ. . ."

"ဟာ. . အဘိုးကလည်း ဒီနေ့ ဗုဒ္ဓဟူးနေ့၊ ယ-ရ-လ-ဝ၊ အဲ. . . ဗုဒ္ဓဟူးသား. . . ကျွန်တော့်နာမည် ရွှေပြည်စိုးလေ အဘိုးရဲ့"

"ခွေးကောင်. . . ငါလာပြီး ညာမနေနဲ့၊ မင်းကို ငါ့သမီး အရင်းခေါက်ခေါက်က မွေးခဲ့တာ၊ (၂၄) ရက်၊ ဩဂုတ်လ၊ တစ်ထောင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုးရာ ခုနစ်ဆယ့်ရှစ်ခု၊ ကြာသပတေးနေ့ကြီးမှာ မွေးခဲ့တာပါကွာ၊ ခုမှ ဇူလိုင်ရှိသေးတယ်"

ကျွန်တော့်ရင်ထဲ ထိတ်သွားသည်။ အဘိုးက ပေဒင်ဆရာနှင့် နင်လားငါလား တိကျပြနေသည်။ မဟာဘုတ်တိုင်များ ထူဦးမလားမသိ။ ကျွန်တော့်ခမျာ ငုတ်တုတ်မေ့ရော။ ကြည့်လေ. . .။ ခုဆို အနမ်းရဲ့ မျက်နှာပန်းပွင့်ကလေး ကောင်းကင်နဲ့ မလွတ်တော့။ စနေထောင့်က သက်ပြင်းချသံ ကြားရလိုက်သည်။

အံဆုံးပေါက်နေတဲ့ မျှော်စင်ရဲ့ ဌက်ထားတဲ့ မြို့ရိုးပေါ်ကို ကောင်းကင်က ကျကျနန အိကျလာရတယ်လို့။ သွားပြီ. . . သွားပြီ။ မျှော်လင့်ချက်ရထားကြီး ထွက်ခွာသွားပြီ။ အနမ်း နားလည်သွားပြီပေါ့ဗျာ။ သူမလက်ထဲက (ဘာမှန်းမသိရသော) မွေးနေ့လက်ဆောင်ပါကင်ကို လက်သည်းနဲ့ ဆွဲဆိတ်နေရှာသည်လေ။ အမှန်တကယ်တော့ ဒီနေ့ဟာ ကျွန်တော့်မွေးနေ့ မဟုတ်ပါ။ အဘိုးပြောတဲ့မွေးနေ့က. . .ဝိုင်း စ်ပါသည်။ သို့ပေမယ့် အဘိုးမှားပါသည်။ မြေးဖြစ်သူအ. . . မျက်လုံးမှိတ်ပြနေပါလျက် မွေးသက္ကရာဇ်ချစ်သူကြီး လုပ်ပြလိုက်သည်လေ။

ဒီနေ့ဟာ. . .။

အနမ်းတို့ သူငယ်ချင်းတွေ ကျွန်တော့်မွေးနေ့ပွဲကို လာကြခြင်းဖြစ်ပါသည်။ သည်အကြံကို ပေးခဲ့သူမှာ မှန်မှန်ကန်ကန် နှာပြဲစုတ်။ (သင်းကိုတော့ ဘီယာတိုက်လိုက်ရသည်။) နှာခေါင်းပွဲ



စိတ်ကူးဖောင်းပွမှုကြောင့် နားလည်မှု ဝဝလင်လင် ပေးစေချင်ပါသည်။ သခင်. . .။

"ရွှေပြည်စိုး. . . နင် မကောင်းဘူးဟာ၊ နင် ငါ့ကို ညာရက်တယ်နော်၊ တကယ်တော့. . . နင်ဟာ အချစ်ကို လိမ်ညာ ဖြားယောင်းနေသူပဲ"

အနမ်းဆီက ရှိုက်သံတွေ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာပါသည်။ ကျွန်တော့်မျှော်စင်ကလေးဟာ 'ကမ်းဝေးကျွန်း' ပေါ်မှာ အထီးကျန်နေသော ခရေတစ်ပွင့်လား။

"မဟုတ်ဘူး၊ အနမ်းရယ်. . . ငါ နင့်ကို သိပ်ချစ်လို့"

"တော်ပြီ ရွှေပြည်စိုး၊ နင် ငါ့ကိုညာတာ (၃) ခါရှိပြီ"

ကျွန်တော့်ရင်တွေ ဟာလာဟင်းလင်း ဖြစ်သွားလေသည်။ အိုဘယ့်ကံကြမ္မာ. . . ကြယ်မစုံတဲ့ ကောင်းကင်မှာရယ်။ ကျွန်တော်ဟာ ဟိုက်ဒရိုဂျင် ပူဖောင်းတစ်လုံးဖြစ်ခဲ့လျှင် ကြယ်မစုံတဲ့ကောင်းကင်မှာ ဖောင်းခနဲ ကြေကွဲသွားပေမည်။

"ငါ့မှာတော့ နင့်အတွက် မွေးနေ့လက်ဆောင် . . . ဟာ၊ နင်ဟာ အချစ်ကို လှည့်စားတတ်သူပဲ သိလား"

တကယ်တော့ ကျောင်းမှာဆိုလျှင် စိန်ပန်းတွေ ကြွေနေပေမည်။ ကျွန်တော်ဟာ ငှက်တစ်ကောင်အဖြစ် သီဂီရတောင်လိုမှ အတောင်ပံတွေ ပျောက်ဆုံးသွားရှာ၏။ ချစ်သူရယ်. . . ရှုတ်ခမ်းနီမဆိုးဘဲ ရိုးသားနေချင်တဲ့ ဆိပ်ကမ်းကလေးဟာ ငါပါ။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး မင်္ဂလာပါခင်ဗျာ၊ ဒီကနေ့သည် ကျွန်တော် ကျွန်မတို့၏ ရင်ချင်းဆက် အိပ်မက်မက်ဖော် သူငယ်ချင်း မင်္ဂလာရွှေပြည်စိုးရဲ့ အသက် (၂၀) နှစ်ပြည့် မွေးနေ့ပွဲ ဖြစ်ပါတယ်ခင်ဗျာ"

စာကလေးက ကြက်ဥတစ်လုံးကို မိုက်ခရိုဖုန်းအဖြစ် အသုံးပြု၍ ပျော်ရွှင်မှုတွေ တက်ကြွလာအောင် အသံကိုမြှင့်၍ အော်လိုက်ရာသည်။ (သူ့အရပ် ပို၍ပုသွားသည်ကတော့ ခြွင်းချက်အဖြစ် မှတ်လိုက်ကြပါခင်ဗျာ။)

"မွေးနေ့ပွဲ အတုကြီးဟေ့၊ ဖန်ပြွန်မွေးနေ့ပွဲကြီး"

"တုတု. . . စစ်စစ်ဟေ့၊ အဲ. . မင်္ဂလာရွှေပြည်စိုးရဲ့ မွေးနေ့ပွဲတို ညနေ (၄) နာရီ (၄) စက္ကန့်မှာ စတင်ကျင်းပမည် ဖြစ်ပါသဖြင့် အဟင့်. . . အဟင့်. . . ကြွရောက်လာသော ဘော်ဒါ၊ မိတ်ဆွေ၊ သူငယ်ချင်းတို့အား ကောက်ညှင်းပေါင်းနဲ့အကြော် အဆာပြေကျွေးမွေးဧည့်ခံပါမည် ခင်ဗျာ၊ ဟဲ့. . . ကောင်မလေးတွေ ခေါ်တုန်းလာစားကြနော်၊ ပြီးရင် မြို့တွင်းမြို့ပြင် ဘုရားစေတီတွေကို ပျော်ပျော်ပါးပါးမော်တော်မြင်းလှည်းစီး၍ သွားကြပါမည် ခင်ဗျာ။ ကြားကြားသမျှအားလုံး အကုသိုလ်တို့ ကောက်ညှင်းပေါင်းစားကြရန် မြကတ္တီပါမြတ်ခင်းပြင်ကို အဲ. . . အင်း. . . သွားကြမယ်ဟေ့"

"ဟေး. . . ဂ[10]"

"ရှီး"

"ဖြောင်း"



အသံဗလံတွေ ညံပွက်သွားပါသည်။ လက်သည်မပေါ်သောလေလည်သံတစ်ချက်ကိုလည်း ဆူညံသံစာရင်းထဲမှာ ထည့်သွင်းရမည် ဖြစ်ပါသည်။

*

"ဟူး. . . မောတယ်၊ ရေတစ်ခွက်လောက်ဗျို့၊ အောက်ဆီဂျင် နည်းနည်းလျှော့ထည့်ခဲ့ပါ"

ခြံထဲမှာ စာကလေး စိတ်လိုက်မာန်ပါ အော်ဟစ်နေ၍ တော်ပါသေး၏။ ကြက်မွေးမြူရေးခြံ ဖြစ်သဖြင့် ကြွက်တွေရဲ့ ကရော်. . . ကရော်တွေက ဟဲဗီးမက်တယ်လ် လျှပ်စစ်သီချင်းတွေကို စိန်ခေါ်နေလေသည်။

"အနမ်း. . . ဒီမှာကြည့်စမ်းပါဦး၊ ငါ့အချစ်ဟာ ဟောဒီဖိနပ်သည်းကြိုးကလေးလို ရိုးသားပါတယ်ဟာ"

ကျွန်တော် သူမ၏ သည်းကြိုးပြတ်ဖိနပ် (အပြာနုရောင်) တစ်ဖက်ကို အချစ်၏ သက်သေခံပစ္စည်းအဖြစ် အသုံးချလိုက်ရပါတော့သည်။ ဟင့်အင်း. . .။ အနမ်းသည် ကျွန်တော့်ကို မကြည့်ပါ။ ကျွန်တော့်ရင်ထဲကိုတော့ ခရုဒုံးကျည်တစ်စင်း ပစ်သွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ အဲဒါ ငါ့ဖိနပ်မဟုတ်ဘူး"

"ဒါဆို ဒီဖိနပ်ဟာ ကပ္ပလီမကြီး ဖိနပ်ပေါ့"

"ဟုတ်တယ်"

"အဲဒီကပ္ပလီမကြီးက ဝဲခြောက်တွေနဲ့ ဝက်ခြံဘုတွေနဲ့လေ"

"နင်နော်. . . ငါ အော်ငိုလိုက်မှာ"

သူမ စိတ်ဆိုးပုံကလေးက ချစ်စရာ ကောင်းလွန်းနေသည်။ ကျွန်တော့်စကားမှာ ဝက်ခြံအသံ ပါဝင်နေသဖြင့် နှာပြည်စုတ်တစ်ယောက် စိတ်လှုပ်ရှားသွားဟန် တူပါသည်။

ပေါက်ပေါက်။ ။ "ရွှေပြည်စိုး. . . ဖိနပ်ကလေးမြင်မှ သတိရတယ်၊ အဲဒီနေ့တုန်းက အနမ်းလေ ဖိနပ်မပါဘဲ လမ်းမလျှောက်ရဲဘူးဟဲ့၊ သိလား"

နှာပြည်စုတ်။ ။ "ဘာလဲ. . . အဆောင်ထိ နင် အနမ်းကို ကျောပိုးပြီး ပြန်ရတာမဟုတ်လား"

ပေါက်ပေါက်။ ။ "မဟုတ်ပါဘူးဟယ်. . . ငါ့ဖိနပ်ချွတ်ပြီး စီးခိုင်းရတာပေါ့ဟဲ့"

နှာပြည်စုတ်။ ။ "ဟွန်း. . . နင်ကရော. . . မရှက်ဘူးလား"

ပေါက်ပေါက်။ ။ "ဟင့်အင်း. . . ၊ ဆိုင်မှာ လပေးနဲ့စားတာ၊ ရှက်ရမှာပျင်းလို့. . . အဟိ"

ခင်ရာမင်ရာတွေ စုစည်းမိကြသဖြင့် ကောက်ညှင်းပေါင်းနှင့် အကြော် စားလို့အလွန်ကောင်းပါသည်။ အနမ်းကတော့ မွေးနေ့



လိမ်ညာမှုအပေါ် စိတ်ဆိုးပြေဟန် မတူသေးပါ။ မှန်ပါသည်။ မွေးနေ့အတွက်စွကို ကြက်ဟင်းခါးသီးအနွယ်ဝင်သော သူမတို့တတွေ သိပ်အစားကြေပုံ မပေါ်ပါ။ (*အစာကြေလျက်စား အနည်းငယ်စီ ကျွေးဦးမှဖြစ်မည်။*) ဒါပေမယ့် စာကလေး အပြောကောင်းမှုကြောင့် မွေးနေ့အတွက် မုသာဝါဒနှင့်ထုဆစ်ရန် အားလုံးအဆင်သင့်။ အားလုံးလိုအပ်နေကြတာ ပျော်ရွှင်မှုကွင်းကျယ်တွေပဲ မဟုတ်လား။

"ရွှေပြည်စိုး. . . နဂါးနီသီချင်း ကြားရတဲ့အချိန်တိုင်းမှာ နင့်အဘိုးတော့ မျောက်မီးခဲကိုင်မိသလို ဖြစ်နေရှာမှာပဲနော်"

"ဘာဖြစ်လို့လဲ. . . ကြောင်ရွှေဝါရယ်"

"ဟဲ့. . . နင်မသိဘူးလား။ ဘာသာရောင်၊ သာသနာရောင်၊ ထွန်းလင်းပြောင်သည်တဲ့လေဟာ. . ."

"ဟုတ်တယ်နော်. . . ဟိဟိ. . . ဟီးဟီး"

သေလိုက်ပါတော့။ ကျွန်တော် တစ်ခါမှ မတွေးမိခဲ့။ အဘိုးကို မေးကြည့်ရဦးမည်။ ဒါပေမယ့် ကျွန်တော့်အဘိုး ဦးထွန်းလင်းနဖူးပြောင်သည်ကိုတော့ တစ်မြို့လုံးအသိပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တစ်မြို့လုံးရှိ ဘုရားစေတီတွေ သွားဖူးခဲ့ပြီးပြီ။ မြို့ကလေးမှာ တခြားသွားစရာ တောင်တန်းမရှိ၊ ရေတံခွန်မရှိ၊ ဆိပ်ကမ်းမရှိ၊ အိပ်မက်ဥယျာဉ်မရှိ။ ထို့အတူ ရိုလာကိုစတာ၊ ပလာဇာ၊ မီနီမတ်ကက်နှင့် ဟိုတယ်တွေမရှိပါ။ ခြေသလုံးဖွေးဖွေး. . . ကောင်မလေးတချို့တော့ ရှိပါသည်။

ဂျင်းပင်ဝတ် မိုးကောင်းကင် ရှိသည်။ ဘုရားသခင်ရဲ့ ကြွေအန်ဖန်တီးမှုအနုပညာ ရှိသည်။ စီးကရက်နံ့တွေ ရှိသည်။ လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု ရှိသည်။ စည်ဘီယာဆိုင် ရှိသည်။ ကာရာအိုကေ၊ CD-OK တေးသီချင်းတွေ ရှိသည်။ AIDS ရောဂါရှိသည်။ ထို့အတူ. . .

ချစ်ခြင်းကို ပန်းတစ်ပွင့်ပွင့်ဖို့ လေ့ကျင့်နေသော အိပ်မက်ရင့်ရင့် ကျောင်းသားတစ်ယောက် ရှိသည်။

ကျွန်တော် လိမ်ညာရန် မလိုအပ်တော့ဟု ထင်ပါသည်။ ကျွန်တော်လိုအပ်သည်မှာ အနမ်း၏ 'အချစ်'သာ ဖြစ်ပါသည်။ အချစ်သီချင်းလေး (ကိုယ်ပိုင်သံစဉ်) သီဆိုခွင့်ပေးပါကွယ်။

ကျွန်တော်တို့ ခြံကိုပြန်ရောက်ကြချိန်မှာ ညနေ (၃) နာရီခွဲ။ ညနေ (၄) နာရီမှာ မွေးနေ့ပွဲအတုကို ဟန်ဆောင်ပန်ဆောင် ကျင်းပမည်ဖြစ်ပါ၏။

"အနမ်း"

"ဘာလဲ ဘာတွေညာဦးမလို့လဲ"

"ကျွန်တော့်အချစ်ကို လုံးဝ မယုံကြည်သေးဘူးပေါ့"



"တော်ပါတော့ရှင်၊ လျှာရိုးမရှိတိုင်း လျှောက်ပြောမနေပါနဲ့၊ ကျွန်တော်ဟာ တစ်နေ့ (၂၀၀) ပဲ သုံးခွင့်ရှိသူပါ၊ ကျွန်တော်ဟာ ညဘက်မြင်းလှည်းမောင်းပြီး ကျောင်းတက်ရသူပါဆို. . . ၊ အဲဒီလို မရိုးသားမှုတွေကိုတော့ ကျွန်မ ဘယ်တော့မှ ရင်ခုန်မှာမဟုတ်ဘူး သိလား"

ကြည့်စမ်းကွယ်. . . ။ ခက်လိုက်တာ. . . ။ သူငယ်ချင်းတွေအားလုံးဟာ မွေးနေ့ပွဲအတုအား ပျော်ပွဲရွှင်ပွဲအဖြစ် ပြောင်းလဲပစ်ဖို့ ရည်ရွယ်နေကြပါသည်။ အနမ်းကတော့ လက်လှမ်းမြှ၍မရသော ဆိပ်ကမ်းအပြေးကလေး။ ပင်လယ်မှာ မီးပွိုင့်တွေ ရှိစေချင်ပါသည်။

"ကျွန်တော် မလိမ်ခဲ့ပါဘူး အနမ်းရယ်၊ အဲဒီတုန်းက ကျွန်တော် တစ်နေ့ကို (၂၀၀) ပဲ သုံးခွင့်ရှိတယ်ဆိုတာ ကျွန်တော့်ကြက်ခြံကို တိုးချဲ့ဖို့အိပ်မက်နဲ့ ချွေတာရေးအမိန့်ဒဏ် ဝင်နေတဲ့အချိန်ပါ"

ကျွန်တော့်ရင်ခွင်မှ ကောင်းကင်သည် ရိုးသားစွာ ပျံသန်းနေပါသည်။ လေညင်းတွေကို ဘယ်သူ သော့ခတ်ထားပါသလဲ။ မျှော်လင့်ခြင်းရင်ဘတ်တွေ မွန်းကျပ်နေပြီ။

ထိုစဉ်မှာ အဘိုးဦးထွန်းလင်း ရောက်လာပါသည်။ သူ့လက်ထဲမှာ မွေးနေ့ကိတ်ကြီးတစ်လုံး။ ကျွန်တော့်မွေးနေ့သည် အစစ်မဟုတ်သော်လည်း သူငယ်ချင်းတွေကိုတော့ ပျော်ရွှင်မှုအစစ် ပေးနိုင်လိမ့်မည် ထင်ပါသည်။

"ခွေးကောင် ရွှေပြည်စိုး၊ မင်း အဖေနဲ့အမေက မွေးနေ့ကိတ်

www.burmeseclassic.com

www.burmeseclassic.com



ပို့ခိုင်းလိုက်တယ်ကွ၊ ကိုယ့်သားမွေးနေ့ကို မေ့ချင်ဟန်ဆောင်နေရတဲ့ မိဘမေတ္တာဟာ သိပ်ကြီးမားတယ်နော်၊ ငါတော့ ရယ်ချင်တယ်ကွ၊ ခွိး. . . ခွိး. . . ခွိး. . ."

အဘိုးက ဆေးတံကို မီးမပါဘဲ ဖွာနေသေးသည်။ အနမ်း မျက်ဝန်းထဲမှာ နားမလည်မှုတွေ သိပ်သည်းနေသော်လည်း သည် ကောင်မလေးကို ပျော်ရွှင်မှုတွေ အများကြီး ပေးလိုက်လျှင်တော့ ကျွန်တော့်ကို နားလည်မှု ပြန်ပေးလိမ့်မည် ထင်ပါ၏။

⊛

ကျွန်တော် မြင်းလှည်းဖြုတ်ပြီး မြင်းကို အစာကျွေးရသေး ၏။ ဆည်းဆာသည် မွေးနေ့ပွဲစီစဉ်သူ နှာပြည်စုတ်ရဲ့နာရီကိုကြည့်၍ ရွှေ့လျားလာပုံရပါသည်။

"ရွှေပြည်စိုး (၄) နာရီ ထိုးတော့မယ် လာတော့ကွ"

"မွေးနေ့ရှင်ကြီး ကြွပါဗျို့"

ကျွန်တော့်ခြေလှမ်းတွေ မမှားပါ။ ကျွန်တော့်ရှေ့မှာ လမ်း လျှောက်နေသော ပျော်ရွှင်မှု၏ ဖိနပ်တစ်ဖက်ကို တက်နင်းရန်လည်း မတော်ဆဆတွေသည် ကျွန်တော့်မွေးနေ့ပွဲကို ရောက်မလာခဲ့။ ရင်ခုန်



သံတွေကတော့ ကျွန်တော့်ကို လေစုန်ပုံပြင်အဖြစ် အသက်သွင်းနေ လေပြီ။

"အဟမ်း. . . အဟမ်း၊ မင်္ဂလာပါ ရွှေပွဲလာ၊ ဒီနေ့ဆည်းဆာ ဟာ မွေးနေ့ပွဲအစစ် မဟုတ်ပေမယ့် သူငယ်ချင်းတွေ စုံကြပါသည်၊ သည့်အတွက် မွေးနေ့ပွဲလိမ်ညာမှုအပေါ် စိတ်မပျက်ဘဲ အားလုံးရင် ထဲမှာ ကြယ်စုံတဲ့ ညတစ်ညအဖြစ် ခံစားနေပေးစေချင်ပါသည်"

"ဟေး. . ."

ကျွန်တော့်မျက်ဝန်းတွေ (၃၆၀) ဒီဂရီ အပြင်ဘက် လည် ထွက်ကုန်၏။ ညနေသည် ကျွန်တော့်ရင်ကို ရှိုက်ဖွာနေလေပြီ။ အနမ်း . . . ။ ကြည့်စမ်းကွယ်။ မြက်ခင်းပြင်မှာ အနမ်းမရှိဘူး။ အနမ်း. . . ဘယ်မှာလဲ။ ဘယ်လိုဖြစ်ရတာလဲ။

"အနမ်း"

"---"

"အနမ်း"

ခေါ်သံတွေသည် ကျွန်တော့်ရင်မှာ မိုးကြိုးတွေပစ်သလို ဝုန်းဒိုင်းကြဲသွားသည်။

"ဟယ်. . . အနမ်း မရှိတော့ဘူး၊ အနမ်း အဆောင်ပြန်သွား တာနေမှာ၊ သေချာတယ် ရွှေပြည်စိုး. . . နင်က အနမ်းကို လိမ်ပေါင်း များနေပြီလေ"

"အနမ်း စိတ်ဆိုးသွားတာနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ အနမ်းကို မလိမ်ခဲ့ပါဘူး၊ ငါ သူ့ကို တကယ်ချစ်ခဲ့တာပါ"

ကျွန်တော့်ရင်ထွက်အသံတွေသည် အငါရောင်သစ်ရွက်တွေလို လေမှာဝဲနေပေမည်။ ဆင်ကန်းတောတိုး အလွမ်းမျိုးနဲ့ ငါလိုက်ရှာနေမိတယ်။ ငါ့နံရိုးပြေးကလေးရေ. . .။

"အနမ်း တကယ်စိတ်ဆိုးသွားတာပဲ ရွှေပြည်စိုး၊ နင်က မြင်းလှည်းမောင်းပြီး ကျောင်းတက်ရသူ ဆိုကတည်းက သူ နင့်ကို သနားပြီး. . ."

ကျွန်တော့်ရင်တွေ ဆူဆူဝေလာသည်။ အနမ်းရယ်. . . ငါ့ကို ပင်လယ်ရဲ့ အလယ်ကောင်တည့်တည့်မှာ ပစ်ချခဲ့သလိုပါပဲ။ ကျွန်တော် မြင်းလှည်းဆီ ပြေးထွက်ခဲ့သည်။ မြင်းက အစာစားနေဆဲ. . .။ ကျွန်တော့်မျက်လုံးထဲမှာ သူမ၏ခံစားမှုတွေ ထစ်ချုန်းနေ၏။ ကျွန်တော် ရင်ခုန်စွာနဲ့ မြင်းပေါ် ခုန်တက်လိုက်မိသည်။ မြင်းသည် လှည်းမပါဘဲ အခွံသက်သက် ပြေးလွှားဖို့ စိတ်မဝင်စားတော့ဘူးလား။ ကျွန်တော် မြင်းကို တစ်ချက်ရိုက်လိုက်သည်။ သွေးရူးသွေးတန်း ပြေးလွှားနေတာ ငါ့ခံစားမှုတွေပါ။

ကျွန်တော် မြင်းကို ဒုန်းစိုင်းခဲ့သည်။ ခံစားမှုတွေကို ဒုန်းစိုင်းခဲ့သည်။ အိပ်မက်ကို ဒုန်းစိုင်းခဲ့သည်။ ခြံထဲမှာ သူငယ်ချင်းတွေ ဆူဝေစွာ ကျန်ရစ်ခဲ့၏။ ကျွန်တော် ဘာဆိုဘာမှ မတတ်နိုင်တော့ပါ။ ဒီအချိန်ဆို လိုင်းကားတွေ သိပ်မရှိတော့ပါ။ တစ်နာရီတစ်စင်း



လောက်သာ ဂိတ်က စိတ်မပါစွာ ထွက်ခွာတတ်ကြသည်လေ။ ကျွန်တော် မြင်းညို၏ ပြေးနှုန်းအလျင်ကို မြှင့်တင်လိုက်သည်။

ခွပ်. . . ခွပ်. . . ခွပ်

"ဘော်ကယ်ညိုရေ. . . ပြေးစမ်းကွာ၊ အနမ်းပြန်မယ့်လိုင်းကားကို မီအောင်ပြေးလိုက်စမ်းပါ" (အနမ်းစီးမည့်ကားကို မီခဲ့လျှင် ပြောင်းဖူးတင်းတစ်ရာ ဝယ်ကျွေးမည်။)

❀

ချစ်ခြင်းအတွက် အပေါင်ဆိုင်မှာဝှက်ထားတဲ့ ရင်ခုန်သံတွေ ဘယ်သူရွေးပေးမလဲ။

ကျွန်တော့်မျက်လုံးတွေ ပြာလဲ့မှုန်သွဲ့သွားသည်။ ကားဂိတ်မှာ ဗန္ဒုလကြီး မရှိတော့။ ကျွန်တော် မြင်းကို တစ်ချက်ရိုက်လိုက်ရပြန်သည်။ ခွင့်လွှတ်ပါ ညိုရယ်။ လိုင်းကားတွေသည် 'မြို့လယ်ရှိ ဆန်းဖလားဝါး ကဖီးရှေ့မှာ ငါးမိနစ်ရပ်တတ်သည်။ ကျွန်တော် မျှော်လင့်ချက်ကို ဒုန်းစိုင်းလိုက်ခဲ့ပါသည်။ ငါ့ရင်ဘတ်ကို ငဲ့ညှာသောအားဖြင့် ပြေးလိုက်စမ်းပါကွယ်။ ခွပ်. . . ခွပ်. . . ခွပ်. . . (မြင်းခွာသံများ) ဒုတ်. . . ဒုတ်. . . ဒုတ်. . . (ဝါ) ဒိတ်. . . ဒိတ်. . . ဒိတ်. . . (ရင်ခုန်သံများများ)

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်တဲ့။ အဲဒီလို ဗိုလ်အောင်ကျော်က ကြွေးကြော်ခဲ့ဖူးတယ် အချစ်ရေ . . . ။

ကျွန်တော့်မြင်းညိုကြီး ခွာသံပြင်းပြင်းနဲ့ ပြေးနေရှာသည်။ လမ်းမကြီးကလည်း ပြေးနေသည်။ လူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ၊ လက်ဖက်ရည်ဆိုင်တွေလည်း ပြေးနေသည်။ ကျွန်တော့် ရင်ခုန်သံတွေလည်း အချစ်ရှိရာအရပ် (သိင်္ဂီရတောနက်)ကို ပြေးနေသည်။ ငါ့ရင်ထဲက ထွက်ပြေးသူရေ. . . ကမ္ဘာကြီးက ကျဉ်းသလို အပြင်းစားရင်ခုန်သံတွေရဲ့ ပြေးလွှားမှုကလည်း သိပ်သည်းစွာ လျှင်မြန်လွန်းပါရဲ့။ ကြည့်. . . ။ ကံကြမ္မာက 'ရှိ'နေပြီ။

ကျွန်တော် ဆန်းဖလားဝါး ကဖေးဆိုင်အရောက်မှာ လိုင်းကားက စတင်ထွက်ခွာလေသည်။ သွားပြီ။ ရင်ခုန်သံတွေ (ဝူးခနဲ) ရပ်တန့်သွားသလို (ဝုန်းခနဲ) စီးဆင်းသွားလေ၏။

"ဟိုး . . . ကားဆရာ . . . ကားဆရာ . . . ရပ်ပါဦး"

ကျွန်တော့်မြင်းက ပြေးနေသည်။ ကျွန်တော့်အော်သံတွေသည် လိုင်းကား၏ပြေးလွှားမှုကို ဖြတ်ကျော်နေသည်။

"ကားဆရာ . . . ရပ်ပါဦး"

"ဘာလဲ"

ကျွန်တော့်မြင်းသည် ကားနှင့် လက်တစ်ကမ်းအကွာအထိ ရောက်နေပါပြီ။ ကားစပယ်ယာက အံ့ဩစွာဖြင့် လက်ခေါက်မှုတ်



လိုက်တော့၏။ ကျွိ . . . ဟူသော အလျားတစ်ပေလောက်အသံသည် ကားဘီးအောက် ရောက်သွားလေ၏။

"ဟာ . . . ဗိုလ်အောင်ဒင်ကြီး . . . ဘာလဲ"

"အနမ်း . . . အနမ်း"

ကျွန်တော် ကားထဲကို မြင်ကွင်းငုံ့လိုက်သည်။ ကြည့်စမ်း . . ။ အနမ်းသည် ကျွန်တော့်ကို ထူးဆန်းသော သတ္တဝါတစ်ကောင်လို မျက်ဝန်းကြောင်ကြောင်တွေနဲ့ ဖဲ့ကြည့်နေရှာသည်။ မမျှော်လင့်ဘဲ ကားရပ်သွားသဖြင့် ကားပေါ်က ခရီးသည်တွေ ကျပ်ကျပ်သိပ်သိပ် ခံစားမှု ဖောင်းပွကုန်သည်။ ပွစိ . . . ပွစိ။ ကားဒရိုင်ဘာသည် ဟွန်းသံကျယ်လောင်စွာဖြင့် ကားစပယ်ယာ၏ နားရွက်ကို လှမ်းဆွဲနေသည်။ ဘာပြောကောင်းမလဲ . . . ။ ကားစပယ်ယာက နှုတ်ခမ်းကို (၂) လက်မ ပိုထော်ပြီး ကျွန်တော့်ကို အော်လေ၏။

"ဘာလဲ . . . ဘယ်လဲ . . . မိတ္ထီလာ . . . GTI . . . "

"အဲ . . ဟို . . . အနမ်း . . . ငါ့ရှင်းပြပါရစေ၊ ကားဆရာ ခဏလေးနော်"

ကျွန်တော့်အသံသည် ကြံကြိတ်ဖတ်တွေလို ခြောက်ခြောက်သွေ့သွေ့ . . . ။ ဖြူဖပ်ဖြူရော် . . . ။ ဘယ်တတ်နိုင်မှာလဲလေ။ ခရီးသည်တွေ၏ ခရီးသွားမျက်စောင်းတွေ ကျွန်တော့်ဆီ ရောက်လာကြသည်။ ထိုမျက်စောင်းများ၏ အင်အားမှာ ကျွန်တော် မြင်းပေါ်က လွင့်ထွက်သွားမတတ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အနမ်း ငါ ရှင်းပြပါရစေဟာ. . . ငါ နင့်ကို မညာပါဘူး"

ကျွန်တော် မျှော်လင့်ခဲ့သည့် အတိုင်းပါပဲ။ ကားပေါ်က ရယ်သံတွေ၊ လှောင်သံတွေ၊ ဒေါသသံတွေ၊ မလိုတမာ-လိုသကာသံတွေ၊ သက်ပြင်းချသံတွေ ဆူဝေသွား၏။ ပွစိ. . . ပွစိ။

"ဟေ့လူ. . . ခင်ဗျားနောက်နေတာလား၊ ဒါ စီးပွားရှာနေတာနော်"

ကားစပယ်ယာက ကားပေါ်ကခုန်ဆင်း၍ ပြောသည်။ သူက ပုဆိုးကို ပြင်ဝတ်နေသည်။ ကျွန်တော် မြင်းဇက်ကြိုးကို တင်းတင်းဆုပ်ထားပါသည်။

"မဟုတ်ဘူး၊ ဘာသဘောနဲ့မှ မဟုတ်ပါဘူး၊ ကျွန်တော့်ကောင်မလေး အထင်လွဲသွားလို့၊ အဲဒါ ကျွန်တော် လိုက်ရှင်းပြတာပါ။ အနမ်း. . . ငါ နင့်ကို မလိမ်ပါဘူး၊ ငါရှင်းပြတာ နားထောင်ပြီးရင် နင့်သဘောပဲဟာ. . .၊ ခြံမှာ သူငယ်ချင်းတွေလည်း စိတ်မကောင်းဖြစ်နေကြတာ. . ."

ကားဒရိုင်ဘာကြီးက အိမ်ကမိန်းမနဲ့ ရန်ဖြစ်လာပုံရသည်။ ဒေါသကြီးနေသည်။ ကားဟွန်းသံတွေက စက်သေနတ်ခလုတ်ဆွဲထားသလို အတွဲလိုက် ထွက်ပေါ်နေသည်။ လမ်းသွားလမ်းလာများနှင့် လမ်းဘေးဈေးဆိုင်များရှိ လူတွေလည်း ကားတစ်စီး၊ မြင်းတစ်ကောင်နှင့် ပြဿနာကို စိတ်ဝင်စားသွားပုံရ၏။ ပလက်ဖောင်းပေါ်မှာ လူတွေ ဝိုင်းအုံလာပါသည်။ ခက်ပြီ။



"ငါ့ကို ဘာမှပြောစရာ မလိုတော့ဘူး၊ ကားစပယ်ယာ မောင်းခိုင်းပါတော့ရှင်"

သူမ၏အသံကလေးက ကားစက်ကို လှုပ်နှိုးနေသည်။ ကျွန်တော့်နေရာကဝင်ပြီး ဘယ်သူများ လွမ်းကြည့်ချင်ပါလဲ။ ရင်ထဲမှာ တွက်ရှင်မတ်(?)တွေ အတွဲလိုက်တပ်ထားပါသည်။

"နေပါဦး၊ အနမ်းရယ် ငါရှင်းပြတာလေ. . . အဲ. . . ကားဆရာ ခဏလေးပါဗျာ၊ ကျွန်တော် ရှင်းပြ. . ."

ကားစပယ်ယာတစ်ယောက် ခေါင်းတွေကုတ်နေရှာသည်။ ခရီးသည်တွေလည်း ဆူပွက်နေသည်။ ကောင်မလေးတစ်ယောက်၊ ရှင်းပြဖို့ကြိုးစားနေသော မျက်နှာငယ်ကလေးနဲ့ ကောင်လေးတစ်ယောက်ကို မျက်စောင်းနဲ့ ဝိုင်းမပေါက်ကြပါနဲ့။

"အနမ်း. . . ဟို. . . အဲ. . မွှေးနေ့. . ဟာ. . . ကားပေါ်က ဆင်းခဲ့ပါ အနမ်းရယ်"

"ရှင့်ကိုယ်ရှင် ကောင်းဘွိုင်ထင်နေသလား၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး၊ ကျွန်မ ရှက်တယ်၊ ရှင်ပြန်တော့. . . ကားဆရာ မောင်းပါ"

အခြေအနေသည် အတော့်ကို ဆိုးရွားနေပါသည်။ စပ်စုတတ်သောလူတွေက ယင်တောင်တွေနှင့် တူနေသည်။ ကားဒရိုင်ဘာက ဟွန်းသံကို အဆက်မပြတ် တီးနေသည်။ ဒီလိုနဲ့ ကားစပယ်ယာက ကားထွက် လက်ခေါက်မှုတ်လိုက်တော့၏။ ကျွန်တော် မြင်းဇက်ကြိုး

www.burmeseclassic.com

www.burmeseclassic.com



ကို တင်းတင်းဆွဲထားရသည်။

"ဆွဲ. . ဆရာ. . ရေ"

"အနမ်း. . . ငါ ရှင်းပြတာလေး. . ."

"ကဲပါဗျာ. . . ခင်ဗျားတို့ဇာတ်လမ်းက မသန်းဆံပင်ထက် ရှုပ်တယ်၊ ခရီးသည်တွေ အားနာပါဦး၊ ဒီကအစ်မ ဆင်းနေခဲ့ပါ၊ ဆွဲ . . . ဆရာရေ. . . ရှုပ်ရှင်ရိုက်နေလို့ဗျို့"

"အို. . . မဆင်းဘူး၊ ရွှေပြည်စိုး ရှင်ဟာ လူလိမ်လူညာပဲ၊ ကားဆရာ မောင်းပါတော့ရှင်"

"ဒီမှာအနမ်း. . . ငါ နင့်ကို ဘာတွေလိမ်ညာခဲ့လို့လဲ၊ တစ်နေ့ (၂၀၀)ဟာ. . . ငါ မြင်းလှည်းသမား မိဘမဲ့. . . ငါ မညာခဲ့ပါဘူး မင်းကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ. . ."

အဲဒီအချိန်မှာ ကားပေါ်က ကိုလူပျော်တွေရဲ့ "ဟုတ်တယ် တို့တစ်ကားလုံးသိတယ်၊ ညီမလေး ဆင်းပြီး ရှင်းပြတာကို နားထောင်လိုက်ပါ" ဟူသောအသံတွေ ထွက်လာပါသည်။ ကျေးဇူးပါပဲ ကိုယ့်ဆရာတို့။ လမ်းပေါ်က အံ့ကြည့်နေသူတွေကလည်း "တို့လည်းသိတယ်ဟေ့. . ."ဟု ဝိုင်းအော်ကြလေသည်။

နောက်ဆုံးတော့ ကားပေါ်က သူမ ဆင်းလာခဲ့ရပါသည်။ ကျွန်တော်လည်း မြင်းပေါ်က (လွှားခနဲ) ခုန်ချလိုက်မိသည်။

"အနမ်း. . . ငါ. . ."

"ရှင်. . . ပါးစပ်ပိတ်ထား၊ ဒါ ရှုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး၊ ရှက်စရာကြီး"



"အနမ်းရယ်. . . ငါ. . ."

"တော်ပြီ၊ ကျွန်မ ရှင့်ကို မယုံတော့ဘူး။ ရှင်ဟာ ကိုယ့်မိဘတွေတောင် ဆုံးပြီလို့ ညာခဲ့တဲ့လူပဲ"

ပွဲကြည့်ပရိသတ်ကြီးလည်း အချစ်ပြဿနာမို့ အားနာစွာဖြင့် လူစုခွဲသွားကြလေသည်။ ကားပေါ်မှာတော့ မြင်းစီးလာသော အချစ်ဇာတ်လမ်းတစ်ပုဒ် ပါသွားပေမည်။ သူမမျက်နှာမှာ ရှက်ရွံ့မှုတွေ သိပ်သည်းနေ၏။ ကျွန်တော်ကတော့ မရှက်တော့ပါ။ တစ်ခါတလေတော့ ချောင်းဆိုးခြင်း၊ လေလည်ခြင်း၊ ချစ်ခြင်းနှင့် အူယားခြင်းတို့သည် အောင့်အည်းမျိုသိပ်ရန် မည်မျှခက်ခဲကြောင်း ခံစားတတ်သူတိုင်း သိရှိနားလည်ကြပေမည်။

"အနမ်း. . . အဲဒါ ငါ့ဦးလေး လင်မယားကိုပြောတာ၊ သူတို့လင်မယားက ကျွန်တော့်ကို မွေးစားချင်နေကြတာလေ၊ ထိခိုက်ပြီး ဘယ်တော့မှ ကျွန်တော် လိမ်ညာမှာမဟုတ်ပါဘူး အနမ်းရယ်"

သူမ ဇဝေဇဝါပန်းကလေး ပန်ထားသည်။ (ဇီဇဝါပန်း၊ စကားဝါပန်း မဟုတ်ပါ။) ပြီးတော့ သူမဆီက မျက်စောင်းပျော့ပျော့ပျောင်းပျောင်းကလေး ပြေးလာလေ၏။

"အို. . . ရှင် တကယ်ပြောတာလား"

"ဘုရားမှာ သစ္စာဆိုရဲပါတယ်"

"နေပါဦးရှင်၊ မြင်းကြီးနဲ့ ရှက်စရာကြီး၊ ဘာလို့ မြင်းကြီးစီး

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာလဲ"

"ချစ်လို့၊ ကျွန်တော့်မှာ အနမ်း စိတ်ဆိုးသွားပြီဆိုတာ သိလိုက်တော့ ကမ္ဘာပျက်သွားသလားပဲ၊ မြင်းလှည်းကောက်နေချိန် ဘယ်ရတော့မှာလဲ၊ လိုင်းကားမီအောင် မြင်းကို ဒုန်းစိုင်းခဲ့ရတာပဲ"

"ဟွန်း . . . အရှက်ကိုမရှိဘူး"

သူမ ကျွန်တော့်ကိုကြည့်ပြီး ရယ်နေလေသည်။ ကျွန်တော် ဘာဖြစ်နေလို့လဲ။ ဟင့်အင်း . . .။ ကျွန်တော် စတစ်ကော်လံ ရှပ်အင်္ကျီအဖြူ ဝတ်ထားသည်။ ကချင်လုံချည် အပြာရင့်ရောင် အကွက်စိပ်ကလေး ဝတ်ထားသည်။ ဒါပဲ။ မြင်းတစ်ကောင်ကိုဆွဲပြီး လှသောကောင်မလေးနှင့် လမ်းလျှောက်နေခြင်းဟာ လူ့အဖွဲ့အစည်းအတွက် ရယ်မောစရာ ဖြစ်ပါသလား။

"ဟယ် . . . ရှင် . . . ရှင် . . ဖိနပ်"

"ဟာ . . . ဟုတ်ပါရဲ့"

ကျွန်တော့်ခြေထောက်မှာ ဖိနပ်မပါခဲ့ပေ။ အရေးတကြီး မြင်းပေါ်ခုန်တက်၍ မောင်းထွက်လာခဲ့သဖြင့် ကျွန်တော့်ခြေထောက်မှာ ဖိနပ်မပါလာခြင်းကို မသိရိုးအမှန်ပါ ခင်ဗျာ။ ကျွန်တော် မညာပါဘူး။

"ရွှေပြည်စိုး ရှင် မရှက်ဘူးလား၊ လူတွေဝိုင်းကြည့်ပြီး ရယ်နေကြတာ၊ ကျွန်မ ရှင်နဲ့အတူ လမ်းမလျှောက်ရဲတော့ဘူး၊ ရှက်စရာကြီး"



"ဘာဖြစ်လဲ"

"ကျွန်မ ရှက်တယ်၊ ရှင် မြင်းနဲ့ပြန်တော့၊ ကျွန်မတစ်ယောက်တည်း လျှောက်ခဲ့မယ်"

"မပြန်ဘူး၊ အတူတူပြန်မယ်"

"ကျွန်မရှက်တယ်လို့၊ ဖိနပ်မပါတဲ့လူနဲ့ လမ်းမလျှောက်ရဲပါဘူး"

"ကျွန်တော်က ချစ်နေတော့ မရှက်တော့ဘူး"

"ရှင်နော် . . ."

"ကျွန်တော့်ကို ချစ်တယ်လို့အဖြေပေးရင် ကျွန်တော်သွားနှင့်မယ်"

နိုင်ငံခြားရုပ်ရှင်ဇာတ်ကားအဖြစ် ဝိုင်းကြည့်ပြီး ရယ်နေကြသော လူတွေကို အထူးကျေးဇူးတင်မိပါသည်။

"ကျွန်မ ရှက်တယ်"

"ကျွန်တော် ချစ်တယ်"

"ရှက်တယ် . . . ရှက်တယ်"

"ချစ်တယ် . . . ချစ်တယ်"

"ရှက်တယ် . . . ချစ်တယ် . . . အဲ . . . ရှက်တယ်"

"ဟေး . . . ငါကွ၊ အနမ်းက ချစ်တယ်တဲ့ဟ . . ."

ကျွန်တော် ပျော်ရွှင်သွားပါသည်။ မြေပထဝီနှင့် တစ်တောင်ကွာသွားအောင် ခုန်လိုက်မိ၏။ အချစ်သည် ကျွန်တော့်ရင်ကို အား

www.burmeseclassic.com

www.burmeseclassic.com



အင်တွေ၊ ဟိုက်ဒရိုဂျင်တွေ အပြည့်အသိပ် ထိုးထည့်လိုက်ပုံရ၏။ လူသည် လန်းဆတ်ပေါ့ပါးနေလေသည်။

"ဟယ်. . . ကျွန်မဖိနပ်. . . ရှင်. . . ရှင်"

"ဟာ. . မတော်တဆ. . . အဲ. . . အချစ်ဖိအား. . . ဟာ ဘာပြောရမှန်း မသိဘူး"

ကျွန်တော် သူမဖိနပ်နောက်မြီးကို တက်နင်းမိလိုက်သဖြင့် သူမ၏ဖိနပ်သည်းကြိုး ပိုးချည်နန်းမျှင်ကလေး ပြတ်တောက်သွားလေ၏။ သည်တစ်ခါတော့ ကျွန်တော် ချစ်မြတ်နိုးစွာ သူမ၏ဖိနပ်ကလေးကို တမင်နင်းလိုက်ခြင်း ဖြစ်ပါသည်။ ဖိနပ်သည်းကြိုးကလေးကိုက လှပစွာ ပြတ်လွယ်လွန်းနေပါသည်။

အေးတစ်ဝက်. . . နွေးတစ်ဝက်. . . နဲ့

အိပ်မက်ရှိရာအရပ်ဆီ. . . ငါတို့ အဝေးကြီး လှမ်းလျှောက်ရဦးမှာပါလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ချစ်သူနှစ်ယောက်မှာ သည်းကြိုးပြတ်ဖိနပ်ကလေးကို ပျော်ရွှင်စွာ ငေးမောနေမိပါသည်။ အတန်ကြာမှ ကျွန်တော်တို့ ချစ်မြတ်နိုးစွာ ရယ်မောလိုက်ကြပါသည်။

နီရင်ချင်း

www.burmeseclassic.com